# MYANMAR LABOUR DIGEST

VOL 6 , NO 20
JULY-SEPTEMBER 2016



လူငယ်နဲ့
အောင်မြင်ရေး
နည်းလမ်းများ
မောင်မင်း

ဥပဒေထဲက
သူတို့ဘဝ
ဆိုက်ဆိုအောင် (အလုပ်သမား)

ခေါင်းဆောင်များအတွက်
မိမိကိုယ်မိမိ စီမံခန့်ခွဲမှု
ဝင်းနိုင်ထွန်း

မာန်လျော့ချိန်
မိုးပန်းမွှန် (ရာမည)

ပြည်သူ့အတွက်
ပထမ ရက် ၁၀၀
အောင်သီဟ (လူမှုဖူလုံရေး)

# Myanmar
# LabourDigest

VOL: (6), NO(20) July-September 2016

ပုံနှိပ်မှတ်တမ်း

**အယ်ဒီတာချုပ်**

ချိုသူဇာအောင်

**တာဝန်ခံအယ်ဒီတာ**

ဦးအေးသိန်း

**ဒီဇိုင်း**

ထွန်းထွန်းလင်း

**ကြော်ငြာတာဝန်ခံ**

ဦးအေးသိန်း

**ထုတ်ဝေသူ**

ဦးထွန်းသိန်း (မြဲ - ၀၀၈၆၁)

**တန်ဖိုး**

၂၀၀၀ ကျပ်

**မဂ္ဂဇင်းတိုက် တည်နေရာ**

အမှတ် (၁၂၅ / ၁၆၇)၊

မဟာဗန္ဓုလပန်းခြံလမ်း (အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**မျက်နှာဖုံး**

**မော်ဒယ် - စိုးမြည့်သဇင်**

**ဓာတ်ပုံ- ခင်မောင်လတ် (Silver Image)**

**မျက်နှာဖုံးဒီဇိုင်း -ထွန်းထွန်းလင်း**

# Myanmar Labour Digest

VOL: (6), NO (20), JULY- SEPTEMBER 2016

ကဗျာ ၄
အာကာကိုကို၊ နိုင်မျိုး၊ ရည်မွန်သင်း၊
တင်အောင်မျိုး၊ တပ်ဦးလ၊
ချမ်းငြိမ်းမေ၊ လဝန်းချိုချို

ကာတွန်း ၁၃
စိုးစံဝင်း၊ စိုးသော်တာ၊
ကိုရွှေထူး (မြည်)

**အလုပ်သမားရေးရာအသေးအဖွဲ**
ဖြေချင်လွန်းလို့ပါ ဦးရွှေလုံ ၃၁

**အလုပ်သမားရေးရာ ဆောင်းပါး**
အလုပ်ရှိ အတ်ဥပဒေအရ
အလုပ်လုပ်ချိန်ဆိုင်ရာ ပြဌာန်းချက်များ ဦးအောင်သန်း ၄၂
ဥပဒေနှင့်အညီ ထွန် ၄၇
ပြည်သူ့အတွက် ရက် ၁၀၀ အောင်သီဟ(လူမှုဖူလုံရေး) ၅၂
ဥပဒေထဲက သူတို့ဘဝ ကိုကိုအောင်(အလုပ်သမား) ၆၈
လူမှုဖူလုံရေးအကြောင်းတစေ့တစောင်း အောင်သိန်း(ဥပဒေ) ၉၃
အလေးထားဖြေရှင်းရမယ့် သွေး (ဆံကိုင်း) ၁၂၀
ကလေးလုပ်သား

# Myanmar Labour Digest

VOL: (6), NO (20), JULY - SEPTEMBER 2013

## ဆောင်းပါး


| | | |
|---|---|---|
| ရောင်းလိုအားနှင့်ဝယ်လိုအား | ထင်နိုင်ထွန်း | ၃၅ |
| ခေါင်းဆောင်များအတွက် မိမိကိုယ်မိမိ စီမံခန့်ခွဲမှု | [illegible] | [illegible] |
| လူငယ်နဲ့ အောင်မြင်ရေးနည်းလမ်းများ | ဆောင်မင်းနိုး | ၁၀၅ |
| ပညာမြစ်များ၏ စိတ်ကူးစံများ | မင်းအင် | ၁၂၄ |


## Cover Story


| | | |
|---|---|---|
| တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေး အချစ်ရေးနှင့်စိုးပြည့်သဇင် | သောမှန် | ၁၀၀ |


## ရသဝတ္ထုတို


| | | |
|---|---|---|
| မာန်လျှော့ချိန် | နိုးမြမှန် (ရာမည) | ၅၈ |
| တောင်တန်းတွေနဲ့ကမ္ဘာ | နီလိုင်း | ၈၆ |
| လှစ်ဟပြထားတဲ့ အချစ်ကြော်ငြာ | ကောင်းဆင်သ (စီးပွားရေးတက္ကသိုလ်) | ၁၁၀ |
| အလိုချင်ဆုံးဆုလာဘ် | အာကာကိုကို | ၁၃၂ |

# လက်ချည်းသာမို့

- တို့ငယ်ငယ်က
  အမေခဏခဏပြောဖူးတယ်
  ညမှာထမင်းတွေ သိပ်မစားနဲ့ - တဲ့
  အစာမကြေတဲ့အခါ ဂယောင်ချောက်ခြား
  အိပ်မက်များ နှင့် လုံးထွေးလို့နေ
  ထမင်းလုံးတစ္ဆေ ခြောက်လေမတဲ့။


- မှတ်မှတ်ရရ ထိုတစ်ည၊
  အိပ်မက်ထဲမှာ
  ဝိန်ဝိန်ပါးပါး ငါ က များ
  အဆီတွေရစ်၊ ခန္ဓာကြီးဖြစ်လို့
  တပည့်တပန်းတွေ၊ အသိုင်းအဝိုင်းတွေနဲ့
  ပျော်စရာကမ္ဘာထဲ၊ လျှောက်လှမ်းလို့နေဆဲပေါ့။

- ငါဆိုတဲ့ ခန္ဓာ
  တရင်းမရှိ အင်းမရှိအချမ်းသာဆုံးဆိုတဲ့ ငါ
  အလှူဒါနအလှူ မဲကြီးဖြတ်ပွဲငါဆင်နွှဲ
  သတင်းစာထဲမှာ၊ စာလုံးမဲကြီးတွေနဲ့
  ဘွဲ့ထူးဂုဏ်ထူးတွေ အပ်နှင်းခံရတာလဲငါပဲ
  ဘယ်ဘက်အိတ်ထဲမှာ အသပြာ၊ ညာဘက်အိတ်ထဲမှာအာဏာတွေနဲ့
  ငါနဲ့အပြိုင်၊ နိုင်ရှိန်လား၊ ဆိုစကားမျိုး

- အော်- အဝိဇ္ဇာဆိုတဲ့ အမှောင်တွေဖုံး
အကျိုးအကြောင်း၊ အဆိုးအကောင်းမသိနိုင်တော့တဲ့ အချိန်တွေနဲ့ကြာ
သံသရာတစ်ကြော၊ မှောလို့မှ မဆုံးခင်
ကာလဝိဘတ်၊ နောက်ပိုးတက်ပေါ့
အတိတ်တချို့ ခြောက်လှန့်နေမှို့
တစ်တီတူးလို၊ မိုးပြို့မှာစိုး
ပုန်းလျှိုးစရာ၊ ငါ့မှာမြေမရှိ
ဘဝဆိုတာ တကယ်တော့
နတ္ထိပါပဲလို့ သိလိုက်ရတဲ့အနိုက်။

- အိပ်ရာတ ဖြုန်းကနဲလန့်အနိုး
တစ်ကိုယ်လုံးချွေးတွေနဲ့
ရေပက်ထားသလိုပါပဲလား
ငါ့ကိုယ်ငါစမ်းအကြည့်
တကယ်ပဲလား ငါ
အိပ်မက်ပဲလား ငါ
စိတ်ထဲမှာ ကောက်ချက်တွေရေ
အတွေးမှ မဆုံးခင်
အိမ်မြှောင်တစ်ကောင် လက်ပေါ်အကျ
လန့်လိုက်ရတဲ့အဖြစ်
နင်သေပေရော့ အိမ်မြှောင်
ကြောက်လန့်နေတဲ့ ငါ့ကိုထပ်ပြီးခြောက်လှန့်နေရော့လား
လက်အစုံနဲ့ ထုမယ်အကြံ
ကိုအိမ်မြှောင် စပ်ဖြဲဖြဲတန်ပန်နဲ့
ငါ့ကို နှုတ်လှန်ထိုး၊ လူဆိုတာသေမျိုး - တဲ့
သင့်ခန္ဓာချုပ်ငြိမ်း၊ ဇာတ်သိမ်းတဲ့အခါ
ဘာမှမပါ လက်ချည်းသာမို့
အမတ်ပေါ်ဦး၊ သေသည့်ထုံး နှလုံးမူရင်း
ဖြစ်ရာသင့်လက်အစုံကို
လုံခြုံအောင်ထိန်းသိမ်းထားဖို့ရန်
တောင်းပန်ပါ၏။ ။

အာကာကိုကို



## [illegible]

လက်မှုကိုဆန့်တန်းလိုက်တော့
ဒီးတုန်းဟုန်းတောက်ခဲ့ဖူးတဲ့
အနံ့ကိုရတယ်

အလုပ်သမားများ-
အလုပ်ရှင်များ
ခွင့်တူညီမှု'ဝါဒဖြစ်တဲ့မြေ'
သီချင်းမှာ
မြစ်ရွာစီးဆင်းခဲ့ကြပြီလား

လွင့်နေတဲ့အလံတစ်ခုရဲ့
ပုလောင်မှုဟာ
နစ်ထောင့်တဆယ့်ခြောက်
မိုးစက်အရှိုအောက်မှာ
လွင့်လို ---။

နိုင်မိုး



## နေညိုချိန်စစ်တမ်း

ငြိမ်းစက်ရာ လမ်းပြောင်းဖို့
အငွေ့ပျံလွယ်တဲ့ အသက်ဆက်သံကိုစစ်
ကိုယ့်ဝန်ပေါ် ပိုနေတဲ့ အပိုတွေက
လမ်းကို မပြောင်းတန်းစေဘူး
အပိုကို အလိုနဲ့ လဲဖို့ တွန်းဆုတ်မနေနဲ့
တစ်ကိုယ်စာအတွက် တစ်ကိုယ်စာကို စွန့်မှ
နေညိုအလင်းက
ပွင့်မှာ . . . ။ ။

ရည်မွန်သင်း



**လူမသိ သူမသိ အခြွေခံရဖို့ မိုက်တွင်းနက်နေတဲ့ စိတ်ကူးလေးကိုပဲ အငွေ့တထောင်းထောင်းထွက်အောင် ဖွာနေမိတယ်**

- ငုံကြည့်နေတဲ့ ကောင်းကင်ကြီးကိုယ်တိုင်
  သူစိမ်းဆန်ရတဲ့အထဲ
  အသိမွဲမွဲတွေ တမိုးလုံးညှိချင်မှတော့
  ဖောက်လက်စ ခေါင်းမာမူလေးကိုပဲ
  ဘယ်ခွက်နဲ့ ပြောင်းပြီး ထည့်သောက် ထည့်သောက်
  ခပ်ပြင်းပြင်းအရသာက မပျောက်နိုင်ခဲ့ဘူး ။

- မာတိကာကစပြီး နိဂုံးအထိ
  နေ့သားခဲ့တဲ့ဘာသာစကားကို မသိရလေတော့
  ပျော်ရွှင်မှုဆိုတာ
  အခုထိ ဖတ်မရသေးတဲ့ စာအုပ်ပါ
  နောင်တတွေ ညွတ်ကျအောင် သီးပွင့်နေတဲ့အကိုင်းလို
  ဒီတစ်ပင်လုံးမှာ အချိန်မရွေးကျိုးပဲ့လွယ်တဲ့
  အစိတ်အပိုင်း ဖြစ်လာရတယ်
  ထပ်မထည့်ပါနဲ့ တော့ဗျာ
  အလွှဲဆိုတာမျိုးက တစ်လုပ်တစ်ဆုပ်စားရလည်း
  တစ်ဘဝစာ လုံလောက်ပါတယ်
  ဖျက်ဖို့ မလွယ်တဲ့ အမာရွတ်လိုမျိုး
  ကစဉ့်ကလျားအိပ်မက်တွေ သဲသဲကွဲကွဲနေမမြင့်ခင်
  အသစ်စက်စက်ဒဏ်ရာတွေကသာ
  သွက်သွက်ခါအောင် အရှုးရင့်ချင်နေခဲ့တယ် ။

- အဆင်မပြေမှုဆိုတာကလည်း
  အသံခပ်ကျယ်ကျယ်ထွက်ပြီး
  ဖတ်ပြလို့ ကောင်းတဲ့အရာ မဟုတ်လေတော့
  ရစ်ဘီးထဲပြန်ဝင်လာတဲ့ နာကျင်မှုတွေကိုပဲ
  အသာကျော့သပ်ပြီး ချော့မြူနှစ်သိမ့်ပေးခဲ့ရ
  သူ့အလိုလိုကြွေကျနေတဲ့ နေ့ရက်တွေထဲမှာ
  မျှော်လင့်ချက်တစ်ဆုပ်တစ်ခဲကို လရောင်ထဲထည့်ပြီး
  လွတ်လွတ်ကျွတ်ကျွတ် ဖြာကျနေချင်သမျှ
  ကိုယ့်အဆိပ်က ကိုယ့်ကိုပြန်ပြီးထိရှသမို့ ဖြေရခက်ခဲ့တယ် ။ ။

**တင်အောင်မိုး**



## လွှတ်ခဲ့ရေကြည်

ရေကြည်မှာ ရေကြည်တစ်ပေါက်
ထသောက်ရသလို
မြို့မြင်လိုက်တာနဲ့
ရင်ထဲ
အေးခနဲ။

ကိုအောင်ဝေ၊ ကိုအလင်းခ
ကိုတင်အောင်မျိုး၊ ကိုကျော်ထူး၊

ဘယ့်နှယ့်ဗျာ
ဘာမပြော ညာမပြောနဲ့
လူပုံအလယ်မှာ
အနမ်းတွေ တဗိုင်းဗိုင်းပွင့်နေပုံ
လွှတ်ခနဲ။

တင်ဦးလ



# ပြကွက်


အချိန်က ညနေခင်း
တောင်ပေါ်ရဲ့ ထိပ်ဆုံးကစေတီလေးတစ်ဆူ
ဘယ်လိုမှန်းပြောပြလို့မတတ်ဘဲ
တိုက်ခတ်လာတဲ့လေတွေ ဆံပင်လေးတွေလွင့်နေတယ်။
ချိတ်ဆွဲထားတဲ့ခေါင်းလောင်းသေးသေးလေးတွေ
အသံမြည်နေတယ်။
မဖြောင့်တန်းပေမယ့် စီစီရီရီတက်လာတဲ့
လှေကားထစ်လေးတွေက
ခြေဖိုးလေးတစ်စုံအောက်မှာငြိမ်လို့
ဆုတောင်းလေးတစ်ခု။

ဆည်းလည်းသံတွေ ပျောက်နေတဲ့ သံသရာကြီးဟာ
အခုထိငြိမ်လို့။

ညှိသည်။ ။

ချမ်းငြိမ်းမွန်

# ပင်ကွင်းလေး . . . ငါ



- ရှောင်လင့်ခြင်း မိုးသားအောက်က
  အသက်ရှူသံ ခပ်မြင်းမြင်းတစ်ချက်
  အေးခဲမှုကို ကြုံကြုံ ခံရင်း
  နေအပူဝေသာတဲ့ကိုတော့
  အဖျင်းခြေ ဘဝတားရင်းနဲ့
  အသားနတ္ထိဘဝမှာ
  ရေခဲမှိုက်ပြည့်စုံခြင်းတွေကို
  နာကျင်မှု အခန်းကျဉ်းထဲမှာ
  သိုဝှက်ထားခဲ့ပြီ။

- နေသားတကျနဲ့ တည်ငြိမ်မှုအောက်
  မပတ်နှံ့တိုင်းတက်တဲ့ စည်းမျဉ်းတွေကြား
  အချိန်ဆိုတာ ရှားမှရှားမို့
  အလကားနေတဲ့ပေကိုတောင်
  ခက်ခက်ခဲခဲ ရှုရှိုက်ရင်းနဲ့
  အမြင့်ကို အရောက်လှမ်းနိုင်ဖို့
  ဘဝဆိုတဲ့ ပေသာတထဲကို
  ခြေတစ်လှမ်း စလို့ချခဲ့ပြီ။

- တူးခတ်ရာ ဘဝပင်လယ်ထဲ
  အတောင်ရှိပြီး မပျံနိုင်တဲ့
  ပင်ကွင်းလေးဖြစ်ပေမယ့်
  ငါ့ဖမ်းခြင်းနဲ့ ရောက်ခြင်းကိုတော့
  တဖက်ကမ်းခတ်အောင်
  သင်ယူပြီးချိန်မှာ
  မှုရှီတောင်က ချယ်ရီနေတွေ
  ထိုင်ငိုနေရလိမ့်မယ်လေ . . .

လဝန်းချိုချို


'အလုပ်ဟူသမျှ ဂုဏ်ရှိ၏' လို့ ဆိုထားရက်နဲ့.. မင်းကအလုပ်ရွေး များတာကိုးကွ..


အရင်တုန်းက
ကိုယ့်အစိုးရ လုပ်လာပြီး
အခုမှပဲ...


တင်ပါနားနိုး..တင်ပါ၊ မုဆိုးနားနိုး မုဆိုး၊ ဘဝနဲ့ကျင်လည်ခဲ့ရာက သူတော်ကောင်းနားနိုးသွားတဲ့ အချိန်ရောက်တော့မှပဲ...
သူတော်ကောင်းဖြစ် သွားရောလား....
သူတော်ကောင်းယောင် ဆောင်တတ်သွားတာပေါ့ ဟိ...

Labour Digest
CARTOON





မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ မဟာချိုင်ရှိ တလေထိုင်း ငါး ပုစွန်ဈေးခန်းမတွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သော (၁၀၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဂျာမနီနိုင်ငံ၊ အလုပ်သမားနှင့် လူမှုရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Ms. Yasmin Fahimi နှင့် အဖွဲ့အား နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံစဉ်





အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် (၁၉. ၆. ၂၀၁၆) ရက်နေ့ နံနက် (၈း၃၀) နာရီအချိန် Myanmar Even Park ၌ကျင်းပသော အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်





# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ ခရီးစဉ်အတွင်း မြန်မာရွှေ့ပြောင်း အလုပ်သမားများအရေးဆွေးနွေး

မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဇွန်လ ၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ မဟာချိုင်ရှိ ထလေထိုင်း ငါး ပွဲရုံ ဈေးခန်းမတွင် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ်က ကာယကံရှင်များ၏ အသံကို နားထောင်ပြီး ဘာလုပ်ပေးသင့်သည်၊ ဘာလုပ်ပေးနိုင်သည်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ မိမိတို့နိုင်ငံသူ နိုင်ငံသားများ လုံလုံခြုံခြုံဖြင့် လုပ်ငန်းခွင်အတွင်း အလုပ် လုပ်ရန်ဖြစ်ကြောင်း။ မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံး ထိုင်းနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ ရသင့် ရထိုက်သည့် အခွင့်အရေးများ ရရှိရန် ကြိုးပမ်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity) ရရှိစေရန် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တွင်လည်း နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရန် အစီအစဉ်ရှိကြောင်း၊ ထိုင်းနိုင်ငံသို့ လာရောက်ရခြင်းမှာ နှစ်နိုင်ငံအကြား နားလည်မှုရရှိစေရန်နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရန်ဖြစ်ကြောင်း၊ အလုပ်သမားများအနေဖြင့် ထိုင်းအစိုးရ၏ အလုပ်သမားအခွင့်အရေး ဥပဒေများကို လေးစားလိုက်နာကြရန်နှင့် သိရှိနားလည်အောင်ကြိုးစားကြရန်၊ အချင်းချင်း နိုင်းပင်းကူညီကြရန်၊ တာဝန်သိသူဖြစ်စေရန်နှင့် စည်းစည်းလုံးလုံးနေထိုင်ကြရန် မှာကြားခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်



သည် ဇွန်လ ၂၄ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီးထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်း အလုပ်သမားများကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် ထိုင်းနိုင်ငံတွင်လာရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများကို ထိုင်းနိုင်ငံသားများနှင့်တန်းတူ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရန်နှင့် ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားများအား တရားဝင် အလုပ်လုပ်ကိုင်ခွင့် ရရှိစေလိုကြောင်း၊ ငါးဖမ်းသင်္ဘောများတွင် ရောက်နေသည့်မြန်မာ အလုပ်သမားများ လူကုန်ကူးခံရခြင်း၊ နှိပ်စက်ခံရခြင်းမရှိစေရန်လည်း နယ်မြေခံတာဝန်ရှိပုဂ္ဂိုလ်များက ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပညာရေးအတွက် ဘတ်သန်း၅၀၀၊ ကျန်းမာရေးအတွက် ဘတ်သန်း ၅၀၀၊ အစိုးရက ချမှတ်ပေးထားကြောင်း၊ မြန်မာအလုပ်သမားများသည်လည်း ထိုင်းအလုပ်များကဲ့သို့ တန်းတူအခွင့်အရေးရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံတွင် တရားဝင်လာ ရောက်လုပ်ကိုင်နိုင်ရန် ထိုင်းအစိုးရက အကူအညီပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်သမားများဒုက္ခရောက်သည့်အချိန်တွင် ဆက်သွယ်ရမည့် Hot Line ဖုန်းနံပါတ်များ ပေးသွားမည်ဖြစ်ကြောင်း၊ ဖုန်းများတွင် အသုံးပြုနိုင်သည့် Application များပြုလုပ်၍ ဒုက္ခ ရောက်ချိန်တွင် အကူအညီ တောင်းခံနိုင်ရန် မြန်မာစကား နားလည်သည့် အော်ပရေတာများ ရွေးချယ်ခန့်ထားပေးမည် ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇွန်လ ၂၅ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံး၌ ထိုင်းနိုင်ငံရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားအရေး ကူညီပေးနေသော အဖွဲ့အစည်း ၁၃ ဖွဲ့နှင့်တွေ့ဆုံဆွေးနွေးပြီး ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအပေါ် ခေါင်းပုံမဖြတ်ဘဲ ကူညီဆောင်ရွက်ပေးရန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာနှင့် သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ထိုင်းနိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဇွန်လ ၂၄ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး ဗိုလ်ချုပ်ကြီး စီရီချိုင်းဒစ်စကူနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်



ချက်ခြင်း နားလည်မှုစာချွန်လွှာနှင့် အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက် စာချုပ်တို့ကိုလည်းကောင်း၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းနှင့် နယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လည်းကောင်း နှစ်နိုင်ငံအကြီး အကဲများရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းသဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများအရ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိစ္စကို နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက် နိုင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက် အကျိုးခံစားခွင့်များ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံသဘောတူညီချက်၌ အလုပ်ခန့်ထားခြင်းဆိုင်ရာ သဘောတူစာချုပ်ပါ ကာလနှင့် သတ်မှတ်ချက်များ ပြီးဆုံးသည့် အလုပ်သမားများကို နေရပ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းအစီအစဉ်များ ထိရောက်မှုရှိစေရေး အလုပ်သမားများအား ဥပဒေအရ အကာအကွယ်ပေးမှုများ ရရှိခံစားနိုင်ရေး အလုပ်ခန့်ထားခြင်းအတွက် လက်ခံသည့် နိုင်ငံ၏နယ်မြေအတွင်း ဝင်ရောက်လာသည့်အလုပ်သမားများသည် လူမျိုး၊ ဘာသာ၊ ကျား/မ ခွဲခြားမှုမရှိဘဲ တန်းတူညီမျှမှုအပေါ် အခြေခံ၍ မိမိနိုင်ငံသားများနှင့် တန်းတူအခွင့်အရေး ရရှိစေရေးစသည့်အချက်များပါဝင်ကြောင်း သိရှိရပါသည်။




# (၁၀၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့ တက်ရောက်ခဲ့ခြင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် မေလ (၃၀) ရက်နေ့မှ ဇွန်လ (၁၀) ရက်နေ့အထိ ကျင်းပခဲ့သော (၁၀၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ တက်ရောက်ရန်အတွက် ဂျီနီဗာမြို့သို့ ဇွန်လ (၅) ရက်နေ့တွင် ရောက်ရှိပြီး၊ ဇွန်လ (၇) ရက်နေ့တွင် ညီလာခံစုံညီအစည်းအဝေး၌ မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံကာလအတွင်း အာဆီယံအလုပ်သမား ဝန်ကြီးများ၏ အလုပ်သဘော နံနက်တွေ့ဆုံပွဲတွင်လည်းကောင်း၊ အာရှ- ပစိဖိတ် အလုပ်သမားဝန်ကြီးများ အစည်းအဝေးတွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ ဒေသတွင်းပူးပေါင်း ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေး

ပြောကြားခဲ့သည်။ ပြည်ထောင်စု ဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် Mr.Guy Ryder နှင့်အဖွဲ့အား ဇွန်လ (၆) ရက်နေ့တွင် ကုလသမဂ္ဂရုံးတွင် ယာယီ ဖွင့်လှစ်ထားသည့် ရင်း၏ ရုံး၌ တွေ့ဆုံပြီး၊ မြန်မာနိုင်ငံတွင် အဓမ္မ နိုင်းစေမှု ပပျောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အကူအညီပေးရန်ထားရှိသည့် ဒိုင်အယ်လ်ဂ် ဆက်သွယ်ရေးအရာရှိရုံးအစား၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကူညီ ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံဆိုင်ရာ ဒိုင်အယ်လ်ဂ်ရုံးအဖြစ် ပြောင်းလဲဖွင့်လှစ်ရေးကိစ္စ အပါအဝင် မြန်မာနိုင်ငံနှင့် ဒိုင်အယ်လ်ဂ်တို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့မှ အလုပ်ရှင် ကိုယ်စားလှယ်နှင့် အလုပ်သမား ကိုယ်စားလှယ်တို့လည်း အတူတက်ရောက်ခဲ့ကြပါသည်။ ပြည်ထောင်စု ဝန်ကြီးသည် အမေရိကန် ပြည်ထောင်စု၊ အလုပ်သမား ရေးရာဝန်ကြီးဌာနမှ Associate Deputy Undersecretary ဖြစ်သူ Mr. Eric R.Biel နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာအလုပ်သမားရေးရာဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Sarah Fox နှင့် အဖွဲ့အား ဇွန်လ (၁၀) ရက်နေ့တွင် ကုလသမဂ္ဂရုံး၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ အကြား အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ ညီလာခံနှင့် တွေ့ဆုံပွဲများသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ မြန်မာအမြဲတမ်းကိုယ်စား လှယ်/သံ အမတ်ကြီး ဦးမောင်ဝေလည်း ပါဝင်တက် ရောက်ခဲ့ပါသည်။

ထို့အပြင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာ ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ် အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီပေးရေးကိစ္စများကို ဒိုင်အယ်လ်ဂ်ရုံးမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ဂျာမနီနိုင်ငံ၊ ဥရောပနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်နှင့် လူမှုရေးမူဝါဒဌာန၊ ညွှန်ကြားရေးမှူးချုပ် Ms. Susanne Hoffman တို့နှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ၊ အလုပ်သမား ကိုယ်စားလှယ်နှင့် ယင်း၏ အကြံပေး ပုဂ္ဂိုလ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် ယင်း၏ အကြံပေးပုဂ္ဂိုလ်များ ပါဝင် ပြီး ဇွန်လ (၁၂) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ ခဲ့ကြကြောင်း သတင်းရရှိပါသည်။



# အလုပ်အကိုင်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်အားပေးခြင်း

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် My Job.com မှ ပထမ အကြိမ် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Even Park တွင် (၁၉. ၆. ၂၀၁၆) ရက်နေ့၊ နံနက် (၀၈း၃၀) နာရီအချိန်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၅) ခုမှ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (၇၈) ရုံး ဖွင့်လှစ်လျက် အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ သွားရန်ခက်ခဲ

ပြီး နိုးဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ဒေသများကို လည်း Mobile Team များဖြင့်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ပြည်တွင်းပြည်ပအေဂျင်စီများ ပူးပေါင်း၍ တစ်နေရာထဲတွင် One Stop Service ဖြင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးသည့် အလုပ်အကိုင်အခွင့်အလမ်း Job Fair များကိုလည်း ကျင်းပပြုလုပ် ပေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၅) ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် (၆) ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် (၁) ကြိမ်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် (၁) ကြိမ်၊ စုစုပေါင်း (၂၃) ကြိမ် ကျင်းပပေးခဲ့ပြီး ဖြစ်ကြောင်း၊ ပြည်တွင်း အလုပ်အကိုင် ရှာဖွေရေး အကျိုးဆောင်လိုင်စင်များကို ၂၀၁၀ ခုနှစ်မှ စတင်ထုတ်ပေးခဲ့ရာ ယနေ့အချိန်တွင် အေဂျင်စီ (၈၃) ခုရှိပြီဖြစ်ကြောင်း၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေသလို ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားများ ငွေကြေးကုန်ကျစရိတ် သက်သာပြီး သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်များရရှိရန် ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့နှင့် နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပြီး အလုပ် သမားများ စေလွှတ်လျက်ရှိကြောင်း၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံ တို့အပြင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်း အလုပ် သမားများ စေလွှတ်နိုင်ရေးကို စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်း ပြပွဲများမှာ အလုပ်လိုချင်သူတွေနှင့် အလုပ်သမား လိုအပ်သူတွေကို တစ်ချိန်တည်း တစ်နေရာတည်းမှာ One Stop Service ရရှိနိုင်မှာ ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေးကို တစ်ဘက် တစ်လမ်းက အထောက်အကူပြုနိုင်သည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ အခြားကုမ္ပဏီများနှင့် လုပ်ငန်းရှင် အသီးသီးကလည်း ယခုလိုပွဲမျိုး ကျင်းပပြုလုပ်ပေး စေလိုကြောင်း၊ ဝန်ကြီးဌာန က လိုအပ်တဲ့ ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်း ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ပြောကြား ခဲ့ပါသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ရခိုင်တိုင်းရင်း သားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲ တမ်း အတွင်းဝန် ဦးမျိုးအောင်၊ ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ စက်မှုကုန်သည် ကြီးများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။

ပြပွဲတွင် ပြည်တွင်း၌ အလုပ်ခန့် ထားရန် အတွက် ရည်ရွယ်၍ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေသော ကုမ္ပဏီ၊ စက်ရုံ အလုပ်ရုံပေါင်း (၇၃) ခုမှ ပြခန်းပေါင်း (၉၀) ခုပြသခဲ့ပြီး စိတ်ပါ ဝင်စား၍လာ ရောက်ကြည့်ရှု လျှောက်ထားသူ အများ အပြား ရှိပါကြောင်း သတင်းရရှိပါသည်။



# လူမှုဖူလုံရေး အာမခံ ကတ်ပြားများ One Stop Service ဖြင့် ထုတ်ပေး

၂၀၁၂ လူမှုဖူလုံရေးဥပဒေကို ၁-၄-၂၀၁၄ မှ စတင်ကျင့်သုံးခဲ့ရာ ယခုအခါ သက်တမ်း (၂) နှစ်ကျော်ခဲ့ပြီဖြစ်သည်။ ဥပဒေ မကျင့်သုံးမီ ၂၀၁၃ ခုနှစ်မှစတင်၍ ကြိုတင် ပြင်ဆင်သည့် အနေဖြင့် အာမခံထားသူ အလုပ်သမားများအတွက် လူမှုဖူလုံရေး ကတ်ပြားများကို 2D Bar Code စနစ်သုံး Electronic Card ဖြင့် ထုတ်ပေးခဲ့သည်။ ကွန်ပျူတာစနစ် အသုံးပြု၍ ထုတ်ရသော Venyl ကတ်အမျိုးအစားဖြစ်သည်နှင့်အညီ လုပ်ငန်းအဆင့်များပြားပြီး ကုန်ကျစရိတ်လည်း များပြားခဲ့သည်။ ကတ်ထုတ်သောစက်များမှာ လည်း ထုတ်နိုင်သည့်ကတ်အရေအတွက် ကန့်သတ်ချက်များ ရှိသည်။ ၎င်းစက်များဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အာမခံ စိစစ်ရေးကတ်ပြားပေါင်း ခုနှစ်သိန်းနီးပါး ထုတ်ပေးခဲ့ပြီး ဖြစ်သော်လည်း စက်ရုံ အလုပ်ရုံများ တိုးချဲ့လာမှုကြောင့် အလုပ်သမား

ဦးရေ တိုးတက်များပြားလာခြင်းကြောင့် သော်လည်းကောင်း၊ အလုပ်သမားများသည် စက်ရုံတစ်ခုမှ အခြားစက်ရုံတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်သည့်အခါ ယခင်စက်ရုံတွင် လုပ်ကိုင်ဖူးသည်ကို စက်ရုံသစ်တွင် အသိမပေးလို၍ ယခင်က လူမှုဖူလုံရေး အာမခံကတ်ပြား ရရှိဖူးသော်လည်း စက်ရုံသစ်တွင် အသိပေးခြင်းမရှိဘဲထားလေ့ရှိခြင်းကြောင့် သော်လည်းကောင်း၊ ကတ်ပြားများ ပျောက်ဆုံး၍သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံများတွင် လူမှုဖူလုံရေးကတ်ပြား လက်ဝယ်မရှိသူ အလုပ်သမားအချို့ ရှိနေပါသေးသည်။ လူမှုဖူလုံရေးအာမခံကတ်ပြားလက်ဝယ် မရှိပါက ဆေးကုသမှုခံယူရာတွင်လည်းကောင်း၊ လူမှုဖူလုံရေးမှ အကျိုးခံစားခွင့်များ တောင်းဆိုရာတွင် လည်းကောင်း၊ အလုပ်သမားများအတွက် အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။

အာမခံထားသူ အလုပ်သမားများအား လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်ပြား (Electronic Card) များ ထုတ်မပေးနိုင်မီ ၎င်းတို့၏လက်ဝယ် လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ ကြီးကြပ်မှုဖြင့် ရန်ကုန် တိုင်းဒေသကြီး တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဦးဆောင်လျက် သက်ဆိုင်ရာ ရုံးခွဲတာဝန်ခံများ၊ ရုံးချုပ်နှင့် ရုံးခွဲများမှ ဝန်ထမ်းများပါဝင်သော အဖွဲ့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်သမားဦးရေများပြားသည့် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ တောင်ဒဂုံမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်ရှိ စက်ရုံကြီးများသို့အရောက် ဇွန်လအတွင်း ကွင်းဆင်းပြီး လူမှုဖူလုံရေး အာမခံစိစစ်ရေး ယာယီကတ်ပြားများကို One Stop Service ဖြင့် နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။ ယခုထုတ်ပေး လိုက်သော ကတ်ပြားများသည် ယာယီကတ်ဖြစ်သော်လည်း အလုပ်သမားများအတွက် အကျိုးခံစားခွင့် ရရှိရေး ဆောင်ရွက်ရာတွင် မူရင်း (Electronic Card) နှင့် အခွင့်အရေးချင်း တူတူပင်ဖြစ်သည်။ ထိုသို့ ထုတ်ပေးရာတွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်အတွင်း အဆိုပါ နယ်မြေများရှိ စက်ရုံပေါင်း ၁၀၄ ရုံမှ အလုပ်သမားပေါင်း ၃၇၁၅၈ ဦးတို့အား လူမှုဖူလုံရေး အာမခံစိစစ်ရေး ယာယီကတ်ပြားများကို ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်စက်ရုံများမှ (Electronic Card) မရရှိသေးသူ များကိုလည်း ယခုကဲ့သို့ပင် One Stop Service ဖြင့်နေ့ချင်းပြီး ဆက်လက်ထုတ်ပေး သွားမည်ဖြစ်ကြောင်း သိရှိရသည်။ လတ်တလောတွင် ယာယီကတ် ဖြစ်စေ၊ (Electronic Card) ဖြစ်စေ မရရှိသေးသော အာမခံထားသူများအတွက်လည်း ဥပဒေနှင့်အညီ ခံစားခွင့်များ ရရှိရေးအတွက် လူမှုဖူလုံရေးအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အတွက် ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုကို အကျိုးပြုမည့်လုပ်ငန်း (၁၃) မျိုးကို ရက် ၁၀၀ အတွင်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။ လုပ်ငန်းများအနေဖြင့်

၁။ ရွှေ့ပြောင်းလုပ်သားများ' ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Workers Resource Center-MRC) (၂) ခုကိုရေဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များတွင် ဖွင့်လှစ်ခြင်း၊

၂။ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် နိုင်ငံအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊

၃။ အလုပ်သမားရေးရာ ကိစ္စရပ်များ အသိပညာပေး ဆွေးနွေးခြင်း။

၄။ လူမှုဖူလုံရေးအဖွဲ့နှင့် ပုဂ္ဂလိက ကျန်းမာရေး ဝန်ဆောင်မှု ကုမ္ပဏီများ ပူးပေါင်း၍ လူမှုဖူလုံရေး အကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း။

၅။ နိုင်ငံခြား အလုပ်သမားများဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေတို့အား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေးဆောင်ရွက်ခြင်း။

၆။ ထိုင်းဘုရင့်နိုင်ငံအစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရတို့အကြား အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်း။

၇။ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုဆွေးနွေးပွဲ (Natoinal Skill Forum) ကျင်းပခြင်း။

၈။ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများကို အိမ်ထောင်စု လူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင် တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း။

၉။ အခြေခံပညာကျောင်းများတွင် အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြား (သို့မဟုတ်) ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း။

၁၀။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ သက်ဆိုင်သည့် စိစစ်ရေး ကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးခြင်း၊

၁၁။ အမည်မည်းစာရင်း (Black List) ရေးသွင်းထားသူများအား ဥပဒေ လုပ်ထုံး လုပ်နည်းနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးခြင်း။

၁၂။ ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များကိုလည်း လူဝင်မှုကြီးကြပ်ရေးဥပဒေ၊ လုပ်ထုံး လုပ်နည်းများအရ ဖြေလျှော့ဆောင်ရွက်ခြင်း။

၁၃။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသည့် ဘာသာရေးဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ပေးခြင်းတို့ ဖြစ်ပါသည်။



# ဖြေချင်လွန်းလို့ပါ

ဦးဖူလုံ

**မေး** လူမှုဖူလုံရေးဥပဒေအရ အာမခံထားသူအမျိုးသမီးများ ခံစားခွင့်ရှိတဲ့ မီးဖွားခွင့်အကြောင်း ပြည့်ပြည့်စုံစုံလေး ရှင်းပြစေချင်ပါတယ်ရှင့်

**ဧအေးသစ္စာ (ရွှေလင်ပန်းစက်မှုဇုန်)**



**မြေး** ကောင်းပါပြီ မအေးသန္တာရေ - ၂၀၁၂ လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၂၅ (ဂ) မှာ အာမခံထားသူအမျိုးသမီးသည် မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်နှင့် မီးဖွားပြီးနောက် အနည်းဆုံး ရက်သတ္တပတ် ရှစ်ပတ်၊ စုစုပေါင်း ရက်သတ္တပတ် ၁၄ ပတ်အထိ မီးဖွားခွင့်ကို ခံစားခွင့်ရှိတယ်။ ထို့ပြင် အမြွှာကလေးမွေးပါက မီးဖွားခွင့် ခံစားပြီးနောက် ကလေးစောင့်ရှောက်ရန် ရက်သတ္တပတ် လေးပတ်ကို ဆက်လက်ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။

ပြီးတော့ လူမှုဖူလုံရေးနည်းဥပဒေ အပိုဒ် ၉၆ မှာ -

(က) လူမှုဖူလုံရေးအဖွဲ့က အသိအမှတ်ပြုသည့် ဆရာဝန်သည် အာမခံထားသူကိုယ်ဝန်ဆောင် အမျိုးသမီးအား လိုအပ်သလို စစ်ဆေးစမ်းသပ်ပြီးနောက် မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်ကို မီးဖွားမှု ဆေးသက်သေခံ လက်မှတ် (ဆ-၂) ဖြင့် ထုတ်ပေးပြီး မီးဖွားမှု အခြေအနေပေါ်မူတည်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) ကလေးတစ်ဦးကို ခန့်မှန်းရက်ထက် စောမွေးသဖြင့်မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်ထက်လျော့နည်း၍ ခံစားရလျှင် မီးဖွားပြီးနောက်ရက်သတ္တပတ် ရှစ်ပတ်ကို မီးဖွားမှုဆေးသက်သေခံလက်မှတ် (ဆ -၂) ဖြင့် လည်းကောင်း၊ စုစုပေါင်းရက်သတ္တပတ် ၁၄ ပတ် ပြည့်ရန် လိုသောကာလကိုကျန်မာမှု

ဆေးသက်သေခံ လက်မှတ် (ဆ-၁) ဖြင့် လည်းကောင်း ခွင့်ပြုရမည်။

(၂) ကလေးတစ်ဦးကို ခန့်မှန်းရက်ထက် နောက်ကျမွေးသဖြင့် မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်ထက် ပို၍ခံစားရလျှင် မီးဖွားမှုနှင့် ဆိုင်သည့်ခွင့်ရက်သတ္တပတ် ၁၄ ပတ်ပြည့်ရန် လိုသောကာလအတွက် မီးဖွားမှု ဆေးသက်သေခံ လက်မှတ် (ဆ-၂) ဖြင့် လည်းကောင်း။ မီးဖွားပြီးနောက် ရက်သတ္တပတ် ရှစ်ပတ်ပြည့်ရန်လိုသော ကာလအတွက် မကျန်းမာမှု ဆေးသက်သေခံ လက်မှတ် (ဆ-၁) ဖြင့် လည်းကောင်း ခွင့်ပြုရမည်။

(၃) အမွှာကလေး အရှင်မွေးပါက ခန့်မှန်းရက်ထက် စောမွေးလျှင် မီးမဖွားမီ ရက်သတ္တပတ် ခြောက် ပတ် ထက်လျော့နည်း၍ ခံစားရသဖြင့် မီးဖွားပြီး နောက် ရက်သတ္တပတ် ၁၂ ပတ် ကိုမီးဖွားမှု ဆေးသက်သေခံလက်မှတ် (ဆ-၂) ဖြင့်လည်းကောင်း။ စုစုပေါင်း ရက်သတ္တပတ် ၁၈ ပတ်ပြည့်ရန် လိုသော ကာလကို မကျန်းမာမှုဆေးသက်သေခံ လက်မှတ် (ဆ-၁) ဖြင့်လည်းကောင်း ခွင့်ပြုရမည်။

(၄) အမွှာကလေး အရှင်မွေးပါက ခန့်မှန်းရက်ထက် နောက်ကျမွေးလျှင် မီးမဖွားမီ ရက်သတ္တပတ် ခြောက်ပတ်ထက်ပို၍ ခံစားရသဖြင့် မီးဖွားမှုနှင့် ဆိုင်သည့်ခွင့် ရက်သတ္တပတ် ၁၈ ပတ် ပြည့်ရန်လိုသော ကာလအတွက်မီးဖွားမှု ဆေးသက်သေခံ လက်မှတ် (ဆ-၂) ဖြင့်လည်းကောင်း။ မီးဖွားပြီး နောက်ရက်သတ္တပတ် ၁၂ ပတ် ပြည့်ရန် လိုသောကာလအတွက် မကျန်းမာမှု ဆေးသက် သေခံ လက်မှတ် (ဆ-၁) ဖြင့် လည်းကောင်း ခွင့်ပြုရမည်။

(၅) အမွှာကလေး မွေးသော်လည်း အရှင်မွေး ကလေး တစ်ဦးတည်းသာ ဖြစ်ပါက နည်းဥပဒေခွဲ(က)၊နည်းဥပဒေခွဲငယ်(၁) သို့မဟုတ် နည်းဥပဒေခွဲငယ် (၂) ပါအတိုင်း ခွင့်ပြုရမည် ဖြစ်ကြောင်းပြဋ္ဌာန်းထားကပါတယ်။

ယခင်လူမှုဖူလုံရေးဥပဒေမှာ အမျိုးသမီးများ မီးဖွားခွင့်ကို မီးမဖွားမီ ရက်သတ္တခြောက်ပတ်နဲ့ မီးဖွားပြီး ရက်သတ္တ ခြောက်ပတ် သာခွင့်ပြုခဲ့တာပါ။ လူမှုဖူလုံရေး ဥပဒေ သစ်ရေးဆွဲစဉ်က အကြံပြုနိုင်ဖို့ ဖိတ်ခေါ်ခဲ့တဲ့ ဆရာဝန်ကြီး တွေက အမျိုးသမီးများ မီးဖွားပြီး တဲ့အခါ ရက်သတ္တ ခြောက် ပတ်သာ အနားယူရခြင်း ဟာ ကျန်းမာရေးရှုထောင့်အရ မလုံလောက်ကြောင်း၊ အမျိုးသမီးများမီးဖွားတဲ့အခါ မီးမဖွားမီ ရက်သတ္တ ခြောက်ပတ်နဲ့ မီးဖွားပြီး အနည်းဆုံး ရက်သတ္တ ရှစ်ပတ် အပါအဝင် စုစုပေါင်း ၁၄ ပတ် အနားယူဖို့လိုကြောင်း ထောက်ခံတင်ပြကြပါတယ်။ ကျွမ်းကျင်တဲ့ ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများရဲ့ အကြံပြုချက်နဲ့အညီ လူမှုဖူလုံရေး ဥပဒေမှာပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကိုယ်ဝန်ဆောင် အမျိုးသမီးများ မီးဖွားရန် (ခန့်မှန်း) ရက်သတ္တ ခြောက်ပတ်ခန့်အလိုမှာ လူမှုဖူလုံရေးဆေးခန်း ဆရာဝန်က မီးမဖွားမီခွင့် ခြောက်ပတ်ကို စတင်ပေးပါလိမ့်မယ်။ ဒါဟာ ခန့်မှန်းတွက်ချက်ပြီး ပေးရတာမို့ မွေးတဲ့ရက်နဲ့ အတိအကျ ဖြစ်ချင် မှဖြစ်ပါမယ်။ တစ်ခါတစ်ရံမှာ ခန့်မှန်းရက်ထက် စောမွေးနိုင်ပြီး တစ်ခါတစ်ရံမှာ ခန့်မှန်းရက်ထက် နောက်ကျမွေးနိုင်ပါတယ်။



တစ်ကယ်လို့ စောမွေးခဲ့ရင် မီးမဖွားမီ ရက်သတ္တခြောက်ပတ်ကို အပြည့်ခံစားရမှာ မဟုတ်ပါဘူး။ မီးမဖွားမီခြောက်ပတ်ပြည့်ဖို့လိုတဲ့ရက်တွေအစား မီးဖွားပြီး ရက်သတ္တရှစ်ပတ် ခံစားပြီးတဲ့နောက် ထပ်မံဖြည့်စွက် ခံစားခွင့်ရအောင် နည်းဥပဒေ ၉၆ (ဂ) (၁) မှာ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလို ဖြည့်စွက်ခံစားတဲ့ရက်တွေကိုတော့ မကျန်းမာမှုခွင့်အဖြစ်သာ ခံစားခွင့်ပြုမှာ ဖြစ်ပါတယ်။ တစ်ကယ်လို့ ခန့်မှန်းရက်ထက် နောက်ကျမွေးခဲ့ရင် မီးဖွားပြီးတဲ့အခါ မီးဖွားခွင့်ကို ရက်သတ္တ ရှစ်ပတ်အစား မီးဖွားခွင့် စတင်ခံစားတဲ့နေ့ကစလို့ ရက်သတ္တ ၁၄ ပတ် ပြည့်တဲ့နေ့အထိသာ မီးဖွားခွင့်အဖြစ်ခွင့်ပြုမှာဖြစ်ပါတယ်။ သို့သော် အမျိုးသမီးများအနေဖြင့် အနားယူချိန် လုံလောက်စေရန် မီးဖွားပြီး ရက်သတ္တ ရှစ်ပတ်ပြည့်ရန် လိုတဲ့နေ့ရက်တွေကို ထပ်မံဖြည့်စွက်ခံစားခွင့် ရအောင် နည်းဥပဒေ ၉၆ (ဂ) (၂) မှာပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ အဲဒီလို ဖြည့်စွက်ခံစားတဲ့ရက်တွေကိုတော့ မကျန်းမာမှုခွင့်ကိုသာ ခွင့်ပြုမှာဖြစ်ပါတယ်။

အမြွှာကလေး မွေးရင်တော့ နောက်ထပ် ရက်သတ္တလေးပတ်ကို မီးဖွားခွင့်အဖြစ်နဲ့ ဆက်လက်ခံစားခွင့်ရနိုင်ပါတယ်။

မည်သို့ပင်ဖြစ်စေ အာမခံထားသူ အမျိုးသမီးများ မီးဖွားခွင့်ကို အနည်းဆုံး ရက်သတ္တ ၁၄ ပတ်အထိ ခွင့်ပြုမှာဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်အဖြစ် လုပ်ခလစာရဲ့ ၇၀% ကိုခံစားခွင့်ရှိကြောင်း အသိပေးလိုက်ပါတယ်။

ဦးဖုလို

# ကျောင်းလိုအားနှင့်ဝယ်လိုအား

ဝင်းနိုင်ထွန်း



လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာနယ်စပ်ဆက်ဆံရေးရုံး မူဆယ်-ရွှေလီ
အစည်းအဝေးကျင်းပစဉ်

တရုတ်ကွန်မြူနစ်ပါတီသည် ၁၉၇၉-၈၀ခုနှစ်များမှစကာ One Child Policy ကို တရားဝင်ပြဋ္ဌာန်းခဲ့သည်။ ထိုသို့ကျင့်သုံးရခြင်းသည် လူဦးရေပေါက်ကွဲမှုပြဿနာကို ထိန်းချုပ်ရန်၊ အစားအစာလုံလောက်မှုရှိရန်၊ အလုပ်အကိုင်မရှိမှုနှင့် ပညာတတ်မရှိမှုတို့ကို တုန့်ပြန်ရန်အတွက်ဖြစ်သည်ဟု လေ့လာသူများက ဆိုကြသည်။ (၂၀၂၀)ခုနှစ်တွင် အသက်(၂၀) နှစ်အောက် တရုတ်အမျိုးသား လူဦးရေသန်း (၄၀)ခန့်ရှိမည်ဟု ခန့်မှန်းကြသလို တချို့ပညာ

ရှင်များတွေ့ တရုတ်အမျိုးသား သန်းပေါင်း (၃၅) သန်းသည် လက်ထပ်ရန် သတို့သမီးလောင်းရှာဖွေနိုင်ခြင်း မရှိသည့်အတွက် လူမှုဘဝဖြင့် အထီးကျန်ဖြစ်နိုင်သည်ဟု ခန့်မှန်းချက်များလည်း ပေါ်ထွက်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ မြန်မာနှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ ဆင်းရဲသူများကို ဈေးပေါပေါဖြင့် ဝယ်ယူပြီး ထိမ်းမြားလက်ထပ်ကြခြင်းဖြစ်သည်ဟု သုတေသီများက ဆိုကြသည်။

မြန်မာပြည်အရပ်ရပ်မှ အမျိုးသား၊ အမျိုးသမီးများသည် တရုတ်နိုင်ငံဘက်သို့အလုပ်လုပ်ရန်သွားသည့်အခါ မူဆယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်၊ နမ့်ခမ်းပန်ဆိုင်း ၊ ပန်ဆန်း၊ ဟိုပန်သို့ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် နေ့ချင်းသွားနိုင်ကြပြီး တရုတ်နယ်စပ်ကို တရားဝင်ရော တရားမဝင်ပါ အလွယ် တကူဖြတ်သန်းသွားလာနိုင်ကြသည်။ မြန်မာ -တရုတ်နယ်စပ်ရှိ မြို့များမှာ မူဆယ်-ဂျယ်ဂေါင်၊ရွှေလီ၊ ကြူကုတ်၊ ပန်ဆိုင်း၊ ဝမ်တိန်၊ နမ့်ခမ်း-နောင်တောင်း၊ ချင်းရွှေဟော်-မိန်း တိန်၊ လောက်ကိုင်-နမ်ဆန်၊ ပန်ဆန်း-မုန်းလျှံ ဟိုပန်-နမ့်တိန်တို့ဖြစ်ကြသည်။

(၂၀၁၅)ခုနှစ်အတွင်း လားရှိုးမြို့အခြေစိုက်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အရေးယူထားသည့်အမှု(၄)မှုနှင့် မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရေးယူ ထားသည့် အမှု(၁၅)မှု တို့ကို မြန်မာနိုင်ငံလူကုန်ကူးမှုတား ဆီးရေးဥပဒေနှင့် စိစစ်ကြည့်ရာ အဓမ္မလက်ထပ်ထိမ်းမြား မှု(၁၇)မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု(၂)မှု ဖော်ထုတ်နိုင်ခဲ့သည်။ ထိုအမှုများကို လေ့လာရာတွင် လူကုန်ကူးမှုပုံစံများသည်ယခင်ကနှင့် မတူဘဲပြောင်းလဲလာသည်ကို တွေ့ရှိရသည်။ အဓမ္မလက်ထပ်ထိမ်းမြားမှု (၁၇) မှုတွင် (၁၅)မှုသည် တရုတ်နိုင်ငံသားများနှင့် လက်ထပ်မည်ဟုကာယကံရှင်များမှ သဘောတူညီထားသော အမှုများဖြစ်ကြသည်။

တရုတ်နိုင်ငံဘက်မှ ပြန်လည်လွှဲပြောင်းခဲ့ရသည့် လူကုန်ကူးခံရသူများ၏ ပြောပြချက်အရ တရုတ်နိုင်ငံသို့ လူကုန်ကူးမှုများတွင် မြန်မာအမျိုးသမီးငယ်တစ်ဦးလျှင် တရုတ်ယွမ်ငွေတစ်သောင်းနှင့် ရှစ်သောင်းကြားတရုတ်အမျိုးသားများမှ ပေးဝယ်နေသော်လည်း တရုတ်၊ မြန်မာပွဲစားအဆင့်ဆင့်တို့၏ ခေါင်းပုံဖြတ် ရယူခဲ့မှုများကြောင့် အချို့မြန်မာအမျိုးသမီးငယ်များမှာ ငွေကြေးလုံးဝမရရှိကြဘဲ၊ အချို့မိဘအုပ်ထိန်းသူများမှာ သုံးသိန်းမှနှစ် ဆယ့်ငါးသိန်းအထိ လက်ခံရရှိကြကြောင်း သိရှိရသည်။

အမှုရင်ဆိုင်နေရသည့် လူကုန်ကူးခံရသူနှင့် မိသားစုဝင်များ၏ ပြောပြချက်အရ ၎င်းတို့ကျေးရွာရှိ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် အိမ်ထောင်ကျမည်ကို စိုးရိမ်သည်ကတစ်ကြောင်း၊ တရုတ်အမျိုးသားများ၏ တင်တောင်းငွေကို မက်မောသည်ကတစ်ကြောင်း၊ မိသားစုဆင်းရဲနွမ်းပါး အဆင်မပြေမှုတို့ကို အကြောင်းပြကာ တရုတ်အမျိုးသားများနှင့် မိဘဆွေမျိုးများ ကိုယ်တိုင်သဘောတူပေးစားခဲ့ကြကြောင်း တွေ့ရှိကြရသည်။

ရှမ်းပြည်မြောက်ပိုင်းဒေသရှိ အချို့မြို့နယ်များတွင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရှိကြရာ ကျောက်မဲမြို့နယ်တွင် TNLA, SSPC, RCSS၊ သီပေါမြို့နယ်တွင် TNLA, SSPC, RCSS၊ နမ္မတူမြို့နယ်တွင် TNLA, KIA, မန်တုံမြို့နယ်တွင် TNLA, KIA, လားရှိုးမြို့နယ်တွင် TNLA, KIA, SSA (ဝမ်ဟိုင်း)၊ MNDAA(ကိုးကန့်)၊ တန့်ယန်းမြို့နယ်တွင် SSA (ဝမ်ဟိုင်း)၊ UWSA (ဝ)၊ မိုင်းရယ်မြို့နယ် SSA (ဝမ်ဟိုင်း), SSPC, RCSS၊ သိန္နီမြို့တွင် TNLA, KIA၊ ကွမ်းလုံမြို့နယ် KIA, MNDAA(ကိုးကန့်/တပ်ပေါင်းစု)၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်တွင် TNLA, KIA, (စစ်ကိုင်း တိုင်းကသာနှင့် ကချင်ပြည်နယ်၊ မန်စီတိုက်ဆက်စပ်နယ်မြေများ) အသီးသီးလှုပ်ရှားမှုများရှိနေကြသည့် အတွက်တိုက်ပွဲများမကြာခဏဖြစ်နေခြင်း၊ ဆင်းရဲနွမ်းပါးမှုဖြင့် တက်နေခြင်း၊ အလုပ်အကိုင် ရှားပါးခြင်းတို့ကြောင့် မိမိ၏ နေရပ်ကိုစွန့်ခွာကာ လူငယ်လူရွယ်များသည် ပြည်တွင်းအခြား နေရပ်ဒေသများ၊ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ သွားကာအလုပ်လုပ်ကိုင်နေကြသည်။ အထူးသဖြင့်တရုတ်နိုင်ငံနှင့် အနီးဆုံးဖြစ်သည့်အတွက် တရုတ်နိုင်ငံဘက်သို့ အများဆုံးသွားလာနေကြသည်။

နမ့်ဆန်မြို့နယ်ရှိ ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူ၏ ပြောပြချက်အရ နမ့်ဆန်ဒေသတွင် လက်ဖက်တစ်မျိုးတည်းသာ စိုက်ပျိုးထုတ်လုပ်ရောင်းချမှုဖြင့်သာ အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် လုပ်ခဲ့ကြရာ (၂၀၁၀) ခုနှစ်တွင် တရုတ်နိုင်ငံဘက်မှ လက်ဖက်များပြည်တွင်းသို့ အကောက်ခွန်မဲ့အများအပြားဝင်ရောက်ခဲ့သည့်အတွက် နမ့်ဆန်ဒေသထွက်လက်ဖက်များမှာ ဈေးကောင်းမရရှိခဲ့သဖြင့် ရောင်းအားကျဆင်းခဲ့ကြောင်း၊ ရောင်းအားကျသဖြင့် ဒေသခံပလောင်တိုင်းရင်းသားများကို အလုပ်ရှင်များက လုပ်ခတိုးမြှင့်မပေးနိုင်ခြင်း၊ ယခင်က မြန်မာနိုင်ငံအလယ်ပိုင်းမှ အလုပ်သမားများလာရောက် လုပ်ကိုင်ခဲ့ကြသော်လည်း အလုပ်ရှင်များမှ လုပ်ခတိုးမပေးနိုင်သည့်အတွက် ထိုဒေသများသို့ လာရောက်လုပ်ကိုင်ခြင်းမရှိကြတော့ကြောင်း၊ လက်ဖက်ကုန်ကြမ်းများမရသည့်အတွက် စက်ရုံများပိတ်ခဲ့ရသဖြင့် ဒေသခံအများစုသည် တရုတ်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေရကြောင်း၊ အချို့အမျိုးသမီးများမှာ တရုတ်အမျိုးသားများနှင့်အိမ်ထောင် ကျသွားကြကြောင်းဖြင့် သိရှိရသည်။

လက်ရှိလူကုန်ကူးမှုပုံစံများသည်ယခင်ကတည်းက တရုတ်နိုင်ငံတွင်းသို့ ရောက်ရှိကာ တရုတ်နိုင်ငံသားနှင့် အိမ်ထောင်ကျပြီးသူ မြန်မာအမျိုးသမီးများသည် တရုတ်စကားကျွမ်းကျင်လာကာ တိုယ်တိုင်ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာပြီးလူခိုး ဆောင်းမှုများပြုလုပ်ကြခြင်း၊ တရုတ်နိုင်ငံသားခင်ပွန်းများကနယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့သယ်ဆောင်ပေးကြခြင်း၊ တရုတ်နိုင်ငံအတွင်းအိမ်ထောင်ကျနေသည့် မြန်မာအမျိုးသမီးများမှ တယ်လီဖုန်းဖြင့် ပြည်တွင်းရှိ ဆွေမျိုးများထံဆက်သွယ်ပြီး လူသစ်စုဆောင်းကာ

နယ်စပ်သို့ ပို့ဆောင်ပေးခြင်း၊ နယ်စပ်တွင် တရုတ်နိုင်ငံသား မိသားစုများက စောင့်ကြို၍ ငွေထုတ်ပေးပြီး၊ တရုတ်နိုင်ငံအတွင်းသို့ သယ်ဆောင်ကြခြင်း၊ စည်းရုံးခံထားရသည့် မြန်မာအမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် လက်ထပ်ပါက ရရှိနိုင်မည့်ငွေကြေးများကို မက်လောက်အောင်ပြောဆိုစည်းရုံး ပြောဆိုနိုင်ခြင်း၊ ခရီးစရိတ်၊ စားစရိတ်များ အကုန်ကျခံပေးခြင်း၊ ကြိုတင်ငွေထုတ်ပေးခြင်းများရှိကြသည်။ တရုတ်နိုင်ငံတွင်း ရောက်ရှိပြီး၊ အဆင်မပြေမှုများ၊ နေထိုင်မှုအခက်အခဲများရှိသည့်အခါ ဆက်လက်အလုပ်လုပ်ကိုင်လိုစိတ်၊ တရုတ်အမျိုးသားများနှင့် ဆက်လက်မပေါင်းသင်းလိုစိတ်များ ရှိလာပါက အကူအညီတောင်းခံနိုင်ရန် တရုတ်-မြန်မာ လူကုန်ကူးမှုတိုက်ဖျက်ရေး ရုံးခွဲဖုန်းများအား အသိပေးထားခြင်းနှင့် တရုတ်နိုင်ငံအတွင်း ဖြစ်ပါက တရုတ်ရဲစခန်းသို့ ထွက်ပြေးရန် လူပွဲစားများက စည်းရုံးစဉ်ကတည်းက မှာကြားထားခဲ့သည်။ ၎င်းပြင်လူပွဲစားများသည် တရုတ်နိုင်ငံအတွင်း အခြေချနေထိုင်ကာ ဂိုဏ်းဖွဲ့ပြီး သမီးရည်းစားအသွင်လူစုဆောင်းခြင်းများလည်း ပြုလုပ်လေ့ရှိသည်။

တရုတ်နိုင်ငံသားနှင့် အိမ်ထောင်ပြုရန် စည်းရုံးခံရသူအများစုသည် အိမ်ထောင်ကွဲဖူးသူများဖြစ်ကြသည်ကို တွေ့ရှိရသည်။ စည်း



*လူကုန်ကူးခံရသူများအား နှစ်နိုင်ငံတာဝန်ရှိသူများမှ နယ်စပ်တွင် ပြန်လည်လွှဲပြောင်းလက်ခံကြစဉ်*

နှံခံရသူများ၏ တရုတ်နိုင်ငံသားနှင့် အိမ်ထောင်ပြုရန် သဘောတူညီချက်ရရှိပြီးပါက လူပွဲစားများသည် တယ်လီဖုန်းများဖြင့်ဓာတ်ပုံရိုက်ကာ ပွဲစားအချင်းချင်းဆက်သွယ်ခြင်း၊ ငွေကြေးသင့်ခြင်း၊ ကြိုတင်ငွေထုတ်ပေးခြင်းများပြုလုပ်ကြသည်။

(၂၀၁၅)ခုနှစ်စက်တင်ဘာလ(၁၄)ရက်နေ့မူဆယ်မြို့နန်တော်စစ်ဆေးရေးဂိတ်တွင် တရုတ်နိုင်ငံ၊ ဟဲနန်ပြည်နယ်အတွင်းမှကယ်တင်ရရှိပြီး၊ ယူနန်ပြည်နယ်၊ကူမင်းမြို့မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့်ပို့ဆောင်ပေးသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)နေ သားအမိနှစ်ဦးကိုရွှေလီလူကုန်ကူးမှုတိုက်ဖျက်ရေး တရုတ်ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (မူဆယ်) သို့လွှဲပြောင်းပေးခဲ့သည်။

ထိုသားအမိ၏ ပြောပြချက်အရသမီးဖြစ်သူအားလားရှိုးမြို့တွင် ကျောင်းထားပေးမည်၊ အိမ်အကူတစ်လ ခြောက်သောင်းကျပ်ရမည်ဟုလူပွဲစားများစည်းရုံးသဖြင့်တရုတ်ပြည်ဘက်သို့ရောက်ရှိခဲ့ကြခြင်းဖြစ် ကြောင်း၊ ဟဲနန်ပြည်နယ်၊ လန်ခေါင်ခရိုင်၊လန်ခေါင်မြို့တွင် တရုတ်အမျိုးသားတစ်ဦးနှင့် ရက်ပေါင်း(၂၀)ကျော်ပေါင်းသင်းနေထိုင်ခဲ့ရကြောင်း၊၎င်းတို့ပြန်လည်ထွက်ပြေးလာရာ ဘူတာရုံတစ်ခုတွင်လန်ခေါင်ခရိုင်၊တရုတ် ရထားရဲများမှထိန်းသိမ်းကာ စက်တင်ဘာလ(၁၃)ရက်နေ့တွင်ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိခဲ့ကြောင်း၊ထိုမှတစ်ဆင့် မြန်မာပြည်ဘက်သို့ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရှိရသည်။

(၂၀၁၅) ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့ကလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲ(မူဆယ်)မှတပ်ဖွဲ့ဝင်များသည် မူဆယ်၊ သိန်းသန်းချိုကားဂိတ်အတွင်း၌မသင်္ကာဖွယ်အမျိုးသမီး(၃)ဦးအားတွေ့ရှိသည့် အတွက်မေးမြန်းမှုပြုလုပ်ခဲ့ကြသည်။ ထို အမျိုးသမီးငယ်များသည်ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့်မန္တလေး၊ အောင်မြေသာစံမြို့နယ်မှ လာကြသူများဖြစ်ကြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)နေသူပြောပြချက်အရတစ်မြို့နယ်တည်းနေအိမ်ထောင်ရှိသူမှလူပျိုဟုလိမ်လည်ကာပေါင်းသင်းခဲ့ကြောင်း၊ ထိုသူနှင့်အတူတောင်ကြီးမြို့သို့ အလုပ်သွားလုပ်ကြမည်ဟု သဘောတူခဲ့ကြကြောင်း၊ သို့သော်သူမအား အမျိုးသား (၂) ဦးနှင့်အတူ စက်တင်ဘာလ(၂၄)ရက်နေ့တွင် မန္တလေး၊စက်တင်ဘာလ(၂၅)ရက်နေ့တွင် မူဆယ်သို့လည်းကောင်း၊ ထိုမှတရုတ်နိုင်ငံ၊ ကျယ်ဂေါင်သို့နီဝင်ပေါက်မှသွားခဲ့ရကြောင်း၊ တရုတ်နိုင်ငံဖက်တွင်တရုတ်ယောကျ်ားနှင့် ခြောက်လခန့်ပေါင်းသင်းရန်စည်းရုံးခံရကြောင်း၊ ရှမ်းရွာတစ်ရွာအရောက်တွင်မြန်မာအမျိုးသမီးနှစ်ဦးနှင့်တွေ့ရှိရပြီး သူမအပါအဝင်မြန်မာအမျိုးသမီးသုံးဦးကိုတရုတ်အမျိုးသားများအားပြသခံခဲ့ရကြောင်း၊ဓါတ်ပုံရိုက်ခံရကြောင်း၊တရုတ်အမျိုးသားများ နှင့်မပေါင်းသင်းလိုသောကြောင့်သူမတို့သုံးဦးစလုံးမြန်မာပြည်ဘက်ခြမ်းသို့ ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်းထွက်ဆိုခဲ့ကြသည်။

ကျန်အမျိုးသမီး နှစ်ဦး၏ပြောပြချက်အရ၎င်းတို့သည်မန္တလေးမြို့တွင်ပြည့်တန်

ဆာလုပ်ငန်းလုပ်ကိုင်ခဲ့ကြဖူးသူများဖြစ်ကြကြောင်း၊ တရုတ်နိုင်ငံဖက်တွင်ပြည့်တန်ဆာလုပ်ငန်း သွားရောက်လုပ်ပါက ၁၀ရက်၊ ရက် ၂၀အတွင်းမြန်မာငွေကျပ် သိန်း ၂၀ မှ သိန်း၃၀ကျပ်ထိရနိုင်မည်ဟု လူပွဲစားများမှ စည်းရုံးသည့်အတွက် တရုတ်နိုင်ငံ၊ ကျယ်ဂေါင်ဖက်သို့နိုးဝင်ရောက်ရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသားလူပွဲစားများမှ ၎င်းတို့ကို တရုတ်အမျိုးသားများနှင့်ခြောက်လခန့် ပေါင်းသင်းရမည်၊ ချမ်းသာစွာနေရမည်၊ရွှေငွေနှင့်အဝတ်အစားဆင်ပေးမည်စသဖြင့် စည်းရုံးခံခဲ့ရကြောင်း၊ သို့သော်တရုတ်အမျိုးသားနှင့် ပေါင်းသင်းရသည့်အခါထိုအိမ်တွင် မွေးထားသည့်ဝက်များ၏ မစင်များပေါ ကျုံးရသည့်အလုပ်ပါလုပ်ရသည့်အတွက် ပင်ပန်းသောကြောင့်တရုတ်နိုင်ငံသားပွဲစားကို ဖုန်းဆက်အကြောင်းကြားကာသူတို့အကူအညီဖြင့် ရှမ်းရွာတစ်ရွာတွင်ရောက်ရှိခဲ့ကြောင်း၊ထိုရွာတွင်တရုတ်အမျိုးသား များလာရောက်ကြည့်ရှုမှုကိုခံရကြောင်း၊ ဓါတ်ပုံများရိုက်ကာ ထပ်မံရောင်းစားခံရမည်ကို စိုးရိမ်သည့်အတွက် မြန်မာပြည်ဘက်သို့ ပြန်လည်ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုချက်ပေးကြသည်။

သုတေသနစာတမ်းတစ်ခုအရ ကချင်ပြည်နယ်အတွင်းမှ လူကုန်ကူးခံရသည့် အမျိုးသမီးများ၏ သုံးပုံနှစ်ပုံသည် အသက် (၁၄)နှစ်မှ (၂၀)နှစ်အတွင်း ဖြစ်ကြကြောင်း၊ ထို အထဲမှလေးပုံတစ်ပုံသည် အသက် ၁၈ နှစ်အောက် ရှိသူများဖြစ်ကြောင်း၊ မူရင်းဖြစ်ပွားသည့်နယ်များမှာ မြစ်ကြီးနားနှင့် ဗန်းမော် တို့ဘက်မှဖြစ်ကြောင်း သိရှိရသည်။ ထိုစာတမ်း၏ တွေ့ဆုံမေးမြန်းမှု တစ်ခုအရ တရုတ်ပြည်မြောက်ပိုင်း Chang-chun နှင့် တရုတ်ပြည်အရှေ့ပိုင်းတို့၌လူ ကုန်ကူးခံရသည့် အမျိုးသမီးများသည် မြင်းခြံ၊ ရွှေဘိုနှင့် မိတ္ထီလာမြို့တို့မှ အမျိုးသမီးများဖြစ်ကြောင်းသိရှိရသည်။

အထက်ပါတွေ့ရှိချက်များအရ ကချင်ပြည်နယ်မှအမျိုးသမီးများသာမက မြန်မာပြည် အလယ်ပိုင်းက အမျိုးသမီးများပါ တရုတ်ပြည်တွင်လူကုန်ကူးခံနေရသည်ကို တွေ့ရှိရသည်။ ထိုလူကုန်ကူးခြင်းခံရသည့် အမျိုးသမီးအများစုသည် မိဘ၊ ဆွေမျိုးများနှင့်နေထိုင်ခဲ့ကြသူများဖြစ်ပြီး မိသားစုဝင်ငွေ၊ မိသားစုအထောက်အပံ့ ရစေရန်အလို့ငှာ ကျောင်းပိတ်ရက်များအတွင်း တရုတ်ပြည်ဘက်သို့ အလုပ်သွားလုပ်ကြရခြင်းဖြစ်သည်။

လူကုန်ကူးခံရသူများ၏ ပြောပြချက်အရ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှတစ်ဆင့် စီချွမ်း၊ ဟူဘဲ၊ ဟဲနန်၊ ကျန်းစီး၊ ဂွမ်ကျန်း၊ ကွမ်စီ၊ အန်းဟွေး၊ ကျန်းစု၊ ရှမ်းစီးပြည်နယ်များ၊ မန်ဂိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဘေဂျင်းမြို့နှင့်ရှန်ဟိုင်းမြို့၊ ယူနန်ပြည်နယ်ရှိ နယ်စပ်မြို့များရှိ လိင်ဖျော်ဖြေရေးလုပ်ငန်းနှင့် အနှိပ်ခန်းများတို့တွင် လူကုန်ကူးခံနေကြရသည်ဟုသိရသည်။

၂၀၁၅ခုနှစ်အောက်တိုဘာ ၃၀ ရက် နေ့နေပြည်တော်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဦးဆောင်မှုဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ IOM (ရွှေ့ပြောင်း

သွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ အစည်း) မှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ဗီယက်နမ်တို့မှ ကိုယ်စားလှယ်များ တွေ့ဆုံကာ တရုတ်နိုင်ငံဘက်သို့ အဖော် မယားအဖြစ်လူကုန်ကူးခံနေရမှု၊ အဓမ္မ လက်ထပ်ခိုင်းစေခံရမှုတို့နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ထို အလုပ်ရုံ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် စိန်ခေါ်မှုများနှင့် လက်ထပ်ရန်ရွှေ့ပြောင်း သွားလာမှုများသည် နယ်စပ်များတွင်ဆင်း ရဲမွဲတေနေကြခြင်း၊ အလုပ်လက်မဲ့ဖြစ်ကြ ခြင်း၊ ပြည်ပသို့သာသွားရောက်အလုပ်လုပ် ကိုင်လိုကြခြင်း၊ တရုတ်နိုင်ငံဘက်မှပြည်ပ နိုင်ငံသား ဇနီးမယားအလိုရှိမှုမြင့်တက်နေ ခြင်း၊ အိမ်နီးချင်းနိုင်ငံများ၏နယ်စပ်များ သည် အလွယ်တကူ နေရာအနှံ့အပြားမှ ဝင်လွယ်၊ ထွက်လွယ်သွားလာနိုင်ခြင်း၊ မိသားစု၊ ယဉ်ကျေးမှုနှင့်လူမျိုးစုနွယ်များ၏ ဆက်သွယ် ဆက်စပ်မှုများ ရှိနေခြင်းတို့ကြောင့် က ခရီးသွားစာရွက်စာတမ်း၊ အထောက် အထားများ အပေါ် အလေးထားမှု မရှိကြ ခြင်း၊ လူဝင်မှုကြီးကြပ်ထိန်းသိမ်းရန် ခက်ခဲ ခြင်း၊ ပြည်ပတွင် အိမ်ထောင်ကျနေကြ သည့် အမျိုးသမီးများသည် စီးပွားရေးအဆင် ပြေပြီး၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ မကြုံတွေ့ကြရသော်လည်း တရားဝင်နေထိုင် ခွင့် အခြေအနေမရှိကြခြင်း၊ တရားဝင် အထောက်အထားများ ကိုင်ဆောင်ထားခွင့် ရမထားကြခြင်း၊ ပြည်ပတွင် အိမ်ထောင်ကျ ပြီးသူ အမျိုးသမီးများအတွက်နယ်စပ်ဖြတ် ကျော်သွားလာရန်အတွက် တရားဝင်သွားလာ နိုင်သည့် လမ်းကြောင်းမရှိသည့် အတွက် တရားမဝင် နယ်စပ်ဖြတ်ကျော်ကာသွားလာ နေရခြင်း၊ နိုင်ငံခြားသားနှင့် လက်ထပ် ရန် ဆက်သွယ်ပေးသည့်ပွဲစားခ နှုန်းထား များသည့်အတွက် တစ်ခါတစ်ရံ တရုတ် ပြည်ဘက်ရောက်သည့်အခါ ခေါင်းပုံ ဖြတ် အမြတ်ထုတ်မှုနှင့် တွေ့ကြုံရခြင်းတို့ ဖြစ်ကြ သည်။

သတို့သမီးရောင်းဝယ်မှုတွင် တရုတ် နိုင်ငံဘက်မှ ဝယ်လိုအားကမြင့်တက်လျက် ရှိနေခဲဝင်ဖြစ်သည်။ ထို့ကြောင့် Proactive Policy Development (မဖြစ်ခင်ကြိုတင် အကာအကွယ်ပေးမည့်မူဝါဒ)များချမှတ် ရေး အရေးတကြီး လုပ်ဆောင်ရန် လိုအပ် နေသည်။ နိုင်ငံများစုပေါင်းပြီး ထိုပြဿနာ ကို အဖြေရှာကြရမည်ဖြစ်သည်။ တရုတ် နိုင်ငံဘက်သို့ ရောက်နေသည့်မြန်မာ အမျိုး သမီးများ၏ အခွင့် အရေးများ၊ တရုတ် အမျိုးသားများနှင့် အိမ်ထောင်ကျပြီးရရှိ လာသည့် ကလေးများ၏ အခွင့်အရေးများ၊ နိုင်ငံသားဖြစ်ရေးနှင့် တရားဝင်လက်ထပ်ခွင့် ရရှိရေးတို့ကို တရုတ်-မြန်မာ နိုင်ငံတော် အဆင့်ကိုယ်စားလှယ်များမှ ညှိနှိုင်းအဖြေရှာ သင့်သည်။ သို့မှသာ ရှင်းလင်းသည့်မူဝါဒများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည်ဖြစ်သည်။

**ဝင်းနိုင်ထွန်း**



# အလုပ်ရုံများအက်ဥပဒေအရ အလုပ်လုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

ဦးအောင်သန်း

မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမားဥပဒေ-၃ ခုမှာ အလုပ်လုပ်ချိန်ဆိုင်ရာ သတ်မှတ်ချက်တွေပါရှိပါတယ်။ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနဲ့ အကျုံးဝင်တဲ့ အလုပ်သမားတွေအတွက် အလုပ်လုပ်ချိန်ဆိုင်ရာ ခံစားခွင့်တွေကို သက်ဆိုင်တဲ့အလုပ်ရှင်၊ မန်နေဂျာနဲ့ အလုပ်သမားတွေသိရှိနိုင်ဖို့ ဖော်ပြလိုက်ပါတယ်။

အထည်ဝတ္ထု ဒါမှမဟုတ် အရာဝတ္ထုတွေကိုသုံးပြီး ပြုလုပ်တာ၊ ပြုပြင်တာ၊ ဆီထည့်တာ၊ ဆေးကြောတာ၊ အပြီးသတ်တာ၊ ထုတ်ပိုးတာစတဲ့လုပ်ငန်းတွေနဲ့ အထည်ဝတ္ထု ဒါမှမဟုတ် အရာဝတ္ထုတွေကိုသုံးပြီး မွမ်းမံတာ၊ တိုက်ချွတ်တာ၊ ခွဲစိတ်တာ၊ ချေမွန်းတာ စတဲ့ လုပ်ငန်းတွေဆောင်ရွက်တာကို ပြုလုပ်မှုလုပ်ငန်းစဉ်လို့ သတ်မှတ်ထားပါတယ်။

လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာနဲ့ ဖြစ်စေတဲ့အားနဲ့ ပေးပို့တဲ့အခြားအားတမျိုးမျိုးကို



ဖြစ်ပွားစေတာ၊ ပြောင်းလဲစေတာ၊ ပေးပို့တာတွေဆောင်ရွက်တာကို ပြုလုပ်မှုလုပ်ငန်းစဉ်လို့ သတ်မှတ်ပါတယ်။

ဆီး ရေ ဒါမှမဟုတ် မိလ္လာရေကို စုတ်တာ၊ ထုတ်တာတွေ ဆောင်ရွက်တာကို ပြုလုပ်မှုလုပ်ငန်းစဉ်ကို သတ်မှတ်ပါတယ်။

ပုံနှိပ်လုပ်ငန်းအမျိုးမျိုးနဲ့ စာအုပ်ချုပ်တာကို ပြုလုပ်မှုလုပ်ငန်းစဉ်လို့ သတ်မှတ်ပါတယ်။

သင်္ဘော၊ ဒါမှမဟုတ် ရေယာဉ်ကို တည်ဆောက်တာ၊ ပြန်တည်ဆောက်တာ၊ ပြုပြင်တာ၊ ပြန်လည်တပ်ဆင်တာ၊ အပြီးသတ်တာ၊ ဖျက်ခွဲတာတွေ ဆောင်ရွက်တာကို ပြုလုပ်မှုလုပ်ငန်းစဉ်လို့ သတ်မှတ်ပါတယ်။

အပေါ်မှာပြောခဲ့တဲ့လုပ်ငန်းစဉ်တွေမှာ အားကိုအသုံးပြုပြီး အလုပ်သမား ၅ ဦးနဲ့ အထက်လုပ်နေတဲ့အဆောက်အအုံနဲ့ ဥပစာ ဒါမှမဟုတ် အားကိုအသုံးမပြုဘဲ အလုပ်သမား ၁၀ ဦးနဲ့အထက်လုပ်နေတဲ့ အဆောက်အအုံနဲ့ ဥပစာတို့ကို အလုပ်ရုံများအဖြစ် သတ်မှတ်ပါတယ်။

ပင်လယ်ကူးသင်္ဘောကျင်း၊ သင်္ဘောတံတား၊ ဆိပ်ခံတံတားနဲ့ အဲဒါတွေနဲ့ စပ်လျဉ်းပြီး အသုံးပြုနေတဲ့သိုလှောင်ရုံတွေကို အလုပ်ရုံဥပဒေနဲ့ သက်ဆိုင်စေရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါအပြင် လူ ၁၀၀ ဖောက် မနည်း နိုင်းစေတဲ့ ကုန်သိုလှောင်ရုံ ဒါမှမဟုတ် ကုန်သိုလှောင်ရာဌာနကို အလုပ်ရုံအဖြစ် သက်ဆိုင်စေရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

အထူးအမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အလုပ်သမား တစ်ဦးနဲ့အထက် လုပ်ကိုင်နေတဲ့

အားကိုအသုံးပြုပြီး
အလုပ်သမား ၅ ဦးနဲ့
အထက်လုပ်နေတဲ့အဆောက်အအုံနဲ့
ဥပစာ ဒါမှမဟုတ် အားကိုအသုံးမပြုဘဲ
အလုပ်သမား ၁၀ ဦးနဲ့အထက်လုပ်နေတဲ့
အဆောက်အအုံ နဲ့ ဥပစာတို့ကို
အလုပ်ရုံများအဖြစ်....

ပုံနှိပ်လုပ်ငန်း၊ ဆိုက်ကြိတ်လုပ်ငန်း၊ မော်တော်ယာဉ်ပြုပြင်ရေးဌာနနဲ့ မော်တော်ယာဉ်ဆေးသုတ်ရာဌာနတွေကို ဥပဒေနဲ့ အကျုံးဝင်စေခဲ့ပါတယ်။ (မှတ်ချက်။ ပြည်သူပိုင်၊ သမဝါယမပိုင်နဲ့ ပုဂ္ဂလိကပိုင်မခွဲခြားဘဲ အကျုံးဝင်ပါတယ်) အထက်မှာဖော်ပြခဲ့တဲ့ အလုပ်ရုံလုပ်ငန်းတွေမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေဟာ အလုပ်ရုံများအက်ဥပဒေပါ အလုပ်လုပ်ချိန်ဆိုင်ရာတွေကို ခံစားခွင့်ရှိကြပါတယ်။

အလုပ်ချိန်သတ်မှတ်တာကို အလုပ်ရှင်မန်နေဂျာတွေက စီစဉ်ဆောင်ရွက်ရပါတယ်။ အလုပ်သမားတွေကို အလှည့်နဲ့လုပ်စေတယ်။ တစ်ချိန်တည်းမှာ အလုပ်သမားအားလုံးကို အလုပ်လုပ်စေတာ၊ တစ်မျိုးတည်းအလုပ်မှာ တစ်ဆက်တည်းအလုပ် တစ်လှည့်ထက်ပိုပြီးတော့အလုပ်မလုပ်စေတာ၊ အလှည့်နဲ့လုပ်စေတာ၊ အလှည့်နဲ့လုပ်တဲ့အခါ အလှည့်ပြောင်းပြီးလုပ်စေတာ ဒါမှမဟုတ် အလှည့်မပြောင်းဘဲလုပ်စေတာ စတဲ့နည်းလမ်းတွေကို မန်နေဂျာတွေက ရွေးချယ်ပြီးတော့ ဆောင်ရွက်နိုင်ပါတယ်။


> တစ်ချိန်တည်းမှာ အလုပ်သမား အားလုံးကို အလုပ်လုပ်စေတာ၊ တစ်မျိုးတည်းအလုပ်မှာ တစ်ဆက်တည်းအလုပ် တစ်လှည့်ထက်ပိုပြီးတော့ အလုပ်မလုပ်စေတာ၊ အလှည့်နဲ့လုပ်စေတာ၊ အလှည့်နဲ့လုပ်တဲ့အခါ အလှည့်ပြောင်းပြီး လုပ်စေတာ ဒါမှမဟုတ် အလှည့်မပြောင်းဘဲ လုပ်စေတာ စတဲ့နည်းလမ်းတွေကို・・・・


အလုပ်ရုံမန်နေဂျာဟာ အလုပ်ချိန်သတ်မှတ်လုပ်ကိုင်တဲ့အခါမှာ အောက်က အချက်တွေနဲ့ ညီညွတ်ဖို့လိုပါတယ်။

(က) အလုပ်သမားတစ်ဦးကို တစ်ရက်မှာ ၈ နာရီထက်ပိုပြီး အလုပ်မလုပ်စေရပါ။ အလုပ်သမားက ပိုလုပ်ချင်ရင်လည်း လုပ်ခွင့်မပြုရပါ။

(ခ) ရက်တစ်ရက်မှာလုပ်စေတဲ့အခါ အလုပ်စလုပ်ချိန်ကနေ ၅ နာရီမကျော်ခင်မှာ အနည်းဆုံး မိနစ် ၃၀ အနားပေးချိန် ခွင့်ပြုရပါတယ်။ အဲဒီလိုအနားပေးပြီးမှ ကျန်အလုပ်ချိန်ကို ဆက်လုပ်ကိုင်စေရပါတယ်။

(ဂ) ရက်တစ်ရက်အတွက်အမှန်တကယ် အလုပ်လုပ်ချိန်နဲ့ အနားပေးချိန် နှစ်ရပ်ပေါင်းတာ ၁၀ နာရီမကျော်စေရပါ။

(ဃ) အလုပ်သမားကို တနင်္ဂနွေနေ့မှာ အလုပ်မလုပ်စေရပါ။ အလုပ်သမားက လုပ်ချင်ရင်လည်း လုပ်ခွင့်မပြုရပါ။

(င) တနင်္ဂနွေနေ့ (၀၀း၀၀ နာရီ)ကနေ စနေနေ့ (၂၄း၀၀ နာရီ) သန်းခေါင်ချိန်ထိကို တစ်ပတ်လို့သတ်မှတ်ထားပါတယ်။ အဲဒီတစ်ပတ်အတွင်းမှာ အလုပ်သမားကို ၄၄ နာရီထက်ပိုပြီးတော့ အလုပ်မလုပ်စေရပါ။

(စ) ထူးခြားတဲ့အကြောင်းအချက်များရှိရင် တနင်္ဂနွေနေ့မှာ အလုပ်သမားကို အလုပ်လုပ်စေနိုင်ပါတယ်။ တနင်္ဂနွေ နေ့မှာ အလုပ်လုပ်မယ်ဆိုရင် အဲဒီနေ့မတိုင်မီ ၃ ရက်အနက်တစ်ရက်ရက်မှာ ရက်စားအနားပေးရပါတယ်။ ဒါမှမဟုတ် တနင်္ဂနွေပြီး နောက် ၃ ရက်အနက် တစ်ရက်ရက်မှာ ရက်စားအနား

ပေးရပါတယ်။ အဲဒီလိုလုပ်မယ့်အကြောင်း သက်ဆိုင်ရာ အလုပ်သမားဥပဒေစစ်ဆေးရေးရုံးကို စာနဲ့အကြောင်းကြားရပါတယ်။

(ဆ) အကြောင်းထူးတွေကြောင့် တစ်ရက်လုံးအဆက်မပြတ်လုပ်ရတဲ့ လုပ်ငန်းတွေမှာ တစ်ပတ်ကို ၄၈ နာရီမှ အလုပ်လုပ်စေနိုင်ပါတယ်။ အဲဒီလုပ်ငန်းတွေက-

(၁) လျှပ်စစ်ဓာတ်အားပေးစက် (၂) ရေခဲစက် (၃) ရေနံချက်စက် (၄) သစ်ပေါင်းတင်စက် (၅) ရေနံဆီမွှတ်စက် (၆) လေအားဒါမှမဟုတ် ဓာတ်ငွေ့အား လုပ်တဲ့စက် (၇) ဓာတုဗေဒလုပ်ငန်း (၈) အသီးအနှံကနေ ဆီထုတ်တဲ့စက် (၉) သကြားစက်တို့ဖြစ်ပါတယ်။

(ဇ)အဲဒီလုပ်ငန်း ကိုးမျိုးမှာ လုပ်နေတဲ့ အလုပ်ကိုပိတ်လို့ မရတဲ့အတွက် တစ်ပတ်တစ်ခါပိတ်ရက်ကို တနင်္ဂနွေနေ့လို့မသတ်မှတ်ဘဲ တစ်ပတ်မှာ တစ်ရက်အလှည့်ကျ အနားပေးတာ မျိုးလုပ်နိုင်ပါတယ်။ အနားပေးချိန်ကိုလည်း အလှည့်ကျပေးတာမျိုး လုပ်နိုင်ပါတယ်။

(ဈ) အလုပ်သမားတွေ ညသန်းခေါင်ကျော်တဲ့အလှည့်မှာ အလုပ်လုပ်ရရင် အဲဒီအလုပ်သမားအတွက် နောက်ရက်ဟာ သူလုပ်တဲ့အလှည့်ရဲ့ အလုပ်ချိန်ကုန်ပြီးတဲ့နောက်မှ စတဲ့ ၂၄ နာရီကာလအပိုင်းအခြားကို မှတ် ယူရပါတယ်။ သန်းခေါင်ကျော်ပြီး လုပ်ခဲ့တဲ့ နာရီတွေကို အလုပ်စလုပ်တဲ့ရက်ထဲ ထည့်တွက်ရပါတယ်။

မန်နေဂျာအဖြစ် ခန့်ထားခံရတဲ့ပုဂ္ဂိုလ်ဟာ အလုပ်ရုံမှာ အလုပ်လုပ်မယ့်အချိန်၊ အနားပေးချိန်နဲ့ ရက်သတ္တပတ်အလုပ်ပိတ်ရက်တွေကို စီစဉ်သတ်မှတ်ရပါတယ်။ တစ်ရက်ကို ၈ နာရီနဲ့ တစ်ပတ်ကို ၄၄ နာရီ လုပ်ရတဲ့အလုပ် ရုံတွေအတွက် တနင်္လာနေ့ကနေ သောကြာနေ့အထိ တစ်ရက်ကို ၈ နာရီစီနဲ့ စနေနေ့မှာ ၄ နာရီ (၅ ရက်ခွဲ) လုပ်တဲ့နည်းနဲ့ တနင်္လာနေ့ ကနေ စနေနေ့ အထိ တစ်ရက်ကို ၇ နာရီ မိနစ် ၂၀ စီ (၆ ရက် လုပ်တဲ့နည်းဆိုပြီး နှစ်နည်းကျင့်သုံးနိုင်ပါတယ်။ အဲဒီလိုစီစဉ်တဲ့အခါမှာ အနားပေးတာ အလုပ်ချိန်အစအဆုံး သတ်မှတ်တာတွေဟာ အက်ဥပဒေနဲ့ ညီဖို့လို ပါတယ်။ တစ်ပတ်တစ်ခါပိတ်ရက်အဖြစ် တနင်္ဂနွေနေ့ကို သတ်မှတ်ရပါတယ်။ ဒေသရဲ့ ဓလေ့ထုံးစံအရ အခြားနေ့တစ်နေ့ကိုပိတ်ပြီး ဥပဒေနဲ့အညီ ရက်စားအနားပေးတယ်ဆိုရင် တနင်္ဂနွေနေ့မှာ လုပ်ဖို့ ခွင့်ပြုခဲ့တဲ့အစဉ်အလာ ရှိခဲ့ပါတယ်။ အညာဒေသမှာ တနင်္ဂနွေနေ့ အလုပ်လုပ်ပြီး ဥပုသ်နေ့ကို ပိတ်တာမျိုးဖြစ်ပါတယ်။

ကုန်ပစ္စည်းထုတ်လုပ်ရာမှာ အလုပ်ချိန်ကိုအပြည့်အဝအသုံးချနိုင်ဖို့ ကုန်ကြမ်းနဲ့ထွက်တဲ့ ကုန်ချောတွေ အလေအလွင့်နည်းစေဖို့နဲ့ အပျက်အစီးနည်းစေဖို့အတွက် တစ်ဆိုင်း တည်းလည်ပတ်တဲ့ ဆီစက်တွေမှာ အားလပ်ချိန်ကို အလုပ်ရုံမပိတ်ဘဲ အလုပ်ရုံလည်ပတ်နေတဲ့ အချိန်တွင်းမှာပဲ အလုပ်သမားတွေကို အလှည့်ကျအနားပေးပြီး လုပ်တာမျိုးကို ခွင့်ပြုခဲ့တဲ့အစဉ်အလာရှိပါတယ်။ ဆန်စက်တွေမှာ အလားတူ ဆောင်ရွက်နိုင်ပါတယ်။ အဲဒီလိုလုပ်တဲ့လုပ်နည်းတွေဟာ အလုပ်ချိန်အစအဆုံး ၈ နာရီထက် မပိုအောင်သတ်မှတ်ရပါတယ်။ အလှည့်ကျအနားပေးချိန်ကို အစ်

ဥပဒေနဲ့အညီ တစ်ဆက်တည်းအလုပ်လုပ်ချိန် ၅ နာရီ မကျော်ခင်မှာ အနည်းဆုံး မိနစ် ၄၀ အနားပေးရပါတယ်။

တစ်ရက် ၈ နာရီနဲ့ တစ်ပတ် ၄၄ နာရီ လုပ်ရတဲ့ အလုပ်ရုံတွေမှာ လုပ်ငန်းလိုအပ်ချက်ရှိလျှင် တစ်လှည့်ထက်ပိုပြီး လုပ်နိုင်ပါတယ်။ အလှည့်တွေနဲ့လုပ်တဲ့အခါမှာလည်း အလှည့်တိုင်းအတွက် အလုပ်လုပ်ချိန်၊ နားချိန်၊ နားရက်၊ အလုပ်ချိန်အစအဆုံး စတာတွေကို အက်ဥပဒေနဲ့အညီ စီစဉ်ရပါတယ်။

အလုပ်ရုံအသစ်တွေဟာ အလုပ်စမလုပ်မီ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာကိုစီစဉ်ပြီး သက်ဆိုင်ရာ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးအရာရှိတွေဆီ ပို့ရပါတယ်။

တစ်နှစ်မှာ ရက်ပေါင်း ၁၈၀ အောက်သာ လုပ်ရတဲ့အလုပ်ရုံဖြစ်ရင် အလုပ်စမလုပ်မီအလုပ်လုပ်ရန် ကာလအပိုင်းခြားဆိုင်ရာ နို့တစ်စာကို သက်ဆိုင်ရာ ဦးစီးအရာရှိဆီပို့ရပါတယ်။

ကျင့်သုံးနေတဲ့ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာဟာ အနည်းဆုံးတစ်ပတ်ကျင့်သုံးပြီးနောက်အချက်အလက်ပြောင်းချင်ရင် အလုပ်လုပ်ရန်ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာအသစ်ကိုမပြောင်းမီ သက်ဆိုင်ရာဦးစီးအရာရှိဆီပို့ရပါတယ်။

တစ်ပတ်ပြည့်အောင် မကျင့်သုံးရသေးတဲ့ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာမှာပါတဲ့ အချက်အလက်ကို ပြောင်းချင်တယ်ဆိုရင် သက်ဆိုင်ရာဦးစီးအရာရှိရဲ့ ခွင့်ပြုချက်အရ နို့တစ်စာအသစ်ကို ပေးပို့နိုင်ပါတယ်။

အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာကို အလုပ်ရုံမန်နေဂျာများက စီစဉ်ရေးမှတ်ပြီး သက်ဆိုင်ရာဦးစီးအရာရှိဆီသို့ ပို့ရပါတယ်။ မန်နေဂျာအသစ်ခန့်တိုင်း နို့တစ်စာကို ပေးပို့ရပါတယ်။

အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာပါအချက်တွေကို အလုပ်ရုံ အက်ဥပဒေအရ ထားရှိရတဲ့ အလုပ်သမား မှတ်ပုံတင်စာအုပ်မှာ ရေးမှတ်ထားရပါတယ်။

အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာကို အလုပ်ရုံအဝင်တံခါးမကြီးမှာ ဖြစ်ဖြစ် အနီးအနားမှာ ဖြစ်ဖြစ် ဦးစီးအရာရှိက ညွှန်ကြားတဲ့နေရာတွေမှာ အလွယ်တကူဖတ်နိုင်အောင်၊ ထင်ထင်ရှားရှားဖတ်နိုင်အောင်နဲ့ မြင်သာအောင် ကပ်ထားရပါတယ်။ အဲဒါအပြင် သန့်ရှင်းစင်ကြယ်စွာ ထားရှိရပါတယ်။ အလုပ်သမားတွေကို အလုပ်ရုံမှာပြသထားတဲ့ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာပါအချက်တွေနဲ့အညီမှလွဲလို့ အလုပ်ရုံမှ တခြားနည်းနဲ့ အလုပ်မလုပ်စေရပါ။ အလုပ်သမားက လုပ်ချင်ရင်လည်း လုပ်ခွင့်မပြုရပါ။

များပြားတဲ့အလုပ်တွေကို လုပ်နိုင်စေဖို့ တစ်နည်းအားဖြင့် အချိန်ပိုလုပ်ကိုင်နိုင်စေဖို့ အလုပ်ရုံမှာပြသထားတဲ့ အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာပါ အချက်အလက်တွေကို အင်စပက်တော်ချုပ် (ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) က ကင်းလွတ်ခွင့်ပြုနိုင်ပါတယ်။

**ဦးအောင်သန်း**



# ဥပဒေနှင့်အညီ

## ဝသုန်

၂၀၁၆ ခုနှစ်၊ မေလ (၁၈) ရက်နေ့ မွန်းလွဲ တစ်နာရီခန့်က နေပြည်တော် ကောင်စီနယ်မြေအဝင်၌ စစ်ကိုင်းမြို့ ပတ္တမြား စက်မှုဇုန်ရှိ Myanmar Venner Plywood သစ်အချောထည်စက်ရုံမှ အလုပ်သမား ၁၀၀ ကျော်ပါဝင်သည့် ဆန္ဒပြ သပိတ်စစ်ကြောင်းကို ရဲတပ်ဖွဲ့က အင်အားသုံး ဖြိုခွင်းခဲ့ကြောင်း သတင်းစာတွင် ဖတ်ရှုရသည်။ သို့သော် အစိုးရသစ်လက်ထက် ပထမဆုံးအလုပ်သမားဆန္ဒပြမှုကို ဖြိုခွင်းရာတွင် ရဲတပ်ဖွဲ့ အင်အား အများအပြား သုံးခဲ့သော်လည်း အကြမ်းဖက် လုပ်ဆောင်ခြင်း မရှိကြောင်း သိရသဖြင့် စိတ်သက်သာခဲ့ရပေသည်။ စာရေးသူမှာ အလုပ်သမားဌာနတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရာ အလုပ်သမားများ၏ဘဝကို သိရှိစာနာ နားလည်ခဲ့သည်။ သူတို့ဒုက္ခ မရောက်စေချင်၊ အချုပ်ခံရခြင်း၊ ထောင်ကျခြင်းတို့ လုံးဝမဖြစ်စေချင်။ သူတို့သည် အခြားသူများအား ဒုက္ခပေးတတ်သည့် ရာဇဝတ်သားများ မဟုတ်သဖြင့် အချုပ်ခန်းနှင့် ထောင်တို့သည် သူတို့၏ နေရာ မဟုတ်။ သို့ပါ၍ အလုပ်သမားများအား မိမိ၏ တူ သားများသဖွယ် သဘောထား၍ ဤဆောင်းပါးကို ရေးခြင်း ဖြစ်ပါသည်။

အလုပ်သမား အများစုမှာ ပညာရေး နိမ့်ပါးကြသည်။ အတတ်ပညာ နည်းပါးကြသည်။ အသိပညာ ဗဟုသုတလည်း နည်းပါးမှုကြောင့် အများစုသည် အခြေခံ လုပ်ခများသာ



**ညှိနှိုင်းဖြေရှင်းရေးအဖွဲ့သည် မြန်မြန် ဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရပါက သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေး ရမည်။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ခုံသမာဓိကောင်စီ၏ အဆုံး အဖြတ်ကို ခံယူရန် လျှောက်ထားခြင်း သို့မဟုတ် အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ် မှောက်ခြင်းတို့ကို ...**

ရရှိကြသည်။ အဘက်ဘက်က တက်နေသော ကုန်ဈေးနှုန်းကြောင့် စားဝတ်နေရေး ကြပ်တည်းနေကြသူကများသည်။ အသိပညာ နည်းပါးမှုကြောင့် ပြဿနာတစ်ရပ် ကို စနစ် တကျ မဖြေရှင်းတတ်ကြ။ ပြဿနာ အားလုံး ကို အစိုးရက တာဝန်ယူဖြေရှင်းပေး ရမည်ဟု လည်းကောင်း အစိုးရကို အင်အား ပြအရေးဆို အကြပ်ကိုင်သောနည်းဖြင့် တောင်းဆိုမှသာ မိမိတို့လိုလားချက်များကို လိုက်လျောပေး လိမ့်မည်ဟုလည်းကောင်း တလွဲထင်နေကြ သည်။ မိဘ၏ အခက်အခဲကို မသိဘဲ မိမိ အလိုမပြည့်သဖြင့် ဂျစ်တိုက်ပြနေသော ကလေးငယ်တဲ့သို့တည်း။

Myanmar Venner Plywood သစ်အချောထည်စက်ရုံမှ အလုပ်သမား ပြဿနာ၏အစမှာ အဆိုပါ စက်ရုံမှ အလုပ် သမား ၁၆၂ ဦးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် စက်ရုံ ပိုင်ရှင်က အလုပ်မှ ထုတ်လိုက်ခြင်းအပေါ် အလုပ်သမားများ မကျေနပ်၍ ယင်းစက်ရုံ အနီး၌ ထိုင်သပိတ် ပြုလုပ်ခဲ့ခြင်းမှ စခဲ့သည်။ ထိုင်သပိတ် ပြုလုပ်နေစဉ်ကပင် သက်ဆိုင်ရာ တာဝန်ရှိ သူများက ဥပဒေနှင့်အညီ ဖြေရှင်းနိုင် ရန် ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်ခဲ့။ ဆန္ဒပြအလုပ်သမားများသည် ဧပြီ ၂၉ ရက် နေ့မှစတင်ကာ စစ်ကိုင်းမြို့မှ နေပြည်တော်သို့ လမ်းလျှောက် ချီတက်ခဲ့ကြသည်။ နေပြည် တော်သို့ မရောက်မီ အလုပ်သမားဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင် သော တာဝန်ရှိသူများက သွားရောက်ညှိနှိုင်း ဖြေရှင်း ပေးသော်လည်း သဘောတူညီမှု မရခဲ့။ တစ်ဖန် အလုပ်သမားခေါင်းဆောင် များနှင့် အလုပ်ဌာနမှ တာဝန် ရှိသူများအား နေပြည် တော်သို့ ခေါ်ယူ၍ ဥပဒေနှင့်အညီ ညှိနှိုင်း ပေးခဲ့သော်လည်း ပြေလည်မှုမရခဲ့။ အလုပ် သမားဌာနမှ တာဝန် ရှိသူ အဆင့်ဆင့် သည် အဆိုပါ အလုပ်သမားများ၏ ဆန္ဒ ဖော်ထုတ်မှုကို ဥပဒေနှင့်အညီ ညှိနှိုင်းဖြေ ရှင်းရန် စစ်ကိုင်းမြို့တွင်လည်းကောင်း။ နေပြည်တော် သို့ ချီတက်ရာ လမ်းခရီးတွင် လည်းကောင်း၊ နေပြည်တော်ဝန်ကြီး ဌာနတွင် လည်းကောင်း အကြိမ်ကြိမ် ကြိုးပမ်းခဲ့ ကြောင်း တွေ့ရသည်။ တစ်ဘက်တွင်လည်း အဆိုပါ အလုပ်သမား ပြဿနာအား ဥပဒေ နှင့်အညီ အဆင့်ဆင့်ဖြေရှင်း ဆောင်ရွက်လျက် ရှိရာ ခုံသမာဓိကောင်စီအထိ ရောက်နေပြီ ဖြစ်သည်။ ညှိနှိုင်းဖြေရှင်းသော်လည်း သဘော တူညီချက် မရသဖြင့် နောက်ဆုံးတွင် အဆိုပါ သပိတ်စစ်ကြောင်းအား နေပြည်တော်သို့ အဝင်မခံမည် မဟုတ်ကြောင်း အတိအလင်း

သတိပေးခဲ့သည်။ သို့သော် ဇွတ်တိုးဝင်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဖြင့် အင်အားသုံးဖြိုခွင်းခံခဲ့ရပြီး အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် အလုပ်သမားရေးရာ ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရန် ဥပဒေ ၁၉ ခုပြဋ္ဌာန်း ကျင့်သုံးလျက်ရှိသည်။ အလုပ်သမားအဖွဲ့အစည်း ဥပဒေပုဒ်မ ၄၄ (ဃ) အရ အလုပ်သမား အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းကို တားမြစ်ထားသည်။ အလုပ်မှ ရပ်စဲခံရသော အလုပ်သမားနှင့် ပတ်သက်၍ အလုပ်ရှင်က ပေးရမည့် နစ်နာကြေးနှုန်းထားများကို အလုပ်သမား ရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၅၀ (ခ) နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၄၁ (ခ) တို့အရ (၃-၇-၂၀၁၅) ရက်စွဲပါ အမိန့် ကြော်ငြာစာ အမှတ် (၈၄/ ၂၀၁၅) ဖြင့် ထုတ်ပြန်သတ်မှတ်ပြီး ဖြစ်သည်။ အလုပ်သမား အလုပ်ရှင် အငြင်းပွားမှုဖြစ်ပါက ဖြေရှင်းရမည့် နည်းလမ်း အဆင့်ဆင့်ကိုလည်း အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေအရ သတ်မှတ်ထားပြီး ဖြစ်ပါသည်။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု များအပါအဝင် အလုပ်သမား ပြဿနာ များသည် ကမ္ဘာ့နိုင်ငံ အများအပြားတွင် ဖြစ်လေ့ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ခေတ် အဆက်ဆက် ဖြစ်ခဲ့ဖူးသည်။ ထိပ်တိုက်ရင် ဆိုင်ဖြေရှင်းခြင်းထက် ဥပဒေနှင့်အညီ စေ့စပ် ညှိနှိုင်းဖြေရှင်းခြင်းကသာလျှင် အကောင်းမွန် ဆုံး နည်းလမ်းဖြစ်သည်။ အလုပ်ရှင်၊ အလုပ် သမား အငြင်းပွားမှုများ ဖြေရှင်းရန် ၂၀၁၂ ခုနှစ်၊ မတ်လတွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၅) ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြေရှင်းရေးဥပဒေကို ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေအရ အလုပ် သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းရန် အငြင်းပွားမှု ဖြစ်ပွားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများမှစ၍ ဝန်ကြီးဌာန အဆင့် အထိ အဆင့် (၄) ဆင့်ဆင့်ခွဲ၍ ဖြေရှင်း ဆောင်ရွက်ရမည် ဖြစ်သည်။

ယင်းတို့မှာ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း ဌာန အဆင့်တွင် အလုပ်သမားရေးရာ လုပ် ငန်းညှိနှိုင်းရေးကော်မတီ၊ မြို့နယ်အဆင့်တွင် အငြင်းပွားမှုညှိနှိုင်းဖြန်ဖြေရေး အဖွဲ့၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အငြင်း ပွားမှု ဖြေရှင်းရေး ခုံသမာဓိ အဖွဲ့၊ အမြင့် ဆုံးအဆင့်တွင် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိကောင်စီ တို့ဖြစ်သည်။ အဆင့်တိုင်း တွင် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမား ကိုယ်စားလှယ် နှင့် အလုပ် သမားရေးရာ ကျွမ်းကျင်သူတို့ ပါဝင်သည်။ အဆိုပါ အဖွဲ့ အစည်း အသီးသီး သည် အငြင်းပွားမှုများကို တည်ဆဲအလုပ်သမား ဥပဒေများနှင့်အညီ ဆုံးဖြတ်ရမည် ဖြစ်သည်။

ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သည် ဖြန်ဖြေ ဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရပါက သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေး ရမည်။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ခုံသမာဓိကောင်စီ၏ အဆုံး အဖြတ်ကို ခံယူရန် လျှောက်ထားခြင်း သို့မဟုတ် အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ် မှောက်ခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေနှင့် အညီ ပြုလုပ်နိုင်သည်။ ခုံသမာဓိ ကောင်စီ၏

ဆုံးဖြတ်ချက်ကို တွေ့နိုင်မှုမရှိပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်အညီ ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်လွှာ တင်နိုင်သည်။ အလုပ်သမားများသည် မိမိတို့၏ နစ်နာချက်များ၊ မိမိတို့၏ လိုလား ချက်များကို တောင်းဆိုလိုပါက ဥပဒေနှင့်အညီ တရားဝင်နည်းလမ်းများဖြင့်သာ တောင်းဆို စေချင်ပါသည်။ အလုပ်ရှင်များကလည်း အလုပ်သမားများသည် မိမိတို့အား အကျိုး ပြုသူ စီးပွားဖက်များ ဖြစ်ကြောင်း နားလည် လက်ခံစေချင်သည်။ တာဝန်ရှိသူများကလည်း ပြဿနာကြီးငယ်မဟူ အလေးထား၍ ဥပဒေ နှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးစေချင်ပါသည်။

အကယ်၍ အထက်ပါ နည်းလမ်းများ ဖြင့် တောင်းဆို၍ မရသဖြင့် ဆန္ဒဖော်ထုတ် လိုပါက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ နှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့် ရှိပါ သည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) "နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ" အခန်း၊ ပုဒ်မ ၃၅၄ (ခ) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထား ပါသည်။ ထိုသို့ စီတန်းလှည့်လည်ရာတွင် စည်းကမ်းတကျ ဆောင်ရွက်ရန် ၂၀၁၁ ခုနှစ်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခွင့်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ဥပဒေ အခန်း (၃) နှင့် (၄) တွင် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် တောင်းခံ ရမည့်နည်းလမ်းနှင့် အယူခံဝင်ခွင့် ကိုပါ ဖော်ပြပေးထားပါသည်။ သို့ပါ၍ အလုပ်သမား များသည် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် လိုပါက အဆိုပါ ဥပဒေကို လိုက်နာသင့်ပေ သည်။ သို့မှသာ ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးခံရခြင်းမှ ကင်းဝေးပေလိမ့်မည်။

အလုပ်သမားများသည် မိမိတို့၏လိုလား ချက်များကို ဥပဒေနှင့်အညီသာ တောင်းဆို သင့်ပါသည်။ လမ်းလျှောက်ချီတက် ဆန္ဒပြ တောင်းဆိုခြင်းဖြင့် မိမိတို့၏တောင်းဆိုချက် များ ရရှိလိမ့်မည်ဟု မမှတ်ယူသင့်တော့ပါ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကပင် ဥပဒေကို လေးစားလိုက်နာ ကြရန် တိုက်တွန်းထားသည်။ ဒီမိုကရေစီစနစ် လှမ်းနေသော နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံသားတိုင်းက ဥပဒေကို လေးစားလိုက်နာမှု ရှိမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပေသည်။ အလုပ်ရှင်နှင့် အလုပ်သမားများသည်လည်း နိုင်ငံသားများဖြစ်သည်နှင့်အညီ ဆိုင်ရာဥပ ဒေများကို လေးစားလိုက်နာသင့်ပေသည်။ သို့မှသာ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအား တိုးတက်ပေလိမ့်မည်။ ငြိမ်းအေးပြီး ပြဿနာနည်းသော အလုပ်သမား လောက တည်ရှိမှသာလျှင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက ပိုမိုစိတ်ဝင်စားကြပေ လိမ့်မည်။ မိမိတို့အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်လိမ့်မည်။ မိမိက အလုပ်ရှာရသောခေတ်မှ အလုပ်ကမိမိအား ရှာရသောခေတ်ဆီသို့ ရောက်ပေလိမ့်မည်။

ဤနည်းဖြင့် ယဉ်ကျေးသိမ်မွေ့ သော ဥပဒေစည်းကမ်းလိုက်နာသော၊ လုပ်ငန်းခွင် ဆက်ဆံရေး ကောင်းမွန်သော ကုန်ထုတ်လုပ်မှု ရပ်ဝန်းတည်ဆောက်သင့်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

**ဝဆုန်**

Labour Digest
# JOKES




“‘နှစ်’ နဲ့ ‘နှစ်’ ကိုတွက်ကြည့်ရင် ဘာရမလဲ”

အင်တာဗျူးလုပ်နေတဲ့ အရာရှိကြီးက အလုပ်လာလျှောက်တဲ့ လူလေးယောက်စလုံး ကို ဒီမေးခွန်းတစ်ခုတည်း မေးလိုက်တာပါ။

ပထမဆုံး ဖြေတဲ့လူက ဂျာနယ်လစ်ဖြစ်ပြီး သူက ‘နှစ်ဆယ့်နှစ်’ လို့ ဖြေလိုက်ပါတယ်။ ဒုတိယ ဖြေတဲ့လူက အင်ဂျင်နီယာဖြစ်လေတော့ အသေးစိတ်ကျကျတွက်ချက်ပြီး ‘၃. ၉၉၉ နဲ့ ၄. ၀၀ ရဲ့ကြားမှာ’ လို့ ဖြေလိုက်တာပေါ့။ တတိယလူက ရှေ့နေဖြစ်တာနဲ့အညီ တရားရုံးအမှု တစ်ခုအသွားအလာအတိုင်း ‘နှစ်နဲ့ နှစ်ဆိုတာ လေးဖြစ်လာစေဖို့ သက်သေပြနိုင်တဲ့ အထောက်အထားတစ်ခုပါ’ လို့ ဖြေလိုက်ပါတယ်။

နောက်ဆုံးဖြေရတဲ့သူက၊ စာရင်းကိုင်တစ်ယောက်ပါ။ သူက ဒီမေးခွန်းကြားလိုက်တာနဲ့ အင်တာဗျူးလုပ်သူ အရာရှိကြီးနားရွက်ဆီကပ်သွားအောင် သူ့ကိုယ်ကို ရှေ့ကိုင်းလိုက်ပြီး၊ လေသံလေးနဲ့ တိုးတိုးလေးကပ်ပြောလိုက်ပါတယ်။

“ဆရာသမားက ဘယ်လောက်ဖြစ်အောင် လုပ်ပေးစေချင်လို့တုန်း။ ပြောလေ”

Reader's Digest
သင်းမြတ်ကို

# ပြည်သူ့ အတွက် ပထမ ရက် ၁၀၀



အောင်သီဟ
(လူမှုဖူလုံရေး)

ပြောင်းလဲချိန်တန်ပြီဆိုသည့် ပြည်သူ့တို့၏ ရင်တွင်းမှ နက်ရှိုင်းသော အသိတရားဖြင့် ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရ ဖြစ်သည်နှင့်အညီ ပြည်သူ့အတွက် သိသာထင်ရှားသော အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့် အစိုးရ၏ ပထမ ရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ပြည်သူတို့၏ မျှော်လင့်ချက်ကို လင်းလက်စေမည်ဖြစ်ပေသည်။ ပထမ ရက် ၁၀၀ သည် ခေတ်သစ်၏ အရှက်ဦးလည်း ဖြစ်သည်။ အရှက်ဦး၏နောက်ဝယ် တောက်ပသောနေ့သစ်များ မုချမသွေ ရောက်လာပေလိမ့်မည်ဟု ပြည်သူတို့ ယုံကြည်နေကြသည်။ အစိုးရသစ်၏ ပထမ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအနက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြု ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း တင်ပြလိုက်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားဆက်ဆံရေးဦးစီးဌာနဟူ၍ ဌာနလေးခုရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာကိစ္စများဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့



အင်အားဦးစီးဌာနဟူ၍ ဌာနသုံးခုဖြင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ သန်း ၅၀ ကျော်ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် အင်အားမှာ ၃၂ သန်းခန့်ရှိသော်လည်း အမှန်တစ်ကယ် အလုပ်လုပ်နေသူ ၂၂ သန်းခန့်ရှိကြောင်း တွေ့ရပါသည်။ အလုပ်သမားများသည် တိုင်းပြည်တည်ဆောက်ရေးတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေကြသူများဖြစ်၍ ထိုက်တန်သည့်လုပ်ခလစာရရှိရန်နှင့် လုပ်ငန်းခွင်တွင် ပျော်ပိုက်ရန် အရေးကြီးပါသည်။ ထို့နည်းတူ အလုပ်ရှင်နှင့် အလုပ်သမားများ အကြား နားလည်မှု ရှိရန်လည်း အရေးကြီးပါသည်။

အလုပ်သမားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အလုပ်သမားဆိုင်ရာ ဥပဒေ ၁၈ ခု ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေများအနက် အလုပ်သမား အဖွဲ့အစည်း ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေ

ဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေတို့ ပြင်ဆင်သည့်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေ စသည့် ဥပဒေများကို ခေတ်နှင့်လျော်ညီအောင် အသစ်ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီး ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံခြားသား အလုပ်သမားဥပဒေနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေတို့အား ရက် ၁၀၀ အတွင်း ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက် လျက်ရှိသည်။

ဝန်ကြီးဌာနမှ ကျင့်သုံးလျက် ရှိသောဥပဒေများကို အလုပ်ရှင်များ၊ အလုပ်ဌာနမန်နေဂျာများ၊ အလုပ်သမားများ၊ Stakeholder များ ကောင်းမွန်စွာ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီး၊ မော်လမြိုင်၊ ဘားအံ၊ စစ်တွေ၊ ထားဝယ်နှင့် မြိတ်မြို့များတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများက စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများသို့ အရောက်သွား၍ အလုပ်သမားရေးရာ ကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်သွားမည် ဖြစ်သည်။ ထိုသို့ အသိပညာပေးခြင်းဖြင့် အလုပ်သမားများသည် မိမိတို့တွေကြုံခံစားနေရသည့် ကိစ္စသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ စသည့်အမှား အမှန်ကို ခွဲခြားနားလည်နိုင်မည် ဖြစ်သည်။ မိမိတို့ အခွင့်အရေး တောင်းဆိုလိုသည့်အခါတွင်လည်း ဥပဒေနှင့်အညီ တောင်းဆိုရမည့် နည်းလမ်းများကို သိရှိပြီး အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရတို့ ညှိနှိုင်း၍ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာဖြစ်ပေါ်လာပါက အလုပ်ရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေအရ စက်ရုံအလုပ်ရုံများတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ၊ မြို့နယ်များတွင် အငြင်းပွားမှု ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အငြင်းပွားမှု ဖြေရှင်းရေး နုံသမာဓိအဖွဲ့နှင့် အငြင်းပွားမှု ဖြေရှင်းရေး နုံသမာဓိကောင်စီတို့က ဥပဒေနှင့်အညီ အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးမည် ဖြစ်သည်။

ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းနှင့် နိုင်ငံအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ်တွင် နေထိုင်သော တိုင်းရင်းသားများအား လုပ်ငန်းခွင် ကျွမ်းကျင်မှုများရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် သက်မွေးပညာသင်တန်းကျောင်းများကို ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့

အင်အားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မေလနှင့် ဇွန်လအတွင်း မြဝတီ၊ တာချီလိတ်နှင့် ထားဝယ်ဒေသများတွင် မြန်မာနိုင်ငံသားများအား ထိုင်းနိုင်ငံရှိ သက်မွေးပညာ သင်တန်းကျောင်းများမှ နည်းပြများ၊ ပညာရှင်များက သင်တန်းလာရောက်ပို့ချ ပေးမည်ဖြစ်ပြီး ထိုင်းနိုင်ငံ အသက်မွေးပညာ အသိအမှတ်ပြုလက်မှတ်များ ရရှိအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေး အခြေအနေ ပြောင်းလဲလာမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ပိုမိုကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများရရှိမှုနှင့် လူနေမှု အဆင့်အတန်းကွာဟမှု စသည်များကြောင့် တစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်သည့် ရွှေ့ပြောင်း အလုပ်သမားများ အရေအတွက်သည် တစ်နေ့တစ်ခြား တိုးပွားလာနေသည်။ မြန်မာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ မြန်မာ အလုပ်သမားများအား ပြည်ပနိုင်ငံများသို့ တရားဝင်လမ်းကြောင်းမှ စေလွှတ်ပေးခဲ့ပြီး ဥပဒေနှင့် အညီ စနစ်တကျဖြစ်စေရန် ၁၉၉၉ ခုနှစ်တွင် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

သို့ရာတွင် ကျေးလက်တွင် နေထိုင်သူအများစုသည် လုပ်ငန်းခွင် ကျွမ်းကျင်မှုမရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ပညာရေး အခြေခံအားနည်းခြင်း ဗဟုသုတဆိုင်ရာ အားနည်းခြင်း စသည့်အကြောင်းများကြောင့် ပြည်ပနိုင်ငံများသို့ လူပွဲစားများမှတစ်ဆင့် တရားမဝင်လမ်းကြောင်းဖြင့် သွားရောက် အလုပ်လုပ်ကိုင်နေကြရာ ထိုက်သင့်သော လုပ်ခလစာ မရရှိခြင်း၊ အလုပ်သမား အခွင့် အရေးများ အပြည့်အဝ မရရှိခြင်းတို့ကို ခံစားဆဲဖြစ်သည်။

ဝန်ကြီးဌာန၏ ပထမရက် ၁၀၀ စီမံချက်ကာလအတွင်း ရွှေ့ပြောင်းလုပ်သားများ လုံခြုံစွာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နိုင်ရေးအတွက် သိသင့်သိထိုက်သော သတင်းအချက်အလက်များအား ပြည်သူများကြား တိကျမြန်ဆန်စွာ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေး ဗဟိုဌာနနှစ်ခုကို ရွှေ့ပြောင်းလုပ်သားများ အများဆုံးနေထိုင်ရာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) တို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဖွင့်လှစ်ပေးသွား မည်ဖြစ်သည်။

ထိုင်းနိုင်ငံ အစိုးရနှင့် မြန်မာနိုင်ငံ အစိုးရတို့အကြား အလုပ်သမားခန့်ထားရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU) ကို နှစ်နိုင်ငံ ညှိနှိုင်းလက်မှတ်ရေးထိုး ဆောင်ရွက်မည့်ကိစ္စများအပြင် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု ဆွေးနွေးပွဲများကိုလည်း ရက် ၁၀၀ အတွင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

လူမှုဖူလုံရေး အကျုံးဝင်သည့် အာမခံ အလုပ်သမားများအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို လူမှုဖူလုံရေး ဆေးခန်းများ၊ အလုပ်သမားဆေးရုံကြီး သုံးခု

တို့ဖြင့် ဆောင်ရွက်ပေးနေသည့် အပြင် ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် လူမှုလုံခြုံရေးအဖွဲ့နှင့် သုခမင်္ဂလာ အထွေထွေ ရောဂါကုဆေးခန်းတို့ ပူးပေါင်း၍ တစ်နိုင်ငံလုံး တွင် လူမှုဖူလုံရေးနှင့် အကျုံးဝင်သော အလုပ် ဌာန အရောက် ရွေ့လျား ဆေးကုသရေးယာဉ် ဖြင့် ကွင်းဆင်းကုသပေးခြင်း၊ လူမှုဖူလုံရေး အဖွဲ့နှင့် ကဲဝဲလ် မက်ဒီကယ်ကုမ္ပဏီတို့ ပူးပေါင်း၍ လှိုင်သာယာမြို့နယ်တွင် လူမှုဖူလုံ ရေး-ကဲဝဲဆေးခန်းကို ဖွင့်လှစ်ပေးထားသည့် အပြင် ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံ မြို့နယ်တို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ် လျက်ရှိသည်။

ထိုနည်းတူ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်း အတွင်း ဝန်ရုံးဘက်မှလည်း ရက် ၁၀၀ စီမံ ချက်ကာလ အတွင်း လူဝင်မှုကြီးကြပ်ရေးဦးစီး ဌာနအနေ ဖြင့် အမည်မည်း (Black List) စာရင်း သွင်းခံထားရသူများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေ လျှော့ခြင်းလုပ်ငန်းကို ဇူလိုင်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ရာတွင် အင်တာပိုမှ နိုင်ငံတကာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုများနှင့် အမည်မည်းစာရင်း ရေးသွင်းထားသူများ၊ မြန်မာနိုင်ငံအတွင်း ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံခဲ့ရသဖြင့် အမည်မည်းစာရင်း ရေးသွင်းခံရသည့် နိုင်ငံ ခြားသားများ၊ နိုင်ငံကူးလက်မှတ် (Passport) စာအုပ်များ ပျောက်ဆုံးပျက်စီး ကြောင်း အကြောင်းကြားသဖြင့် အမည်မည်း စာရင်း ရေးသွင်းထားသူများကို ဖြေလျှော့ပေး မည် မဟုတ်ပါ။ ထို့ပြင် ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များ လွယ်ကူစေရေးအတွက် ဥပဒေ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်သည်။ ပြည်ဝင်ဗီဇာ (၁၂) မျိုး လျှောက် ထားရာ၌ အမျိုးဗီဇာများအတွက် လိုအပ်သော အထောက်အထားများ အခက်အခဲရှိခြင်း ကြောင့် ပြည်ထောင်စုရွှေနေချုပ်ရုံးနှင့် နိုင်ငံ ခြားရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူ၍ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ပြည်သူ့အင်အားဦးစီးဌာနသည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ တစ်နိုင်ငံ လုံး အတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူခဲ့ပြီး ဖြစ်သည်။ အဆိုပါစာရင်းအရ စုစုပေါင်းလူဦးရေ ၅၁၄၈၆ ၂၅၃ ဦး ရှိသည့် အနက် ရွှေ့ပြောင်းနေထိုင်သူ လူဦးရေ ၁၀၆ ၂၅၄၄ ဦးရှိကြောင်း သိရသည်။ လူဦးရေ သတင်းအချက်အလက်များသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားတို့၏ စွမ်းဆောင်ရည် မြှင့်တင်ရေးများတွင် အလွန်အရေးပါသည့် အတွက် နိုင်ငံတော် အစိုးရကို လူဦးရေဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန် ရက် ၁၀၀ စီမံချက်ကာလအတွင်း ၂၀၁၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ရရှိသော ဘာသာရေးဆိုင်ရာ အချက်အလက် များ ထုတ်ပြန်ပေးမည်ဖြစ်သည်။ ထိုသို့ ထုတ်ပြန်ပေးရာတွင် UNFPA မှ ပဋိပက္ခ တုံ့ပြန်ရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် လေ့လာဆန်းစစ်သည့် အဖွဲ့ (Conflict

Sensitivity Team) များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သွားရောက်၍ ဒေသခံ ဘာသာရေး ခေါင်းဆောင်များ၊ ဘာသာရေး အဖွဲ့အစည်းများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကာ အကြံဉာဏ်များ ရယူခဲ့ကြသည်။ ထို့အပြင် အစိုးရဝန်ကြီးဌာနများ၊ တိုင်းရင်းသား အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် သန်းခေါင်စာရင်း နည်းပညာအကြံပေး ကော်မတီ (National Advisory Committee - NAC) အစည်းအဝေးကို ဇွန်လအတွင်း ကျင်းပရန် စီစဉ်ထားသည်။

အမျိုးသား မှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် ရွှေ့ပြောင်း လုပ်သားများအတွက် ရက် ၁၀၀ စီမံချက် ကာလအတွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်သင့်သောမှတ်ပုံတင် တစ်မျိုးမျိုးကို ထုတ်ပေးသွားမည် ဖြစ်သည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများရှိ အသက် (၁၀) နှစ် ပြည့်ပြီး ကျောင်းသားကျောင်းသူများအား ကိုင်ဆောင်သင့်သော မှတ်ပုံတင် တစ်မျိုးမျိုးထုတ်ပေးခြင်းကို ဇွန်လ (၁) ရက်နေ့မှ စတင်ကာ ဆောင်ရွက်မည် ဖြစ်သည်။

အလုပ်သမား လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းပုံနှင့် ရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အာဆီယံ အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခြင်း၊ အလုပ်သမားများ၏ အနည်းဆုံးနေ့တွက် လုပ်ခ သတ်မှတ်ဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ ဥပဒေသစ်များ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း၊ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ဆက်ဆံရေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ အလုပ်သမားရေးရာ စာရင်းကောက်ယူခြင်းနှင့် လူ့စွမ်းအား ဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပြုစုထုတ်ဝေခြင်း၊ လုပ်သားများ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ရွှေ့ပြောင်း လုပ်သားများ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ခြင်း၊ လူမှုဖူလုံရေး အာမခံလုပ်သားများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ စက်ရုံ အလုပ်ရုံများရှိ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ လူ့အင်အားစီမံကိန်းများကို အကောင်အထည်ဖော်မည့် လုပ်ငန်းများသည် ငါးနှစ်တာကာလအတွင်း ရှေ့ဆက်ဆောင်ရွက်မည့် အနာဂတ်စီမံကိန်းများ ဖြစ်ပါသည်။

**အောင်သီဟ (လူမှုဖူလုံရေး)**



(က)

"ဖြည့်ဆည်းသင့်လား. . .
မေ့ထားတဲ့ကွက်လပ်ပဲ
စိတ်ထဲမှာ ခါးသက်ပေမယ့်
သားအတွက်တော့
အားတက်မယ့် လက်တစ်စုံ. ."

စာမပီ၊ ကဗျာမဟုတ် ရွတ်ချည်းခံစားရသည်ကို ရေးချပြီး သက်ပြင်းချိုက်မိသည်။ ကျွန်မကိုယ် ကျွန်မလေညး ပြန်စမ်းစစ်ရပြီး၊ သူ့ကို ကျွန်မတကယ် မလိုအပ်ဘူးလား. .။ သားအတွက် စဉ်းစားပြီး ပြန်ပေါင်းသင့်လား. . .။ ဟင့်အင်း. . ကျွန်မစုန်း၍ နာကျည်းစွာ လမ်းခွဲခဲ့ပြီးပြီဆိုကတည်းက မိန်းမမာနထားခဲ့သည်ပဲ။ သားကို ကျွန်မ စောင့်ရှောက်နိုင်သည်။

"အဖေမရှိလည်း အမေရှိသားပဲ၊ အားငယ်စရာမလိုဘူး"

X X X X X X X X

(ခ)

ကျွန်မနှင့် ကိုကျော်စိန် တရားရုံးတွင် ကွာရှင်းခဲ့သည်မှာ ရှစ်နှစ်ရှိပြီ။

တစ်ရုံးတည်း၊ ဌာနတစ်ခုထဲမှ အလုပ်လည်းတူသော သူနှင့် ကျွန်မသည် မတည့်အတူနေဖြစ်သည်။ သည်ရုံးတွင်စ၍ တာဝန်ထမ်းဆောင်စဉ်ကပင် အပျိုစင်ကျွန်မနှင့် လူပျိုသိုး ကိုကျော်စိန်တို့ ဖူးစာဆုံခဲ့ခြင်းဖြစ်သည်။ သားတစ်ယောက် မွေးဖွားပြီးချိန်တွင် သူ့ဘက်က စည်းဖောက်လာသည်။ ညှိ၍မရသည့်အဆုံးတွင် လမ်းခွဲခဲ့ကြသည်။

**သည်လူနှင့် ကျွန်မတို့နှစ်ယောက်က**
**အသွင်မတူခဲ့ကြပါ။ အိမ်ထောင်သည်ဘဝ**
**တွင်လည်း ရန်ပွဲနွှဲရသည်။ သူကစေစပ်**
**သလောက် ကျွန်မက နယ်နမိုင်သူ၊**
**သူကစကားနည်းသလောက် ကျွန်မက**
**ပေါက်ပေါက်ဖောက်သလို ပြောသူ။**
**အများကို သူထောက်ပြလျှင်လည်း**
**လက်မခံတတ်သူက. . .**



# ဖိုးပန်းမွှန် [ရာမည]

## မာန်လျှော့ချိန်

ရုံးတွင် မျက်နှာချင်းမဆိုင်ဖြစ်အောင်နေသည်။ အလုပ်ချင်းတူသဖြင့် တွက်ကပ်ကြသည်မှာလည်း အကြိမ်ကြိမ်၊ သူကလည်း မညှာ၊ ကျွန်မကလည်းမလျှော့။

"စာကြမ်းကို ငါကိုယ်တိုင်ခွဲပေးထားတာပဲ နှင်းဖြူရယ်။ သူက သေချာလို့ သူ့ကိုပို့ချပေးထားပြီးသား။ နင်ကိုက တွက်ကပ်နေတာ စာရိုက်ရင်လည်း တလွဲချည်းပဲ"

ဌာနစုတာဝန်ခံ မမမှု၏အပြောကြောင့် ငြိမ်နေရသည်။ ကျွန်မစိတ်ထဲမကြည်လှ။ စာကြမ်းကို စာချောရိုက်ရခြင်း၊ ဖယောင်းလှည့်ရန် ဖယောင်းစက္ကူရိုက်ရခြင်းကို ကျွန်မ မငြီးညူပါ။ ဇယားကွက်များ၊ ငွေစာရင်းစာရွက်များ ရိုက်ရပြီဆိုလျှင် စိတ်ရှုပ်သည်။ ဂဏန်းတစ်လုံးမှားလျှင် ပြဿနာက အကြီးကြီး။

"မှန်မှန်ရိုက်နော်၊ ငွေစာရင်း လူစာရင်းဆိုတာ ဂဏန်းတစ်လုံးလွဲတာနဲ့ ငါအလုပ်ပြုတ်မှာ၊ ငါက တာဝန်ယူရမှာ၊ အမှားတွေကို ငါမမြင်လိုက်ရင် သေရောပဲ"

ဌာနစုမှူးအပျိုကြီးမမ ဒေါ်မှုမှု၏ တင်းတင်းမာမာလေသံ။ ကျွန်မကို အယုံအကြည်မရှိ၊ အားမကိုးရဲဟု မကြာခဏ ပြောတတ်သူ၊ ဟုတ်တော့ ဟုတ်သည်။ ကျွန်မကြောင့် သူ့ဒုက္ခရှောက်ပေါင်း မနည်းတော့။

"ကျွန်မကို မယုံရင် ဟိုလူကို ပိုခိုင်းလိုက်လေ၊ ဒါမှ ဒီလူခြေငြိမ်မှာ"

ခဏ ခဏ အပြင်ထွက်လေ့ရှိသော ကိုကျော်စိန်ကို ချောက်ချလိုက်ခြင်းဟု မမှုက သိသည်။ ကျွန်မထံ မျက်စောင်းဝဲ့လျက်-

"သူခြေမငြိမ်တာ နင်သဝန်တိုစရာလား။ ပြောတော့ မုန်းတယ်ဆိုပြီး" ဟု ပြောသည်။ ကျွန်မကလည်း အလျှော့မပေးပါ။

"မုန်းလွန်းလို့ ပြောတာပါ၊ အလုပ်ကို ငြိမ်ငြိမ်မလုပ်ဘူး၊ ဘယ်သူနဲ့ သွားချိန်းတွေနေမှန်းမသိဘူး"

လက်နှိပ်စက်တစ်ဖျောက်ဖျောက် ရိုက်ရင်းမှ တစ်ဖွစ်တောက်တောက် ပြောနေသော ကျွန်မကို ရုံးခန်းထဲမှ စာရေးမလေးများ ဝိုင်းရယ်ကြတော့သည်။

x x x x x x x x x

(၀)

ပြောလျှင် ကိုယ့်ပေါင် ကိုယ်လှန် ထောင်းရာကျဦးမည်။

သည်လူနှင့် ကျွန်မတို့နှစ်ယောက်က အသွင်မတူခဲ့ကြပါ။ အိမ်ထောင်သည်ဘဝတွင်လည်း ရန်ပွဲနွှဲရသည်။ သူကစေ့စပ်သလောက် ကျွန်မက နမော်နမဲ့နိုင်သူ၊ သူကစကားနည်းသလောက် ကျွန်မက ပေါက်ပေါက်ဖောက်သလို ပြောသူ။ အမှားကို သူထောက်ပြလျှင်လည်း လက်မခံတတ်သူက ကျွန်မပဲဖြစ်သည်။ ရုံးတွင်လည်း စာများရိုက်သည့်နေရာတွင် ကျွန်မကပထမ၊ ဌာနထဲမှ အစ်မများအားလုံး ကျွန်မကို ကြောက်သည်။

"နှင်းဖြူရယ်. . . စာကို သေချာရိုက်ပါဟာ၊ နင်မှားလွန်းတော့ အရေးတကြီး ကိစ္စဆိုရင် မရိုက်ခိုင်းရဲဘူး၊ ကြောက်တယ်၊ နင်က နမော်နမဲ့နဲ့"

"ဟုတ်ပါ့ကွာ. . . တစ်ချက်တလေး မစစ်မိတာနဲ့ မှားတော့တာပဲ၊ နင်ရိုက်တဲ့စာတွေသာ ဝန်ကြီးဌာနကို ရောက်သွားရင် ငါတို့တစ်ရုံးလုံး အလုပ်ပြုတ်မှာ"

အစ်မများဝိုင်းပြီး ထောပနာပြုတော့ ကျွန်မလည်း တဟားဟား ရယ်မိသည်။

ကျွန်မစာရိုက်သမျှ အများကောင်းသည်မရှိ၊ အရာရှိ ဦးစံမောင် လက်မှတ်ထိုးရမည့်စာ၊ တစ်နိုင်ငံလုံးရှိ ရုံးခွဲများသို့ ပို့ရမည့် ညွှန်ကြားချက်ဖြစ်၍ ဖယောင်းရိုက်စဉ်က စံမောင်ကို အောက်ကမြင့်ထည့်ရိုက်မိ၍ စုံမောင် ဖြစ်သွားသည်။ တစ်နိုင်ငံလုံးရှိ ရုံးများသို့ ပြန့်ရော။ "မျက်လုံးထဲမှာ စုံစုံကြီးလဲနေတာ မြင်ချင်လို့လား" ဟု ဆရာဦးစံမောင်က ခပ်ရွှံ့ရွှံ့ပြောသည်။ ရုံးဖန်ရုံခါတွင် မြို့နယ်ဦးစီးမှူးရိုက်ရမည်ကို "မ" နှင့် "န" မှားရိုက်၍ နို့နယ်ဦးစီးမှူး ဖြစ်သွားသည်မှာ အကြိမ်ကြိမ်။ ဝစွပေါက်ထည့်ရမည့်နေရာ မထည့်၊ မထည့်ရမည့်နေရာကျတော့ ထည့်၊ စာဖတ်ရ သည်မှာ ကပြောင်းကပြန်နှင့်။ သတ်ပုံမှား။ စာလုံးပေါင်းမှား။ တစ်နှုံးလုံး တဟားဟား။ တစ်ခါတစ်ရံ အရာရှိက ဆဲမိသည်အထိ ဖြစ်ရသည်။ ဘယ်လိုဆူဆူ ဘယ်လိုဆဲဆဲ ကျွန်မကလည်း မှားမြဲမှား၏။

ကျွန်မ၏ ဆင်ခြေကတော့ ဟိုလူ့ထံသို့ မြှားဦးလှည့်ပြီးသားပါ။ "ခင်းက ရိုက်နိုင်ရဲ့သားနဲ့ ကျွန်မကို စာတွေတစ်ပုံကြီး လာချပေးတာလေ၊ စာများတော့ အမြန်ရိုက်ရပြီး မှားတာန်တာပေါ့"

ကျွန်မဆင်ခြေကို ဘယ်သူကမှ လက်မခံ။ အဆူခံရလေ ကျွန်မက တွက်ကပ်လေလေပင်၊ ကျွန်မစားပွဲပေါ် တင်လာသည့် စာကြမ်းအချို့ကို သူမရှိချိန်တွင် သူ့စားပွဲပေါ် သွားတင်ထားလိုက်သည်။ မှတ်ထား။ စာရိုက်ပေးကုန်းတော့ တစ်နေကုန်း၊ သူနှင့် ကျွန်မ ကွာရှင်းပြီးကတည်းက ကျွန်မ၏ မကျေနပ်ချက်များကို ဌာနစုတွင် ပြောဖြစ်ခဲ့သည်။ ဝန်ထမ်းများက "နင်းဖြူရယ်. . . နင်ပေါင်း



သူနဲ့ကျွန်မက
ခုမှမတည့်တာ မဟုတ်ဘူး။
ပေါင်းနေကတည်းက မတည့်တာ၊
သူကသားလိမ္မာလုပ်နေတာ၊
ကျွန်မအတွက်
လင်ကောင်းတစ်ယောက်
မဟုတ်ဘူး. . . .



တုန်းကပေါင်းပြီး တစ်ခုမှ အကောင်း မပြော ဘူး"

"သူနဲ့ကျွန်မက ခုမှမတည့်တာ မဟုတ်ဘူး။ ပေါင်းနေကတည်းက မတည့်တာ၊ သူကသားလိမ္မာလုပ်နေတာ၊ ကျွန်မအတွက် လင်ကောင်းတစ်ယောက် မဟုတ်ဘူး"

"လုပ်ပြန်ပြီ၊ နင်ကိုက အကောင်း မမြင်တာ"

ကျွန်မ မကျေမချမ်း အပြစ်ပြော လျှင် ဝန်ထမ်းများက သူ့ဘက်မှ ကာစီးပြော နေကျ။ ကျွန်မက ခပ်စွာစွာ၊ သူ့ကို နိုးနိုး ကုတ်ကုတ်ဟု အများကမြင်ကြသည်။ ကျွန်မ ကတော့ "ခွေးရူး" ဟု အမည်ဝှက်ဖြင့် သူ့ နောက်ကွယ်တွင် ခေါ်သည်။ အိမ်ထောင်သည် ဘဝတုန်းကလည်း သူနှင့် ရန်ဖြစ်ရသည်။ သူ့မိဘနှစ်ပါး၊ သူ့ညီမများနှင့် မတည့်။ သူ့မိဘအိမ်တွင် ကျွန်မကိုခေါ်ထားပြီး မျက်နှာ လယ်စေခဲ့သည့် သူ့ကိုလည်း ကျွန်မ မကျေနပ်။ သည်ကြားထဲ သူက ခြေလှမ်းများနေသေးသည်။ နင်းမြှုကို သည်လိုကျော၍ ရနိုင်နိုးလား. . ။ နင်းမြှုက ဘယ်ခံပါ့မလဲ။ သားကိုလက်ဆွဲ၍ အိမ်ပေါ်မှဆင်းခဲ့သည်။ သူလိုက်ခေါ် ပေမယ့်

**သူသိတတ်ရင် ပေးမှာပေါ့ဟာ။**
**အခု သူနဲ့ယူထားတဲ့ မိန်းမနဲ့ပါလာတဲ့**
**မယားပါသမီးတွေကိုလည်း ကျွေးနေရတာ**
**လေ။ မ ခင်မှ ဥ မင်တာတဲ့၊ ငါ့ကို**
**မခင်မှတော့ သားကို ဘယ်မင်ပါ့မလဲ။**
**နေပါစေ• • • • ငါ ဘယ်တော့မှ**
**လက်မဖြန့်ဘူး• • • •**

မာနဖြင့်တင်းခံ၍ ပြန်မလိုက်ခဲ့။ သည်လိုနှင့် နှလုံးသားချင်း ပို၍ ပို၍ ဝေးကွာသွားတော့ သည်။

x x x x x x x x

(ဃ)

သူ့အိမ်ပေါ်မှဆင်းလာကတည်းက ကျွန်မစိတ်ထဲတွင် မာနများခိုဝင်နေပြီ။

ဖောက်ပြန်သူအဖြစ် သူ့ကို ရှုံ့မုန်း သည်။ သူကတော့ လူမှိုလုပ်ပြီး မိန်းမရှုပ်နေ သည်။ ကလေးနှစ်ယောက်အမေ တစ်ခု

လင်တစ်ယောက်နှင့် သူတွဲခုတ်နေပြန်သည်။ ကျွန်မရင်ထဲ နာကျည်းလိုက်သည်မှာ နှိုင်းပြစရာပင် မရှိတော့။

"ရှင့်ထက်သာတဲ့ လူမျိုးကို ယူပြမယ်။ ကြည့်နေ နှင်းဖြူကို ဘာမှတ်လဲ"

ကျွန်မနှုတ်ဖျားမှ အသံထွက်၍ ကြုံးဝါးမိသည်။ ကျွန်မ၏ အသက်က နှစ်ဆယ့်ရှစ်နှစ်ကျော်ရုံ ရှိသေးသည်။ လက်ထပ်ပါရစေဟု ကမ်းလှမ်းသူများရှိသည်။ ကျွန်မ ခေါင်းခါခဲ့သည်။ သားလေး နှစ်နှစ်သားမှ လမ်းခွဲခဲ့ကြသည်မှာ သားပင်ဆယ်နှစ်သား ဖြစ်နေပြီ။ သားလေး ကျောင်းစရိတ်အတွက် ပြည့်ပြည့်စုံစုံ မဖြည့်ဆည်းနိုင်တိုင်း ကျွန်မ အတွေးများ ရှုပ်နေတတ်သည်။ ရံဖန်ရံခါ အားကိုးထိုက်သူတစ်ယောက်နှင့် အိမ်ထောင်သစ် ထူထောင်ရန် စိတ်ကူးမိသေးသည်။

"နှင်းဖြူရယ်. . . လူကောင်းသူကောင်းတွေရှင် အိမ်ထောင်ပြုပါဟယ်. . ၊ နင်တို့သားအမိကို ကြည့်ရတာ ရင်မောတယ်၊ အမေကလည်း အသက်ကြီးလာပြီဆိုတော့ သူ့ရှိတာလေးနဲ့ နင်တို့ကို ထောက်ပံ့နေရှာတာ၊ အမေ သနားပါတယ်. . ."

ညီမအငယ်က အကြံပေးတိုက်တွန်းသည်။ ကျွန်မတွေဝေနေမိသည်။ ကျွန်မတစ်ကိုယ်ရေကောင်းစားရန်အတွက် ရွေးချယ်လျှင် လင်ကောင်းသားကောင်းရနိုင်သည်။ သို့ရာတွင် ကျွန်မသားအတွက် ထည့်တွက်ရမည်။

"အမေနေရာအစားထိုးသူဆိုတော့ မေတ္တာစစ်၊ အကြင်နာစစ်ကို ပေးနိုင်ပါ့မလား . . . သားကို နိုင့်ထက်စီးနင်းပြုမူရင် ငါ သည်းခံနိုင်ပါ့မလား. . . ."

သည်းခံနိုင်ပ့ံမလား. . ."

ကျွန်မအတွေးတွင် နိုးသားသော သားလေး၏ ငိုသံကိုကြားနေရသလိုလို. . . သားလေး၏ မှိုင်းညို့ညို့ မျက်ဝန်းမှ မျက်ရည်စကို မြင်ရသလိုလို. . . သည်လို တွေးမိလေလေ အိမ်ထောင်ပြုရန် ဝန်လေးလေ ဖြစ်သည်။ သားအတွက် မိခင်မေတ္တာနှင့်သာ ဖွေးပိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုသောအခါ "ရှင့်ထက်သာတဲ့လူယူပြမယ်" ဆိုသောစကားလည်း မပြောဖြစ်တော့။ အားကိုးအားထား လင်သားတစ်ယောက် ရှာချင်ချင် စိတ်ကူးယဉ်လေးလည်း တိမ်နှင့်မိုးနှယ် လွင့်ပြယ်သွားပြီ။ ညီမက အကြံပေးသည်။

"နှင်းဖြူနဲ့ ကိုကျော်စိန်က တစ်ရုံးထဲမဟုတ်လား။ သားစရိတ် ထောက်ဖို့ ပြောပါလား"

"သူသိတတ်ရင် ပေးမှာပေါ့ဟာ၊ အခု သူနဲ့ယူထားတဲ့ မိန်းမနဲ့ပါလာတဲ့ မယားပါသမီးတွေကိုလည်း ကျွေးနေရတာလေ။ မ ခင်မှ ဥ မင်တာတဲ့၊ ငါ့ကို မခင်မှတော့ သားကို ဘယ်မင်ပါ့မလဲ၊ နေပါစေ. . . ငါ ဘယ်တော့မှ လက်မဖြန့်ဘူး"

မာနစကားပြောသာပြောရသည် သားကိုတော့ လှည့်ကြည့်စေချင်ခဲ့သည်။ သားကို မြင်လျှင် သူပေးမှာပါဟု တွေးမိ၍ လဆန်းရက်မျိုး သူငွေထုတ်သည့်ရက်မျိုးတွင် ရုံးသို့သားကို ခေါ်လာဖြစ်သည်။ သားက အဖေကိုတွေ့ရတော့ ပျော်ရှာသည်။ ရုံးမှ အစ်ကို၊ အစ်မများက ဝိုင်းဝန်း မုန့်ဖိုးပေးကြ၊ မုန့်ဝယ်ကျွေးကြနှင့်၊ သူနှင့်လည်း နီးစပ်စေလိုသော ဆန္ဒဖြင့် သူ့အနားရှိ ကုလားထိုင်တွင်

ထိုင်စေသည်။

"သားလေး မင်းအဖေ ကိုကျော်စိန်ဆီက မုန့်ဖိုးတောင်းနော်၊ မင်းအဖေ ထောနေတယ်ကွ" ဟု ပြောသူက ပြောသည်။ တချို့လူနိုင်များကတော့ သူ့ကို အမိန့်ပေးသလို ပြောသည်။

"ကိုကျော်စိန်နော် ဒီသားလေးပဲ ရှိတာကို၊ ကျောင်းစရိတ်ပေးလိုက်၊ ဘာလဲ မဆိုင်တဲ့သူကို သွားလုပ်ကျွေးနေပြီး ကိုယ့်သွေးသားအရင်းကျတော့ မသထာဘူး၊ ပေးလိုက်ဦး"

မာမာထန်ထန် ပြောသူက ပြောပေမယ့် သူကတော့ ပြုံးစိစိမျက်နှာပေးနှင့်။

သားကိုအိမ်တွင် တတွတ်တွတ်သင်ခဲ့သေးသည်။ သားက အေးသည်။ ရှက်တတ်သည်။ သူ့အဖေ ခုံနဘေးတွင် ထိုင်လျက် သူ့အဖေလက်နှိပ်စက်ရိုက်သည် ကိုသာ ထိုင်ကြည့်နေတတ်သည်။

"သားလေး. . . အဖေနဲ့တွေ့ရင် ပိုက်ဆံရအောင်တောင်းနော်၊ ပုဆိုးအစိမ်းနဲ့ အကျႌအဖြူဝယ်နိုင်း၊ ဖိနပ်ဝယ်နိုင်း၊ ပါးစပ်ပိတ်မနေနဲ့ ကြားလား"

အထပ်ထပ်သင်ခဲ့သော ကျွန်မ စကား နားဝင်ထား၍ သူ့အဖေနဘေးရှိခုံတွင် မလှုပ်မယှက်ထိုင်နေသည်။ သူ့အဖေဆိုသည့် ကိုကျော်စိန်ကလည်း အလုပ်ရှုပ်ဟန်ဆောင်ပြီး အပြင်ထွက်လိုက်၊ လက်နှိပ်စက်လေးဝင်ရိုက်လိုက်၊ သူငယ်ချင်းလာခေါ်၍ လက်ဘက်ရည်ဆိုင်သွားလိုက်နှင့် ယန္တယား ခတ်ပြနေသည်။ သားမျော အဖေ့မျက်နှာကြည့် နေလိုက် ထွက်သွားတော့လည်း အဖေ့ ကျောပြင်မျှော်ကြည့်လိုက်နှင့် သနားစရာ။ ကျောင်းစရိတ်လေး ရပါမည့်အရေး "ဆင့် ပစ္စည်း. . . ခွေးမျှော်" ဆိုသလို ဖြစ်နေရှာသည်။ ကျွန်မစိတ်တိုသည်ကို ထိန်းမရ။

"တောက်. . . ပိုက်ဆံလေး မဖြစ်စလောက်ပေးမယ့်အရေး ဟန်ရေးခဲ့နေတယ်၊ တကတည်း ကပ်စေးနဲလိုက်ပုံများ ပြောမပြောချင်ဘူး၊ ဟွန်း မေတ္တာတရား ခေါင်းပါးတဲ့ လူ၊ လာ- သားလေး နင့်အဖေဆီက ဒီတစ်သက်မမျှော်လင့်နဲ့"

သား၏လက်ကိုဆွဲ၍ ကျွန်မ၏ ပလက်စတစ်ခြင်းလေးကို ဆွဲပြီး နှုတ်ဆင်းခဲ့သည်။ သားမျောတစ်စောင်းလေးလိုက်ပါလာပြီး သူ့အဖေကို မျက်လုံးဝေ့ဝိုက်ပြီး ရှာနေသေးသည်။ သူ့အဖေဆိုသော ကိုကျော်စိန်သည် လက်ဘက်ရည်ဆိုင်မှ လှမ်းမြင်လျက်နှင့် မျက်နှာလွှဲနေသည်။

X X X X X X X



(င)

လောကတွင် အမုန်းဆုံးလူသားကို ပြပါဆိုလျှင် သူမှသူပါပဲ။

ရုံးခန်းတွင် ဘေးချင်းယှဉ်၍ အရေးတကြီး စာရိုက်ရချိန်လည်း စိတ်တိုသည်၊ အလုပ်များချိန် ရောက်တိုင်း သူလက်ဘက်ရည်ဆိုင်သို့ ထွက်သွားလျှင်လည်း ကျွန်မဒေါသထွက်သည်။

ကြည့်လေ. . . .။

သူမရှိလျှင် ကျွန်မကိုသာပို၍ နိုင်းကြသည် မဟုတ်လား၊ စာရိုက်နေစဉ်အနားမှ စာခေါ်ပေးသူကိုလည်း စိတ်တိုသည်။ ထိုသို့စိတ်တိုနေချိန်မျိုးမှ သူ့ကိုလာမေးသည့် ဝန်ထမ်းများလည်းရှိသေး။

"နှင်းဖြူရေ နင့်ယောက်ျား ဘယ်သွားလဲ"

လမ်းခွဲနေပြီးသားမှန်း သိလျက်နှင့် တစ်ရုံးလုံးက ကျွန်မယောက်ျားဟုသာ မှတ်ယူထားသည်။ ပြောလိုက်လျှင် နင့်ယောက်ျား နင့်ယောက်ျားဟု နှုတ်ကျိုးနေကြပြီ။

"အရေးတကြီး စာရိုက်ဖို့ ရှိပါတယ်ဆိုမှ၊ နေရာမှာကို မရှိဘူး။ နင့်ယောက်ျားက ပြန်လာဦးမှာလား"

ရော. . . ခက်ပြီ၊ အလုပ်ပိုလုပ်ရသဖြင့် စိတ်တိုရသည့်အထဲ ဘာမှမတော်တော့သည့် သည်လူကိုမှ လာ လာမေးကြတော့ ကျွန်မစိတ်ထဲအချဉ်ပေါက်ပြီ။

လေသံကိုမြှင့်၍. . .

"တွေ့ချင်ရင် ကြံတောရေခဲတိုက်ထဲမှာ သွားကြည့်လိုက်ဗျို့၊ ဆေးရုံကြီး အရေးပေါ်လူနာခန်းမှာလည်း မေးလို့ရတယ်၊ အဲ့ဒီမှာ အမည်မသိ အလောင်းတစ်လောင်း ရောက်နေရင် အဲ့ဒါ သူပဲ"

ဟဲ. . . မှတ်ထား၊ သည်လိုပြောလိုက်ရမှ နေသာထိုင်သာ ရှိသွားတော့သည်။ လက်နှိပ်စက်ကို တဖြောင်းဖြောင်းရိုက်၍ စိတ်ကို ဖြေလိုက်သည်။ ကျွန်မက သူ့ကိုစောင့်ကြည့်နေသူမှ မဟုတ်ဘဲ။ ဘယ်သွားလဲ. . . ဘယ်တော့ပြန်လာမှာလဲဆိုသည်ကို ကျွန်မ သိနိုင်ပါ့မလား။ တစ်ခါတစ်ရံ ဖုန်းခေါ်သံကြား၍ ကိုင်မိလျှင်လည်း စိတ်မရှည်နိုင်၊ တစ်ဖက်လူကို စိတ်လိုလက်ရ ပြန်ဖြေချင်စိတ်မရှိ။ ပြန်အော်ပေးမိစမြဲ။

"ဟယ်လို- ကိုကျော်စိန်ရှိပါသလား" ဟု မေးသံကြားတိုင်း-

"မရှိ- ကျဆုံး" ဟု ဖြေမိစမြဲ။

ထိုသောအခါ ဌာနမှ အစ်မများက ကျွန်မကိုသာ အပြစ်တင်သည်။

"နှင်းဖြူကလည်းလေ . . . ဘယ်တော့မှ ကောင်းကောင်းမဖြေဘူး"

"မဖြေနိုင်ပါဘူး။ မုန်းလွန်းလို့ သူ့အကြောင်းကို လာမေးမနေကြနဲ့"

ကျွန်မ၏ နှုတ်ခမ်းစူစူ ရန်မူသည့်ပုံကိုကြည့်၍ တဟားဟား ရယ်ကြပြန်သည်။ သူ့ကို ကျွန်မ မုန်းသည်ဆိုခြင်းကို အားလုံးက မယုံကြ၊ သံယောဇဉ်မကုန်သေး၍ သဝန်တိုနေခြင်းဟု ထင်နေကြသည်။ အကြောင်းသိဝန်ထမ်းဟောင်းများကလည်း စမြဲစသည်။ ဝန်ထမ်းသစ်များက အန်တီနှင်းဖြူနဲ့ ဦးကျော်စိန် ဖူးစာဆုံပုံလေး ပြောပါဦးဆိုလျှင် ကျွန်မဝန်မလေး။ ရယ်ရယ်မောမော ပြောပြတတ်စမြဲ။

"အဟင်း ငါ့အဖို့တုန်းကဆို သိပ်လှတာလေ၊ အ လည်း အတယ်၊ ယုံလွယ်တယ်၊



သူက ရုပ်ရှင်ကြည့်မယ်လို့ ချိန်းတော့ သွားကြည့်ကြတယ်၊ အပြန်သူငယ်ချင်းအိမ်ဝင်လည်တုန်း မိုးကသဲသဲမဲမဲ ရွာလေရော၊ သူ့သူငယ်ချင်းကလည်း ခေါက်ဆွဲကြော် ဝယ်မယ်ဆိုပြီး ထွက်သွားတာ ပေါ်မလာဘူး။ ငါတို့မှာ ပြန်စရာထီးလည်းမရှိဘူး။ ဟီး. . . ဟီး ညားကြလေသတည်းပေါ့ဟာ"

ထိုသို့ဇာတ်လမ်းကို အစချီပြီးနောက် ချစ်ကြသည်အစ၊ ပေါင်းခဲ့ခြင်းအလယ် လွမ်းခဲ့ခြင်းအဆုံး ပြောရင်းမှ ကျွန်မလည်း ရယ်ရယ်မောမော သူတို့လည်း ဟဟားဟားနှင့် ထိုအခါ ဌာနစုမှူး မမှုက မျက်စသီလျက်-

"ကဲ- ကဲ အဲ့ဒါသာကြည့်တော့ မုန်းတယ်လည်းပြောသေး၊ နောက်ကြောင်းပြန်တာမပြီးတော့ဘူး၊ ဒီနေ့စာနိုက်ဖြစ်ပါပြီးမလား။ မြို့နယ်ဦးစီးမှူးအစား နို့နယ်ဦးစီးမှူး" လို့ မှားနိုက်ရင် သေဖို့သာပြင်ထား"

"ဟီး ဟီး လက်မှတ်ထိုးမယ့် မြို့နယ်ဦးစီးမှူး ဦးနွယ်အေးကြီး လက်မှတ်မထိုးရဲဘဲ မျက်လုံးအပြူးသားနှင့် ခေါသထွက်နေပုံကို ကြည့်ရတာပေါ့"

ကျွန်မစကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။

x x x x x x x x

(၈)

သားလေးကို ရှင်ပြုတော့မည်။

လေးတန်းအောင်ပြီး ငါးတန်းတက်ရတော့မည်။ နွေကျောင်းပိတ်ရက်တွင် သားကို ရှင်ပြုမည်ဆိုသောအခါ ကျွန်မက သူ့ကိုမဖိတ်ပါ၊ သားကတော့ တိုးတိုးကပ်မှာသည်။ "သားရှင်ပြုရင် ဖေဖေလာခဲ့နော်" ဟု မှာတော့ သူက ခေါင်းမညိတ် ခေါင်းမခါ။ သားရှင်ပြုက ခမ်းခမ်းနားနားမဟုတ်။ ကျွန်မနေသော လမ်းကိုလေးထဲမှ လူကြီးသူမတချို့၊ နှမ့မိတ်ဆွေအနည်းငယ်၊ ဆွေမျိုးအနည်းငယ်၊ သား၏ဆရာမသုံးလေးယောက်။ သည်မျှနှင့် ပင် ဆရာတော်၏ကျောင်းတွင် သင်္ကန်းဝတ်စေမည်ဟု စီစဉ်ထားသည်။ သားကို မောင်ရင်လောင်း ဝတ်စုံလေးအစမ်းဝတ်ကြည့်စေသည်။ လူချောလေးမှာ ချစ်စရာမောင်ရင်လောင်းစလွယ်လေးနှင့်။

"ဟား. . . ဟား မေမေ့သားကသိပ်လှတာပဲ၊ ခေါင်းပုံဆရာနဲ့ ကျကျနနရိုက်ထားရမယ်၊ မေမေရော သားရော မိတ်ကပ်ပြင်ရမယ်ဟေ့"

"သားရှင်ပြုရင် ဖေဖေက သပိတ်လွယ်ရတာဆို၊ သားသူငယ်ချင်းတွေက ပြောတယ်"

မထင်မှတ်ပဲ သားက မေးလိုက်သည်။ ရယ်သံစွက်၍ ပေါ့ပေါ့ပါးပါး ဖြေလိုက်သည်။

"ဘယ်သူလွယ်လွယ်ပါသားရယ်။

ဘဘ ဦးနွယ်အေးတို့ ဦးဝင်းကြည်တို့ လွယ်ပြီး ပို့လည်းရတာပဲ"

ကျွန်မက ခပ်လွယ်လွယ်ပင်ပြောပြီး သားကို အာရုံပြောင်းလိုက်သည်။

သား၏ ဝတ်စုံကို ပြန်ချွတ်ပြီး ခေါက်နေစဉ် သားကပြောပြန်သည်။

"မောင်ရင်လောင်းဆံချရင် အဖေနဲ့အမေက ကိုင်ရတာဆို သားသူငယ်ချင်း ရဲ့ရှင်ပြုဓါတ်ပုံထဲမှာ တွေ့ရတယ်၊ သူ့အဖေနဲ့ အမေက ဗိတ်ဖြူစကို တစ်ဖက်စီ ကိုင်ထားတယ် မေမေရဲ့"

ကျွန်မတွေကနဲ ငိုင်ကျသွားသည်။ ကျွန်မ၏ အတ္တ၊ မာနများကြောင့် သူ့အဖေကို လာရန် မခေါ်ထားပါ။ သူမပါလည်း ကျွန်မသားကို လှလှပပ ရှင်ပြုနိုင်သည်ဟု မာန်တင်းထားပြီးသား။ သားကို ချော့ရန် စကားလုံး ရှာရပြီ။

"သားကလဲ. . . သားရဲ့ဖွားဖွားနဲ့ မေမေနဲ့ ကိုင်မှာပေါ့ သားရဲ့"

"ဟင်. . . ဒါဆို ဓာတ်ပုံ မရိုက်ပါနဲ့တော့ မေမေရယ်. . .၊ ကျောင်းပြန်ဖွင့်ရင် ငါ့အဖေပါတဲ့ ဓာတ်ပုံပြမယ်လို့ သူငယ်ချင်းတွေကို ပြောထားတာ၊ သားမှာ ဖေဖေရှိတယ်ဆိုတာ သူတို့က မယုံလို့လေ"

"ဗို့ သားရယ်. . ."

သားကို ကျွန်မ၏ ရင်ခွင်ထဲ ဆွဲသွင်း၍ ဖက်ထားလိုက်သည်။ တင်းထားသမျှ မာနများ လွင့်ပျောက်ကုန်ပြီး ဝမ်းနည်းလာမိသည်။ အဖေမပါလည်း ဖြစ်တာပဲဟု တွေးခဲ့မိသမျှ အခုမှ အားငယ်စိတ်ဝင်လာတော့သည်။ တလိမ့်လိမ့်စီးသွယ်ကျလာသော မျက်ရည်စွေးများက သား၏ကျောပြင်ပေါ်မှာ. . .။ သူ့အဖေနှင့် လမ်းခွဲပြီးကတည်းက ကျွန်မရင်ထဲကြေကွဲအားငယ်ရသည်မှာ ဒါပထမဆုံးဖြစ်သည်။ ကျွန်မမွေးထားသော တွက်လပ်သည် သားအတွက် အားတက်စေမည့်လက်တစ်စုံ ဖြစ်နေပါပေါ့လား. . .။

ဒါပေမယ့် ကျွန်မကတော့ စပြီးဖူးမထောက်ချင်ပါ။ ဒါပေမယ့် သူ့ဘာသာစိတ်ကူးပေါက်ပြီး ရောက်လာစေချင်သည့် ဆန္ဒလေးတော့ ဖြစ်မိသားပင်၊ ဘုရားစာသင်စဉ် ရှင်ပြုရက်နီးလာချိန်တွင် ဆရာတော်ထံ သက်န်းတောင်းသင်ရ ဘုရားစာသင်ရနှင့် အဖေလာခြင်း မလာခြင်းဆိုသော မေးခွန်းကို သားက ထပ်မမေးတော့။ ညှိုးငယ်သောမျက်နှာထားလေးနှင့် ခပ်မဆိတ်သာနေသည်။

ရှင်ပြုသည့်နေ့တွင် သား၏ မျက်ဝန်းများက ကျောင်းမုခ်ဦးရှိရာသို့ မကြာခဏ လှမ်းကြည့်သည်။ ကျွန်မ၏ နှလုံးသားထဲတွင်လည်း မွန်းကြပ်လျက် နွမ်းလျနာကျင်နေပြီ။ သားကိုချစ်ခြင်း. . . သနားခြင်း. . . များစွာဖြင့် ကျွန်မလည်း ကျောင်းမုခ်ဦးသို့ တိတ်တခိုးမျှော်ကြည့်မိတော့သည်။

ဆံချချိန်နီးလာပြီ . . . .။ သားရင်ထဲတွင် ဝမ်းနည်းအားငယ်ရှာရှာမည်။ ကျွန်မရင်ထဲတွင်လည်း ကြေကြေကွဲကွဲ. . .။


သူ. . . လာမှလာပါ့မလား. . .၊ သူ. . . အရောက်လာပါစေ. . .။ ။

**မိုးဝန်းမွန် (ရာမည)**



# ဥပဒေထဲကသူတို့ဘဝ

ကိုကိုအောင်
(အလုပ်သမား)



> ကလေးအလုပ်သမားနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသော အလုပ်သမားဥပဒေများတွင် အလုပ်ခွင်သို့ ဝင်ရောက်နိုင်သည့် အသက်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင် ကျန်းမာရေး၊ အလုပ်ချိန် သတ်မှတ်ရေး သက်သာ ချောင် ချိရေးကိစ္စရပ်များကို သီးခြား ပြဋ္ဌာန်းချက်များထားကာ ဥပဒေအရ အကာအကွယ်ပေးမှုများ ရှိသည်။ . . . .

ကနေ့ပင်စင်လစာထုတ်ရမည့်နေ့။

ပင်စင်ကမြို့ထဲကဘဏ်မှာ ထုတ်ရမှာမို့ စာရေးသူတို့နေထိုင်ရာ ဒဂုံမြို့သစ် (မြောက်ပိုင်း) ကနေ ၄၉ အဝါ ဘတ်စ်ကားစီး၊ မြောက်ဥက္ကလာပ အပိုင်းမှာဆင်း၊ ပြီးတော့ သင့်ရာ ဘတ်စ်ကားဖြင့် မြို့ထဲသွားရသည်။ မြောက်ဥက္ကလာပအပိုင်းရောက်တော့ မြို့ထဲသွားသည့် ဘတ်စ်ကားတွေကြပ်နေလို့ ဘတ်စ်ကား ချောင်တဲ့အချိန် ရောက်အောင် ခေတ္တ စောင့်ရင်း အပိုင်းမှာရှိတဲ့ လက်ဖက်ရည်ဆိုင်ကြီး တစ်ဆိုင်ထဲ ဝင်ခဲ့သည်။

နံနက်ခင်းဆိုတော့ လက်ဖက်ရည် ဆိုင်တွင်းမှာ လူတွေက အပြည့်။ စာရေးသူ ဆိုင်ထဲဝင်သွားတော့ စားပွဲထိုးကောင်လေး တစ်ယောက် ဆိုင်အတွင်းက လွတ်နေတဲ့ စားပွဲတစ်လုံးဆီ ညွှန်ရင်း -

"ထိုင်ပါဆရာ၊ ဘာသောက်မလဲ"

"လက်ဖက်ရည် ပုံမှန်တစ်ခွက်၊ ရှယ်နော် ကောင်လေး"

စားပွဲထိုးလေးက ရုတ်ချည်း လက်ဖက်ရည်ဖျော်သည့် ကောင်တာဘက် အသော နှင်ရင်း ပါးစပ်မှလည်း -

"ရှယ်ပုံမှန်ဝမ်း"

အော်လိုက်သည့် သူ့အသံက စူးရှရှ။ စာရေးသူ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း သူ့ကို သတိပြုကြည့်လိုက်မိသည်။ သူ့အသက်က ရှိမှ ၁၂ နှစ်၊ ၁၃ နှစ်ထက် မပိုနိုင်။ ဆိုးထားသည့် ဆံပင်နီကြောင်ကြောင်လေးကို ဂျယ်နှင့်ထောင်ထားသည်။ နားတစ်ဖက်မှာလည်း နားကပ်နှင့်၊ ပါးကွက်ကလည်း ကွက်ထားသေး။ အရှပ်များပါလက်နှင့် ရှပ်ကျယ် လေးဝတ်ထားသည်။ ဘောင်းဘီတိုလေးနှင့်၊

ကျန်စားပွဲထိုးလေးများထဲတွင် တစ်ယောက်စ နှစ်ယောက်စ သူနှင့် အသက်မတိမ်းမယိမ်း တွေလည်း တွေ့ရသည်။

စားပွဲထိုးလေးများက အစား အသောက် ပြေးမှာလိုက်၊ စားပွဲပြေးထိုးလိုက်၊ စားသုံးသူနှင့် ကောင်တာကြား ငွေပြေးရှင်းလိုက်နှင့် ဟိုမှသည်မှပြေးလွှားရင်း အလုပ်ရှုပ်လို့နေသည်။ ထိုမြင်ကွင်းကိုကြည့်ရင်း တစ်နေကုန် တစ်နေခန်း ပြေးလွှားနေသော စားပွဲထိုးလေးများ၏ တစ်နေ့တစ်နေ့ လျှောက်လှမ်းရသည့် ခရီးအကွာအဝေးကို တွက်ဆရင်း



အတွေးများက ကလေးအလုပ်သမားများ၏ ဘဝများဆီ ရောက်ရှိခဲ့သည်။

ယနေ့ကမ္ဘာတွင် လူဦးရေ ၇ ဘီလီယံကျော် ရှိသည့်အနက် ကလေးလူငယ် ၂၁၅ သန်းမှာ အလုပ်ခိုင်းစေမှုခံနေရပြီး ထိုအထဲမှ ၁၁၅ သန်းမှာ မယုံကြည်နိုင် လောက်အောင် အဆိုးရွားဆုံးသော အန္တရာယ်များ ရောပြွမ်းသည့် လုပ်ငန်းခွင်များအတွင်း ရောက်ရှိနေ၏။ ကမ္ဘာ့တစ်နံတစ်လျားရှိ ဆင်းရဲမွဲတေမှု ထောင်ချောက်ထဲမှ ရုန်းထွက်နိုင်ခြင်း မရှိသော ကလေးသူငယ်များ၏ အလုပ်ခိုင်းစေမှုများအနက် အာဖဂန်နစ္စတန်နိုင်ငံရှိ အုတ်ဖုတ်လုပ်ငန်းများ၊ ကမ္ဘောဒီးယားရှိ ဆားကျင်းများ၊ အာဖရိက ဒေသရှိ ဥယျာဉ်စိုက်ပျိုးမှုနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းခွင်များတွင် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအဖြစ် အလုပ်လုပ်နေကြရ၏။ တောင် အာမေရိကနှင့် လက်တင်အမေရိကနိုင်ငံများတွင် ကလေးသူငယ်များအား ခရီးသွား ဧည့်သည်များအတွက် လိင်ဖျော်ဖြေမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်း၏ သားကောင်များအဖြစ် အသုံးပြုလျက်ရှိသည် ဟုဆို၏။

ထို့ကြောင့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) သည် ၁၉၉၂ ခုနှစ်ကတည်းက ကလေးအလုပ်သမားများအား အကာအကွယ်ပေးရေးနှင့် ပပျောက်ရေး နိုင်ငံတကာစီမံချက် (IPECL) ကို ချမှတ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကလေး သူငယ်များ အလုပ်ခိုင်းစေမှု ပပျောက်ရန် ရည်မှန်းချက် တစ်ရပ်ချမှတ်၍ ကမ္ဘာနှင့်အဝှမ်း ကြိုးပမ်းလျက်ရှိသည်။ ယင်းကြိုးပမ်းမှုတွင် မြန်မာ နိုင်ငံလည်း ပါဝင်ခဲ့သည်။

ကလေးအလုပ်သမား နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသော အလုပ်သမားဥပဒေများတွင် အလုပ်ခွင်သို့ ဝင်ရောက်နိုင်သည့် အသက်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင်ကျန်းမာရေး၊ အလုပ်ချိန် သတ်မှတ်ရေး၊ သက်သာ ချောင်ချိရေးစီစဉ်ချက်များကို သီးခြားပြဋ္ဌာန်းချက် များထားကာ ဥပဒေအရ အကာအကွယ်ပေးမှုများရှိသည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ထုတ်ပြန်ခဲ့သည်။ မူလဥပဒေ၏ ပုဒ်မ ၇၅ တွင် ငယ်ရွယ်သောကလေးများ နိုင်းစေခြင်းမှ တားမြစ်သည့် အနေဖြင့် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် အသက် ၁၃ နှစ်မပြည့်သော ကလေးအား အလုပ်မခိုင်းရန် ပြဋ္ဌာန်းထားသော်လည်း ပြင်ဆင်သည့် ဥပဒေတွင် ၁၃ နှစ်အစား ၁၄ နှစ်အဖြစ် တစ်နှစ်တိုး၍ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ယင်းသို့ အလုပ်ဝင်ရောက်နိုင်သည့် အသက်ကို တိုးမြှင့်သတ်မှတ်ခြင်းဖြင့် အသက်ငယ်ရွယ်သည့် ကလေးများ လုပ်ငန်းခွင်အတွင်း ဝင်ရောက်ခြင်းကို ဥပဒေအရ အကာအကွယ်ပေးရန် ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဥပဒေသစ်တွင် ပုဒ်မ ၇၅ (က) အဖြစ် "မည်သည့်လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေသော၊ ကျန်းမာရေး ထိခိုက်စေသော၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောက်အယှက် ဖြစ်စေသော၊ စာရိတ္တနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသော နည်းလမ်းများဖြင့် အလုပ်နိုင်းစေခြင်းမပြုရ" ဟု ထပ်မံဖြည့်စွက် ပြဋ္ဌာန်းခဲ့သည်။

အလားတူပင် ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေအား ရုပ်သိမ်း၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၈ ဖြင့် ပြင်ဆင်ခဲ့သည့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာန များဥပဒေတွင် ငယ်ရွယ်သော ကလေးများအား နိုင်းစေခြင်းမှ တားမြစ်နိုင်ရန်အတွက် ဆိုင်နှင့် အလုပ်ဌာနများ၌ အလုပ်လုပ်နိုင်သည့် အသက်အကန့်အသတ်နှင့် အချိန်ပို လုပ်ပိုင်ခွင့်တို့ ပုဒ်မ ၁၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

၁၃။ (က) အသက် ၁၄ နှစ်မပြည့်သော မည်သူ့ကိုမဆို ဆိုင်တစ်ခုခု၌ ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(ခ) ဆိုင်တစ်ခုခု၌ ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ ဖြစ်စေ အသက် ၁၆ နှစ်မပြည့်သေးသူအား သတ်မှတ်အလုပ်ချိန်ထက် ကျော်လွန်၍ အချိန်ပို လုပ်ကိုင်ခွင့်မပြု။

အထက်ပါ ပုဒ်မ ၁၃ (က) တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ဆိုင်နှင့် အလုပ်ဌာနများ၌ အလုပ်လုပ်နိုင်သည့် အသက်ကန့်သတ်ချက်မှာ ၁၄ နှစ်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့၍ ယခင်ဥပဒေဟောင်းပါ အသက်ကန့်သတ်ချက်မှာ ၁၃ နှစ် ဖြစ်သဖြင့် အလုပ်ဝင်ရောက်မည့် ကလေး၏ အသက်ကို တစ်နှစ် တိုးမြှင့်သတ်မှတ်နိုင်ခဲ့သည်။

ယခင်ဥပဒေဟောင်းဖြစ်သည့် ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ၌ အလုပ်ခွင်သို့ ဝင်ရောက်နိုင်သည့် အသက်ကို ၁၃ နှစ် သတ်မှတ်၍ ပြင်ဆင်သည့် ၂၀၁၆ ခုနှစ်၊ ဥပဒေသစ်တွင် အသက် ၁၄ နှစ် အဖြစ် တစ်နှစ်တိုးမြှင့် သတ်မှတ်ခြင်းဖြင့် အကာအကွယ်ပေးခဲ့ကြောင်း တွေ့ရှိရသည်။

ထို့အပြင် ပုဒ်မ ၁၄ တွင် အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ်မပြည့်သေးသူများအား ဆရာဝန်၏ ခွင့်ပြုချက်ဖြင့်သာ လုပ်ကိုင်ခွင့်ပြုရေး၊ တစ်ရက်လျှင် အလုပ်ချိန် ၄ နာရီထက်ပို၍ လုပ်ကိုင်ခွင့် မပြုရေး၊ ည

၆ နာရီမှ နံနက် ၆ နာရီအတွင်း အလုပ် မခိုင်းစေရေး အသက် ၁၈ နှစ် မပြည့်သေးသော မည်သည့် အလုပ်သမားကိုမျှ အန္တရာယ် ရှိသည်ဟု သတ်မှတ်ထားသော လုပ်ငန်းခွင်တွင် မခိုင်းစေရ ဟူသော ပြဋ္ဌာန်းချက်များဖြင့် ဥပဒေအရ အကာအကွယ် ပေးထားမှုများ တွေ့ရသည်။

အထက်ပါကဲ့သို့ အလုပ်သမား ဥပဒေများက ငယ်ရွယ်သော ကလေးသူငယ်များ အလုပ်ခိုင်းစေခြင်းမှ တားမြစ်နိုင်ရေး လုပ်ငန်းခွင်အတွင်း ရောက်ရှိနေပါကလည်း ဥပဒေများအရ အကာအကွယ်ပေးနိုင်ရေး အတွက် ပြဋ္ဌာန်းခြင်း၊ စည်းကြပ်ခြင်း၊ လိုက်နာဆောင်ရွက်စေခြင်းများ ပြုလုပ်လျက်ရှိသည့်တိုင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) ၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံရှိ ကလေးသူငယ် ၇၀ ရာခိုင်နှုန်းသည် တစ်ပတ်လျှင် ၄ ရက်ထက်မနည်း၊ တစ်ရက် ၈ နာရီကျော်ကြာ အလုပ်လုပ်နေရကြောင်းနှင့် ကလေးသူငယ်အချို့မှာ အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရကြောင်း ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေများဖြစ်၍ ကျေးလက် အလုပ်သမားထုအတွင်း မြန်မာနိုင်ငံ တစ်နံ တစ်လျား၌ ကလေးအလုပ်သမား အများအပြား ရှိနေဦးမည်ဖြစ်၏။ လယ်ယာ အလုပ်သမားများ၏ စီးပွားရေး နိမ့်ကျမှု၊ မိဘ များ၏ ပညာရေး အသိပညာ အမြင်မကျယ်မှု၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် မူလတန်းပညာရေးကျောင်း၊ အလွှတ်ပညာရေး ဆက်လက်သင်ကြားရန် အလှမ်းကွာဝေးမှုများသည် ကျေးလက် နေ ကလေးသူငယ် များအား ကလေးအလုပ်သမားများအဖြစ် လုပ်ငန်းခွင်အတွင်း ဝင်ရောက်ရန် တွန်းပို့သကဲ့သို့လည်း ဖြစ်၏။ ယင်းသို့ဖြင့် ကျေးလက်တွင် မိမိနှင့်မလာ လယ်ယာကိုင်းကျွန်း လုပ်ငန်းခွင်၏ သားကောင်များ အဖြစ် ရောက်ရှိသွား၏။ အချို့ ကလေးသူငယ်များမှာလည်း မိဘများ၏ စီးပွားရေး လိုအပ်ချက်အခြေခံဖြင့် ကျေးလက်မှ မြို့ပြရှိ စျေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆောက်လုပ်ရေး လုပ်ငန်းနှင့် အခြား ပြန်ကျလုပ်ငန်းခွင်များသို့ တစ်ထောက်တစ်စတိုးတက် ဝင်ရောက်လုပ်ကိုင်မှုများ ရှိ၏။ ယင်းကဲ့သို့သော ကလေးအလုပ်သမားများအတွက် သက်ဆိုင်ရာ ဌာနများအနေဖြင့် အလုပ်သမား ဥပဒေများအရ အကာအကွယ်ပေးရမည့်အပြင် ဥပဒေက ခွင့်မပြုသည့် ကလေးငယ်များ လုပ်ငန်းခွင်အတွင်း မရောက်ရှိရေးကိုလည်း သတိရှိရှိဖြင့် တာဝန်ရှိသူများက မျက်ခြေမပြတ်စောင့်ကြည့် ကာကွယ်ရမည်သာ။

သို့မှသာ ငယ်ရွယ်သော ကလေးသူငယ်များအား ကလေးအလုပ်သမားများအဖြစ် အလုပ်စေခိုင်းခြင်းမှ တားမြစ်ရေးဆောင်ရွက်နိုင်မည့်အပြင် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်နေကြသော ကလေးအလုပ်သမားများအတွက်လည်း အကာအကွယ်များ၊ အကျိုးခံစားခွင့်များကို အလုပ်သမား ဥပဒေများနှင့်အညီ တိုးတက်ခံစားရရှိရေး ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။ ။

**ကိုကိုအောင် (အလုပ်သမား)**

လူနာ ။ ။ ကျွန်တော့်မှာ အိပ်ပျော်ပြီဆိုတာနဲ့ ဟောက်တော့တာပဲ။ ဒါပျောက်အောင် လုပ်ပေးပါ ဒေါက်တာရယ်။

ဆရာဝန် ။ ။ ခင်ဗျား ဟောက်တဲ့အသံက ကျယ်နေလို့လား။

လူနာ ။ ။ အရမ်းကိုကျယ်တာပေါ့ဗျာ။

ဆရာဝန် ။ ။ ဒီလိုဟောက်သံကြောင့် ခင်ဗျားမိန်းမမှာ စိတ်အနှောက်အယှက်ဖြစ်နေရတယ်ဆိုပါတော့။

လူနာ ။ ။ ဘယ်ကလာ.....။ ကျွန်တော့်မှာ မိန်းမမရှိပါဘူး။ လူပျိုပါဗျ။

ဆရာဝန် ။ ။ တစ်ယောက်တည်း အိပ်ရတာပဲဗျ အသံကျယ်ကျယ်ဟောက်လည်း ဘာပြဿနာမှ မရှိပါဘူး။

လူနာ ။ ။ ပြဿနာရှိလို့ပြောတာပေါ့ဗျ။ ဒီဟောက်သံကြောင့် ကျွန်တော် အလုပ်ထုတ်ခံရတာ ငါးနေရာ ရှိပြီဗျ။

PARTY JOKES
သင်းမြတ်ကို



# ခေါင်းဆောင်များအတွက် မိမိကိုယ်မိမိ စီမံခန့်ခွဲမှု

မင်းပထူး

Labour Digest Vol.6, No-19 မှအဆက်

ဆက်ဆံရေး ဘယ်လောက်ကောင်းသလဲ။

စကားပြောကောင်းသလား၊ လိုရင်းအချက်များကို ခြုံငုံ၍ပေါ်လွင်အောင် အကျဉ်းချုံးတင်ပြတတ်သလား၊ ကြည်သာ ရွှင်ပျသော အမူအရာရှိသလား၊ စာ ဘယ်လောက် ကောင်းကောင်းရေးနိုင်သလဲ၊ ဘယ်လောက်များများရေးနိုင်သလဲ၊ စာတည်းဖြတ်ပေးခြင်း၊ စာသင်ကြားပေးခြင်း ပြုလုပ်နိုင်သလား၊ ကျွန်ုပ်တို့သည် လက် အောက်နှင့်ဆက်ဆံရာ၌ မကျွမ်းကျင်လျှင် အစစ်အမှန်ခေါင်းဆောင် မဟုတ်ဘဲ ရုပ်ပြခေါင်းဆောင်သာ ဖြစ်ပါလိမ့်မည်။ ရုပ်ပြ ခေါင်းဆောင်သည် ရာထူးကို သာယူထားပြီး ထိရောက်မှုမရှိသူဖြစ်သည်။ အစစ်အမှန် ခေါင်းဆောင်သည် ရာထူးနေရာတစ်ခုမှ နေ၍ ညွှန်ကြားပြသခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုလုပ်နိုင်သူဖြစ်သည်။

စည်းစနစ်ဘယ်လောက်ကြီးသလဲ။ သိမ်မွေ့၍ ကြင်နာတတ်သော စည်းကမ်းသမားလား၊ ကြမ်းတမ်းခက်ထန်သော စည်းကမ်းသမားလား၊ လက်အောက်ဝန်ထမ်းများနှင့် ဆွေးနွေးရန် အချိန်ခွဲဝေပေးထားသလား။ လူတစ်ယောက်ကို ထုတ်ပယ်ခဲ့ဖူးသလား။ ဘယ်လိုအကြောင်းပြချက်၊ ဘယ်လိုပုံစံမျိုးနဲ့ထုတ်ခဲ့သလဲ။ သူ၏တာဝန်ရှိမှုအပေါ် အရေးယူဆောင်ရွက်ခြင်းမပြုမီ အကြံပေးခြင်း၊ သတိပေးခြင်း ပြုလုပ်ခဲ့သလား။ တိကျသော်လည်း မျှတသော ခေါင်းဆောင်၊ ခေါင်းဆောင်မှုနှင့် သက်ညှာမှုတို့ကို ကွဲပြားစွာနားလည်သော ခေါင်းဆောင်တို့သည် အဖွဲ့အစည်းတစ်ရပ်၏အကျိုးကို ကောင်းစွာသယ်ပိုးနိုင်ပါသည်။

မျှတသောစည်းကမ်းသမား၊ အသေ



အချောစဉ်းစားဆင်ခြင်မှုမရှိဘဲ သူတစ်ပါး ထမင်းအိုး မခွဲတတ်သူနှင့်အဖွဲ့အစည်း အကျိုးစီးပွားအတွက် ထိန်းသိမ်းမြှင့်တင်ရန် စံချိန်စံညွှန်းချမှတ်လုပ်ကိုင်တတ်သူခေါင်း ဆောင်များကို လူတိုင်းက လေးစားယုံ ကြည်မှု ရှိကြပါသည်။

### ပျော်အောင်ဘယ်လိုထားသလဲ

ခေါင်းဆောင်သည် ကိုယ်တိုင်က လုပ်ငန်း ခွင်ပျော်ပိုက်ကြောင်း အများမြင် သာအောင် ပြသပြောဆိုရမည်။ သို့မှသာ အဖွဲ့အစည်းတွင် လန်းဆန်းရွှင်သန်နေ သော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင် သည်။ အလုပ်လုပ်ရတာ ကိုယ်တိုင်ပျော်မှ အခြားသူများ ပျော်ရွှင်မှုကို အားပေးကူညီ နိုင်မည်။ ချိုသာ သောစကားလုံးများနှင့် ရွှင်ပြုံးနေသော နှုတ်ခမ်းအစုံသည် အခြား သူများကို ကူးစက်စေနိုင်ပါသည်။ လက်အောက်မှ ဝန်ထမ်းများ၏အောင်မြင် မှုကို အစစ်အမှန်ခံစားမှုဖြင့် ဝမ်းသာ ဂုဏ်ယူတတ်ရမည်။ ကျွန်ုပ်တို့သည် သူတို့ နှင့် အတူတူလုပ်ရတာ ကျေနပ်အားရ ကြောင်း၊ ဒီလိုအသင်းအဖွဲ့ ကောင်းကောင်း ရှိနေသမျှ မည်သည့်တာဝန်မျိုးမဆို စိတ်တူ သဘောတူထမ်းဆောင်ရန် စိတ်အားထက် သန်နေကြောင်း အသိပေးပြောကြားထား သင့်သည်။

### ပြုပြင်မွမ်းမံမှု ဘယ်လောက်လုပ်တတ်သလဲ။

ပိုနေမြဲကျားနေမြဲသမားလား။ ပြုပြင်ပြောင်းလဲမှုများကို ခွင့်မပြုသော မူဝါဒကို ဆုပ်ကိုင်ထားရသူလား။ အတွေး သစ်၊ အမြင်သစ်၊ အကြံဉာဏ်သစ်၊ အယူ အဆသစ်၊ ဦးတည်ချက်အသစ်များကို လမ်းဖွင့်ပေးတတ်သူလား။ မူဝါဒများ၊ ဖွဲ့စည်းမှုများ၊ အမှုထမ်းရေးရာများနှင့် အခြားအကြောင်းကိစ္စများတွင် မှောက်ချည် လှန်ချည် မကြာခဏ အပြောင်းအလဲ မြန် လွန်းသူလား။ ကျွန်ုပ်တို့သည် တီထွင်ဖန်တီး မှုနှင့် ဆက်လက်တည်ရှိမှုအကြား မှန်ကန် သောချိန်ဆမှုကို ရှာဖွေတွေ့ရှိထားသလား။ အချို့ကိစ္စများတွင် ပြုပြင်မွမ်းမံမှုများကို အဖွဲ့အစည်း၏ တည်ရှိဆဲအင်အားများ မယုတ်လျော့စေရန်အတွက် ဖြည်းဖြည်း မှန်မှန် အကောင်အထည်ဖော်ရပါမည်။ ဘယ်အချိန်တွင် ဘယ်လိုလုပ်ရမည်ဆိုသည့် အဖြေသည် ခေါင်းဆောင်အနေဖြင့် အဖွဲ့ အစည်းအကြောင်း ဘယ်လောက်သိသလဲ ဆိုသည့်အချက်ပေါ်တွင် တည်ပါလိမ့် မည်။

### ပြောင်းလွယ်ပြင်လွယ် ဘယ်လောက်ရှိလဲ

အကြံဉာဏ်သစ်များကို လမ်းဖွင့် မပေးနိုင်လောက်အောင် တရားသေသမား ဖြစ်နေသလား။ လေယူရာတိမ်းပြီး ခုတစ်မျိုး တော်ကြာတစ်မျိုးလုပ်တတ်၊ ပြောတတ် သူလား။ ခေါင်းဆောင်ကောင်းသည် အလွယ်တကူ သိမ်းသွင်းခံရသောသူ မဖြစ် စေရသလို၊ အာဏာဖြင့်ခွတ်မိုက်ပြီး လုပ် တတ်သူလည်း မဖြစ်စေရပါ။ အဖွဲ့အစည်း၏

ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေကို သေချာစွာ စောင့်ကြည့် နားထောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဘယ်လောက်ပြောင်းလွယ်ပြင်လွယ်ဖြစ်ရမည်ကို ဖော်ထုတ်နိုင်ရပါမည်။ အစွန်းမရောက်အောင် မိမိကိုယ်ကို ထိန်းကျောင်းနိုင်ရပါမည်။

## ခန္ဓာနှင့်ဉာဏ် ဘယ်လောက်ကြံ့ခိုင်သလဲ

ကိုယ်ခန္ဓာကြံ့ခိုင်ရေး လေ့ကျင့်ရေး အမြဲလုပ်သလား။ အားကစား မလုပ်နိုင်လောက်အောင် အလုပ်များနေသလား။ ခေါင်းဆောင် တစ်ယောက်အနေဖြင့် အဖွဲ့အစည်း အတွင်းရှိ လူများကို ကိုယ် ခန္ဓာကြံ့ခိုင်ရေးနှင့် အားသစ်လောင်းရေး အတွက် အချိန်ခွဲဝေပေးထားပါသလား၊ ကိုယ်တိုင် အားကစားသမား မဟုတ်လျှင်ပင် ကျွန်ုပ်တို့သည် ကျန်းမာကြံ့ခိုင်ရေး အစီအစဉ်တစ်ခု၏တန်ဖိုးကို နားလည်လိုက်နာရပါမည်။

မိမိ၏ဉာဏ်ရည်ဉာဏ်သွေး ကျဆင်းနေပြီဟု မထင်မိဘူးလား။ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်ရန် ပုံမှန်စာဖတ်သော အစီအစဉ်၊ သင်ကြားလေ့ကျင့်ရေးအစီအစဉ် တစ်ခုခု လုပ်နေသလား။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်များနှင့် ဉာဏ်ရည်ဉာဏ်သွေးများသည် အစဉ်သဖြင့် ထုတ်လုပ်နိုင်စွမ်းအား ရှိနေစေရန်လေ့ကျင့်ခန်းများ အမြဲတမ်းလိုအပ်နေသည်ကို နားလည်ထားကြရပါမည်။

## အထက်ဖိအားဇက် ဘယ်လောက် ခံနိုင်သလဲ

ခေါင်းဆောင်တစ်ယောက်သည် အထက်ဌာန၏ လမ်းညွှန်ချက်နှင့် ဝေဖန်ချက်ကို ရင့်ကျက်စွာဖြင့် လက်ခံနိုင်ရပါမည်။ အထက်အရာရှိ၏ဖိအားကို ဆပွားတိုးစေပြီး လုပ်ဖော်ကိုင်ဖက်များထံ ဆက်လက် ဖိနှိပ်နေလျှင် အဖွဲ့အစည်း၏စိတ်ဓာတ်နှင့် ရည်မှန်းချက်ကို ကျိုးပဲ့စေမည်ဖြစ်ကြောင်း သဘောပေါက်ရပါမည်။ တစ်ခါတစ်ရံတွင် အထက်၏ဖိအားများကို လမ်းလွှဲပေးရန်လိုသလို၊ တစ်ခါတစ်ရံတွင် အထက်၏ ဖိအားအချို့အဝက်ကို အဖွဲ့အစည်းအတွင်း ဖြတ်သန်းဝင်ရောက်သွား စေရပါမည်။ ခေါင်းဆောင်သည် အဖွဲ့အစည်း၏ ပန်းတိုင်နှင့်စိတ်ဓာတ်ရေးရာကို ထိခိုက်ဆုံးရှုံးစေမည့် မည်သည့်အကြောင်း ကိစ္စကိုမဆို အပူခံပြားတစ်ချပ်ကဲ့သို့ ခံနိုင်ရည်ရှိရပါမည်။

## ထိတွေ့မှုဘယ်လောက်ရှိသလဲ

ရုံးခန်းထဲတွင် မိမိကိုယ်မိမိ ထီးတည်းဖြစ်နေသော ခေါင်းဆောင်၊ အဖွဲ့အစည်းအတွင်း၌ ဘာတွေဖြစ်နေသည်ကို ဖြစ်ပြီး မကြာမီ အချိန်အတွင်း သိနိုင်လောက်သော စွမ်းရည် မရှိသော ခေါင်းဆောင်တို့သည် အောက်ခြေနှင့်ထိတွေ့မှု မရှိသော ခေါင်းဆောင်များဖြစ်ကြသည်။ ကျွန်ုပ်တို့ သည် အဖွဲ့အစည်းနှင့် တစ်သားတည်း ကျအောင် ဘယ်လိုလုပ်ကြမလဲ။

တစ်ချိန်လုံးအပြင်တွင်လိုက်၍ အာရုံ

ခံနေကြရမလား။ ပြန်လည်ဖြည့်ဆည်းမှု ယန္တရားတည်ဆောက်ထားသလား။ ဝန်ထမ်းများက ခေါင်းဆောင်များအား သူတို့၏လုပ်ငန်းခွင်နှင့်စိမ်းသည်ဟု သိမြင်နေသောအခါ ခေါင်းဆောင်များတွင် မိမိကိုယ်မိမိ မေးစရာမေးခွန်းများ ထွက်ပေါ်လာလိမ့်မည်။

ခေါင်းဆောင်၏ထိတွေ့မှုနည်းပါးမှုကြောင့် ဝန်ထမ်းအချို့သည် သူတို့အား သေသေချာချာစောင့်ကြပ်ကြည့်ရှုခြင်းမရှိသည်ကို အခွင့်ကောင်းယူ၍ အလုပ်ခွင်မှ လစ်ကြလိမ့်မည်၊ ဝန်ထမ်းအချို့ကမူ သူတို့၏ လုပ်ဆောင်မှုများအပေါ် အသိအမှတ်ပြုမခံရသည့်အတွက် ပစ်ပယ်ထားခြင်းခံရသလို ခံစားနေကြလိမ့်မည်။


## ဘယ်လိုကိုယ်စားလွှဲသလဲ

မိမိထံတွင်သာ သူမတူသော ဉာဏ်အမြော်အမြင်နှင့် စွမ်းအင်ကြီးမားစွာရှိသည်ဟု ယုံကြည်လျက် အဖွဲ့အစည်းတစ်ခုလုံးကို တစ်ဦးတည်းက အဆုံးအဖြတ်ပေးအုပ်ချုပ်သော ခေါင်းဆောင်သည် အချိန်ကြာလာသည်နှင့်အမျှ အဖွဲ့အစည်း၏စိတ်ဓာတ်နှင့် အုပ်ချုပ်မှု ယန္တရားကို ကိုယ်တိုင်ဖျက်ဆီးသူ ဖြစ်လာပါသည်။ လုပ်ဖော်ကိုင်ဖက်များသည် သူတို့၏စွမ်းရည်များကို ထုတ်သုံးခွင့် မရတော့ဘဲ အဖွဲ့အစည်းအတွင်း ရေလိုက် ငါးလိုက်နေလာကြသည်။ အသေးအဖွဲကိစ္စကလေးများပင်လျှင် မဆုံးဖြတ်တော့ဘဲ အထက်သို့တွန်းပို့ပေးခြင်းဖြင့် ခေါင်းဆောင်ထံတွင် လုပ်ငန်းများ မနိုင်မနင်းဖြစ်လာပြီး ဆုံးဖြတ်ချက်အမှားအယွင်း များ ဖြစ်ပေါ်လာစေသည်။

ဆုံးဖြတ်ချက်လုပ်ငန်းစဉ် ကြန့်ကြာခြင်းဖြင့် အုပ်ချုပ်မှုယန္တရားကို နှေးကွေးလေးလံလာစေသည်။

တစ်ခါတစ်ရံ လုံးဝရုပ်တန့်သွားစေပါသည်။ အလုပ်တာဝန်များနှင့် အတူ အခွင့်အာဏာများပါ ကိုယ်စားလွှဲပေးခြင်းသည် အောက်ပိုင်းခေါင်းဆောင်များကို စွမ်းအားဖြည့်ပေးရာ ရောက်သည့်အပြင် စိတ်ဓာတ်ရေးရာအရ ဆုချီးမြှင့်ပေးရာ ရောက်ပါသည်။ လွတ်လွတ်လပ်လပ်လုပ်နိုင်အောင် ကိုယ်စားလွှဲပေးလေ အဖွဲ့အစည်း၏ ကြံ့ခိုင်ရှင်သန်မှုကို အားပေးလေဖြစ်ပါသည်။

ထို့အပြင် အနာဂတ်ခေါင်းဆောင်များအတွက် အရည်အချင်းပြည့်မီအောင် သင်ကြားလေ့ကျင့်ပေးရာရောက်သဖြင့် အဖွဲ့အစည်း၏အနာဂတ်အကျိုးစီးပွားကို သယ်ပိုးရာရောက်ပါသည်။ ကိုယ်စား လွှဲခြင်း၌ အရေးကြီးဆုံးအချက်မှာ အာဏာအပ်နှင်းခြင်းဖြစ်ပါသည်။ ကိုယ်စားလွှဲခြင်းခံရသောခေါင်းဆောင်သည် ထိပ်ပိုင်းခေါင်းဆောင်၏ စစ်ဆေးကြပ်မတ်မှုမခံရဘဲ ဆုံးဖြတ်ချက်များကို ကိုယ်တိုင်ပြုလုပ်ရန် အခွင့်အာဏာအပြည့် အဝရှိရမည်ဖြစ်သည်။ ခေါင်းဆောင်များစွာသည် အလုပ်တာဝန်များကို ခြင်းချက်မရှိ အခွင့်အာဏာပေး၍ ကိုယ်စားလွှဲပေးရမည့်အစား ခြင်းချက်များဖြင့်သာ ကိုယ်စားလွှဲတတ်ကြသည်ကို တွေ့ရပါသည်။ ဖြစ်လေ့ဖြစ်ထ



နည်းသော်လည်း အလွန်အကျွံ ကိုယ်စားလွှဲခြင်း၏ အစွန်းရောက်သော အန္တရာယ်မှာ ခေါင်းဆောင်မဲ့သည့် အဖွဲ့အစည်းအဖြစ်သို့ ရောက်သွားနိုင်သည်ကိုလည်း သတိပြုရပါမည်။

### ဘယ်လိုသောက်တတ်သလဲ

တစ်ခါ တစ်ရံတွင် ခေါင်းဆောင် တစ်ယောက်သည် ကြီးလေးသော ခေါင်းဆောင်မှုတာဝန်မယူမီ အနည်းအကျဉ်းသာ သောက်တတ်သော်လည်း ခေါင်းဆောင်မှုတာဝန်ယူပြီးသော အခါ အရက်စွဲသူအဖြစ်သို့ ရောက်သွားနိုင်သည်အထိ အသောက်များသည့် အဆင့်သို့ တက်သွားတတ်ပါသည်။ ခေါင်းဆောင် တစ်ယောက်အပေါ် သက်ရောက်သော ဖိအားဒဏ်သည်အတော်အတန်ကြီးမား သဖြင့် အရက်နှင့်ပတ်သက်သော ကိုယ်စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာအနည်းငယ်ရှိသူများအတွက် ပြဿနာကြီးအဖြစ်သို့ ရောက်လာတတ်ပါသည်။ ခေါင်းဆောင် တစ်ယောက်ဖြစ်လာပြီဆိုလျှင် မိမိကိုယ်မိမိ မေးရမည့် မေးခွန်းနှစ်ခုမှာ "ငါ့အတွက် အရက်လိုအပ်ချက်မှာ ဘယ်လောက်ဖြစ်သင့်သလဲ"၊ "ငါ့ရဲ့ အရက်သောက်သုံးမှုကို အခြားသူတွေက ဘယ်လိုမြင်နေကြသလဲ" ဟူ၍ဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်၏ အရက်သောက်သုံးမှုအပေါ် အမြင်သည် ခေါင်းဆောင်၏ဘဝကို အရက်က အမှန်တကယ်ဖျက်ဆီးသည်ထက် ပို၍ဆိုးဝါးစွာ ဖျက်ဆီးတတ်သည်ကို သိရှိထားရန် အကြံပေးလိုပါသည်။

### ဘယ်လိုအမြင်ရှိသလဲ

အမြဲတမ်းအကောင်းမြင်လွန်းလျှင်လည်း အဖွဲ့အစည်း၏ အားနည်းသော မျက်နှာစာကို သိမြင်နိုင်စွမ်းမရှိသော


ကြောင့် လုပ်ဖော်ကိုင်ဖက်များ၏လေးစားမှုကို ရလိမ့်မည်မဟုတ်ပါ။

အဖွဲ့အစည်း၏ခက်ခဲသော ပြဿနာများကို မျက်နှာချင်းမဆိုင်ရဲသည့်သဘောဟုလည်း မှတ်ယူသွားနိုင်သည်။ အမြဲတမ်းအဆိုးမြင်လွန်းနေလျှင်လည်း အဖွဲ့အစည်း၏ စိတ်ဓာတ်ရေး အခြေအနေကို ထိခိုက်လာနိုင်ပါသည်။ အကောင်းမြင်သမားသည် စိတ်ကူးယဉ်သမားသက်သက်မဟုတ်ဘဲ သူ့နေရာနှင့်သူ အကောင်းမြင်တတ်သူဖြစ်သည့်အပြင် လုပ်ငန်းခွင်တွင် စိတ်ဝင်စားမှုအပြည့်၊ အကောင်းမြင်စိတ်ဓာတ်အပြည့်ဖြင့် အလုပ်လုပ်တတ်သူ ဖြစ်ရပါမည်။ မူလက အများ၏လေးစားမှုခံယူရသော ခေါင်းဆောင်တစ်ယောက်ဖြစ်စေကာမူ မကြာခဏ အဆိုးမြင်တတ်လျှင် အဖွဲ့အစည်းအတွင်း၌ ထိုသူ၏လုပ်ဆောင်ချက်သည် အနုတ်လက္ခဏာသို့သာ ဦးဆောင်ပေးပေမည်။

**ဘာကိုတန်ဖိုးထားသလဲ**

ဝန်ထမ်းများသည် ခေါင်းဆောင်၏ တန်ဖိုးထားမှုနှင့် ကျင့်ဝတ်လိုက်နာမှုကို သိလိုနေကြသည်။ ထို့အပြင် ခေါင်းဆောင်အား သူတို့၏တန်ဖိုးထားမှုများကို မျှဝေခံစားစေလိုသော ဆန္ဒရှိကြ သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ယုံကြည် ကိုးကွယ်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ တန်ဖိုးထားမှု အဆင့်အတန်းများကို အခြားသူများထံ သွယ်ဝိုက်၍ တွန်းအားပေး ပြဋ္ဌာန်းခြင်းမဖြစ်စေရေးအတွက် သတိထား ပြောဆိုဆက်ဆံသင့်ပါသည်။

ကိုယ်မှန်သည်ထင်ရာကို အတင်းတွန်းအားပေး ပြောဆိုရေးသားလေ့ရှိသော ခေါင်းဆောင်သည် ကြီးမားသော ဝန်ထမ်းအင်အား၏ စုစည်းညီညွတ်မှု အားကိုဆက် လက်ထိန်းသိမ်းထားရန် အခက်အခဲတွေ့ တတ်ပါသည်။



## စာဘယ်လိုရေးသလဲ

စာဖတ်ခြင်းသည် ရယူခြင်းဖြစ်သည်။ စာရေးခြင်းသည် ပေးဝေခြင်းဖြစ်သည်။ ခေါင်းဆောင်သည် စာဖတ်တတ်ရန် သာမက စာရေးတတ်ရန်လည်း လိုပါသည်။ သတင်းစာ၊ မဂ္ဂဇင်းများတွင် စာရေးသားခြင်းအပြင် လက်အောက်ဝန်ထမ်းများ၊ အဖွဲ့အစည်းများအတွက် အကဲဖြတ်အစီရင်ခံစာရေးသားရာတွင်လည်း ပြောင်မြောက်ရန် လိုပါသည်။ လက်အောက်ဝန်ထမ်း၏ လုပ်ရည်ကိုင်ရည်ကို ပေါ်လွင်အောင် မရေးသားနိုင်ပါက ခေါင်းဆောင်၏တာဝန်မကျေပွန်မှုဖြစ်ပါသည်။ စာရေးသားရာတွင် အခြားတစ်စုံတစ်ယောက်၏ အကူအညီကိုရယူ၍ တည်းဖြတ်ခြင်း၊ စာချောစေခြင်း၊ ရှင်းလင်းမှုပေါ်လွင်စေခြင်းများ ဖြစ်အောင် ဆောင်ရွက်သင့်ပါသည်။ စာကောင်းကောင်းရေးနိုင်သူသည် အဖွဲ့အစည်း အကျိုးကို များစွာသယ်ပိုးနိုင်သည်။

## ရည်မှန်းချက်ဘယ်လောက်ကြီးသလဲ

ရည်မှန်းချက်ကြီးမားခြင်းသည် မိမိအတွက်ပဲလား၊ အဖွဲ့အစည်းအတွက်လား၊ ထိပ်တန်းရာထူးရကြသူများတွင် များသောအားဖြင့် ကိုယ်ရေးရည်မှန်းချက် ကြီးမားသူများပါဝင်ကြောင်း တွေ့ရှိရပါမည်။ ရည်မှန်းချက်ကြီးမားခြင်းသည် မိမိအတွက် သာမည၊ အဖွဲ့အစည်းအတွက် ပဓာနဖြစ်ရမည်။ အဖွဲ့အစည်းအတွက် ရည်မှန်းချက်ကြီးမားခြင်းသည် ရေရှည်တွင် အကျိုးကျေးဇူးကို အများနည်းတူ မိမိလည်းခံစားရပါမည်။

သို့ရာတွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အစစ်အမှန်အရည်အချင်းမှာ အများကို အလုပ်အကျွေးပြုရန်သာ ဖြစ်ရပါမည်။ အပြန်အလှန်ရယူခံစားလိုခြင်း မဖြစ်စေရပါ။

## ဘဝလုံခြုံမှုဘယ်လောက်ရှိသလဲ

မိမိကိုယ်မိမိ လုံခြုံသည်၊ အခြားသူများ၏ဝေဖန်မှုကိုလည်း ကောင်းစွာခံယူနိုင်သည်ဟု ယုံကြည်လျှင် ရင့်ကျက်သော ခေါင်းဆောင်တစ်ယောက် ဖြစ်လာပါပြီ။ မိမိ၏စွမ်းဆောင်မှုအပေါ် မိမိကိုယ်တိုင် သံသယရှိနေလျှင် အခြေခံအားဖြင့် လုံခြုံမှုမရှိသောကြောင့် ရှေ့လျှောက်အခက်အခဲများနှင့် ရင်ဆိုင်ရပါမည်။ ဤနေရာတွင် ကျွန်ုပ်တို့၏ အိမ်ထောင်ဖက်များသည် အထူးအရေးကြီး၏။

ကျွန်ုပ်တို့၏အားထုတ်မှုများနှင့် ပြီးမြောက်အောင်မြင်မှုများကို နှိုးကျွေးအားပေးရင်း ကျွန်ုပ်တို့အား အထောက်အကူများစွာပေးနိုင်ပါသည်။ ခေါင်းဆောင်၏ ဘဝလုံခြုံမှုသည် အဖွဲ့အစည်း အောင်မြင်မှုများကိုလိုက်၍ တိုးတက်လာမည်ဖြစ်သောကြောင့် ရှေးဦးပထမကာလတွင် မလုံခြုံသောခေါင်းဆောင်များသည် အချိန်ကာလကြာလာသောအခါ ရင့်ကျက်လာပြီး အောင်မြင်သော ခေါင်းဆောင်များ ဖြစ်လာနိုင်ပါသည်။ အဖွဲ့အစည်း၏အောင်မြင်မှုများကို မစွမ်းဆောင်နိုင်သော ခေါင်းဆောင်များသည် သူတို့၏ဘဝလုံခြုံမှုပါ ဆုံးရှုံးသွား

သည်ကို သတိပြုကြရပါမည်။

### အပျော်အပါးဘယ်လောက်တင်းလဲ

ခေါင်းဆောင်အချို့သည် အခြေအနေပေးလာသည်နှင့် ကာမဂုဏ်နောက်သို့ လိုက်ပါ သွားတတ်ကြပါသည်။ အကျင့်သီလဖောက်ဖျက်ကျူးလွန်မှုတစ်ခုသည် နောက်တစ်ခုအတွက် လမ်းခင်းပေးသည်။ ခေါင်းဆောင်သည် အသေအချာ စောင့်ကြည့်ခြင်း ခံရသူအဖြစ်ကို မေ့လျော့နေ၍မရပါ။ သူ၏သတင်းသည် အနေးနှင့်အမြန် အထက်အကြီးအကဲထံ ရောက်သွားပါလိမ့်မည်။

အဖွဲ့အစည်းအတွင်း ချက်ချင်းပျံ့နှံ့သွားပါလိမ့်မည်။ လိင်မှုကိစ္စမထိန်းသိမ်းနိုင်ခြင်းကြောင့် ဘဝလမ်းကြောင်းပျက်ဆီးသွားသူများစွာ ရှိခဲ့သည်ကို သင်ခန်းစာယူတတ်ရန် လိုပါသည်။

### သမာဓိအဆင့် ဘယ်လောက်ကောင်းသလဲ

သမာဓိဆိုသည်မှာ အစဉ်အမြဲ သတိဖြင့် စောင့်ထိန်းခြင်းဖြစ်သည်။ ခေါင်းဆောင်တစ်ယောက်၏ ပုဂ္ဂလိက ဆိုင်ရာ သမာဓိနှင့် အဖွဲ့အစည်းဆိုင်ရာ သမာဓိတို့သည် အဖွဲ့အစည်း၏နမူနာစည်းပေါ် တွင် ပေါင်းစုံမိကြသည်ကို သတိပြုရပါမည်။ ကျွန်ုပ်တို့သည် သမာဓိအကြောင်း ပြောမည်၊ ရေးမည်၊ ရှင်းမည်၊ သမာဓိနှင့်နေကြမည်ဆိုလျှင် အဖွဲ့အစည်းတစ်ခုလုံး အတွင်း၌ သမာဓိအဆင့်အတန်းမြင့်မားနေပါလိမ့်မည်။ ကျွန်ုပ်တို့ကိုယ်တိုင် သမာဓိကို ဘာသာလဝါလုပ်ကြပြီး စည်းမျဉ်း စည်းကမ်းများကို အလွယ်တကူ ကျော်လွှတ်စေမည်ဆိုလျှင် အဖွဲ့အစည်း အတွင်း၌ ရှိပြီးသား အရည်အချင်းကောင်းများ ဆုံးရှုံးကုန်ပါလိမ့်မည်။ ခေါင်းဆောင်တစ်ယောက်၏ သမာဓိအပေါ် စိတ်ဝင်စားမှုနှင့် စောင့်စည်းမှု အဆင့်အတန်းသည် အဖွဲ့အစည်းတစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကိုဆုံးဖြတ်ပေးပါမည်။

### အလေးအနက် ဘယ်လောက်ထားသလဲ

ဟောပြောမှုများ၊ တွေ့ဆုံဆွေးနွေးမှုများ၊ အစည်းအဝေးများတွင် ဖြင်ပဝုံဝန်းသတ္တာန် ဘယ်လိုနေသလဲ၊ စိတ်မြှောက်ပြီးနေသလား၊ ခေါင်းဆောင်တစ်ယောက်၏ တာဝန်များနှင့် ဝန်ထုပ်ဝန်ပိုးများအကြား မွန်းကျပ်နေသလား၊ ကုလားထိုင်အရှေ့အဖျားမှာပဲ ထိုင်နေမိသလား၊ တစ်စုံတစ်ရာ လာပြောမည့် လူများကို ဟန့်တားမိသလား၊ ဤအချက်ပြသင်္ကေတ များသည်ကျွန်ုပ်တို့၏အလေးအနက်ထားမှု အဆင့်အတန်းကို ဖော်ပြနေပါသည်။ ကျွန်ုပ်တို့၏ အလေးအနက်ထား လုပ်ဆောင်မှုများသည် ခေါင်းဆောင်တစ်ယောက်အနေဖြင့် အောင်မြင်မှုများကို တိုးမြှင့်ပေးသလား၊ ယုတ်လျော့သွားစေသလား အကဲဖြတ်တတ်ရန် လိုပါသည်။

### ဘယ်လိုဆုံးဖြတ်တတ်သလဲ

ဆုံးဖြတ်ချက်ချခြင်းနှင့်ပတ်သက်၍ လူသုံးမျိုးရှိသည်ဟု ဆိုပါသည်။ဖြစ်အောင် လုပ်သောသူ၊ ဖြစ်နေသည် ကို စောင့်ကြည့်သောလူနှင့် ဘာဖြစ်လာမည်လဲဟု စဉ်းစားတွေးတောနေသော လူဟူ၍ ဖြစ်ပါသည်။ စဉ်းစားလွန်းသော လူသည် အနည်းဆုံးသာ စွမ်းဆောင်နိုင်ပါသည်။

ခေါင်းဆောင်သည် လိုအပ်သော သတင်းအချက်အလက်များ၏ ၆၀% ခန့် ရလျှင်ပင် ဆုံးဖြတ်ချက်ချခြင်းအမှုကို ပြုသင့်သည်။ သတင်းအချက်အလက်များ ထပ်ရရန် နောက်ထပ် စောင့်ဆိုင်းခြင်းကြောင့် ဆုံးဖြတ်ချက်သည် အချိန်နောက်ကျမှ ချမှတ်နိုင်ခြင်းဖြင့် တန်ဖိုးမဲ့သွားပါလိမ့်မည်။

ကျွန်ုပ်တို့သည် ဖြစ်အောင်လုပ်သော ခေါင်းဆောင်များ ဖြစ်ကြစေလိုပါသည်။ ဆုံးဖြတ်ချက်ချရန် စောင့်ဆိုင်းနေခြင်းသည် မဆုံးဖြတ်နိုင်ခြင်းပင်ဖြစ်ပါသည်။ ထိပ်ပိုင်းခေါင်းဆောင်များ၏ မဆုံးဖြတ်နိုင်ခြင်းများအတွက် အောက်ခြေအဆင့်ခေါင်းဆောင်များ၏ မပြည့်စုံသောပေါင်းစပ်ညှိနှိုင်းမှုများဖြင့် လုပ်ဆောင်ချက်များသည် အဖွဲ့အစည်းအား တွေပြားစေသည်ကို သတိပြုရပါမည်။

### ဘယ်လောက်ဆင်ခြင် တွေးတောတတ်သလဲ

အဖွဲ့အစည်း၏ရည်မှန်းချက်များ၊ ပန်း တိုင်များ၊ လိုအပ်ချက်များ၊ လုပ်ငန်းတာဝန်များကို အယူအဆပေါင်း (Conceptual Frame-work) ဖြစ်အောင် ဖန်တီးနိုင်သလား၊ ထိုအယူအဆဘောင်ကို အခြားသူများအား ရှင်းပြနိုင်သလား။ အယူအဆဘောင်တစ်ခုကို ထိထိမိမိဆင်ခြင် တွေးတောတတ်သော ခေါင်းဆောင်သည် စီမံရေးမှူးကောင်းတစ်ယောက်ဖြစ်သည်။

အဖွဲ့အစည်းကြီးတစ်ခု၏ အမြင်များ၊ ပန်းတိုင်များ၊ ဦးစားပေးလုပ်ငန်းစဉ်များပါရှိသော ပုံစံကားချပ်ကြီးကို မြင့်၍ရှင်းလင်းလွယ်ကူစွာ ဖော်ပြနိုင်စွမ်းရှိခြင်းသည် အဖွဲ့အစည်းတိုးတက်မှုအတွက် အလွန်အရေးကြီးပါသည်။

### ရာထူးတာဝန်နှင့် ဘယ်လောက်ထိုက်တန်သလဲ

လူသည် ကျွမ်းကျင်နိုင်နင်းသော အဆင့်အတန်းထက်ပို၍မြင့်သော ရာထူးဌာနနေရာကို ရယူလိုပြီး ထိုရာထူး၌ တည်မြဲနေရန် ကြိုးစားတတ်သည့် သဘောသဘာဝကို နားလည်နိုင်ကြပါသည်။ ခေါင်းဆောင်သည် မိမိကိုယ်တိုင်လည်း ထိုသို့မဖြစ်စေရန်၊ မိမိလက်အောက်တွင်လည်း အလားတူမဖြစ်စေရေး ကာကွယ်သွားရန် တာဝန်ရှိပါသည်။ ရာထူးအဆင့်တိုးမြှင့်ရေးအစီအစဉ်တွင် လူတစ်ယောက်၏ အလားအလာ (Potential) အပေါ်တွင်သာ အာရုံစူးစိုက်၍ရွေးချယ်သင့်သည်။

လူတစ်ယောက်သည် သူ၏မပြည့်ဝ၊ မကျွမ်းကျင်သောအဆင့်သို့ ရောက်ရှိနေပြီဆိုလျှင် သူ့ကိုထိထိရောက်ရောက် အလုပ်

လုပ်နိုင်မည့်နေရာ၊ ဌာနသို့ ညင်သာစွာ ပြောင်းရွှေ့ပေးသင့်သည်။ ရာထူးတိုးပေးသည်နှင့်အမျှ တိုးလာသည့်တာဝန်များအတွက် ပြင်ဆင်ပေးထားပြီးဖြစ်ရန် အရေးကြီးပါသည်။

ရာထူးတာဝန်သစ်တွင် ထမ်းဆောင်မည့် လူသည် ထိုတာဝန်၏ပမာဏကို ကောင်းစွာ သိရှိနားလည်ပြီးဖြစ်ရပါမည်။ ရာထူးဌာနန္တရတစ်ခုတွင် ကာရှည်စွာ ထမ်းဆောင်နေသော ခေါင်းဆောင်သည် အဖွဲ့အစည်းနှင့် တဖြည်းဖြည်းကင်းကွာလာပြီး တရားသေကျလာခြင်း၊ လုပ်နည်းလုပ်ဟန်အဟောင်းများကိုသာ ဆုပ်ကိုင်ထားခြင်း၊ တီထွင်မှုကိုဟန့်တားခြင်း၊ ပြောင်းလဲမှုကို မလိုလားခြင်းနှင့် နည်းပညာဆိုင်ရာတစ်ဟုန်ထိုး တိုးတက်မှုကို အမြတ်ထုတ်ရန်မကြိုးစားခြင်း စသည့် ခေါင်းဆောင်မှုခေတ်ကုန်လွန်ခြင်း သဘောသဘာဝ (Gradual Obsole-scence of Leaders) များကို နားလည်ရန် ခက်ပါသည်။ စနစ်တကျစာဖတ်သော အစီအစဉ်ရှိခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ် ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများသို့ တက်ရောက်နားထောင်ခြင်း၊ စီမံကိန်းရေးဆွဲသူများနှင့် ပုံမှန်အမြင်ချင်း ဖလှယ်ခြင်း၊ ဦးစီးအဖွဲ့ဝင်များအား လွတ်လပ်စွာပြောဆိုတင်ပြခွင့်ပေးခြင်း စသောစည်း မျဉ်းများကို မဖျက်မကွက်လိုက်နာ ဆောင်ရွက်သွားမှသာ ထိပ်တန်းခေါင်းဆောင်များသည် အသက်ငယ်ပင်ငယ်ငြားသော်လည်း အလွန်အန္တရာယ်များသော ထိုခေတ်ကုန်လွန်ခြင်း

ထောင်ချောက်အတွင်း ကျဆင်းခြင်းမှ ကာကွယ်နိုင်ပါမည်။

## ဝေဖန်ခြင်းကို
## အလယ်လောက်ခံနိုင်သလဲ

လက်အောက်မှဝေဖန်မှုအတွက် စိတ်ဆိုးဒေါသထွက်ပြီး ကြမ်းတမ်းစွာ တုံ့ပြန်တတ်သော ခေါင်းဆောင်သည် မကြာမီမှာပင် အဖွဲ့အစည်း၏အရေးအကြီး ဆုံးနှင့် ဖြေရှင်းရန်အခက်ခဲဆုံးသော ပြဿနာများကိုပင် မသိရှိနိုင်အောင် ကင်းကွာသွားပါလိမ့်မည်။ ထိုအခါ လူတော်လူကောင်းများဆုံးရှုံးခြင်း သို့မဟုတ် အသုံးမဝင်တော့ ခြင်းဖြစ်လာပါမည်။ အရေးကိစ္စကြီးငယ် ဖြစ်ပေါ်လာသည့်အခါ ထိုကိစ္စများအား ဖြေရှင်းပေးနိုင်သည့် ဝန်ထမ်းများသည် ခပ်မဆိပ်ပင်နေကြပေလိမ့်မည်။

အချိန်ကာလကြာလာသောအခါ အရည်အချင်းရှိသော ယုံကြည်စိတ်ချရသည့် ဝန်ထမ်းများကို ရှာဖွေစုဆောင်းရန်ပင် အခက်အခဲတွေ့လာပါလိမ့်မည်။ လက်ညှိုးထောင်၊ ခေါင်းညိတ်သမားအချို့သာ ဝန်းရံနေပြီး အများစုသည် နာကြည်းချက်များကို ဖုံးဖိထားသူများဖြစ်လာကြသည်။ ဤအချက်သည်ပင် ခေါင်းဆောင်မှုကို ကျဆင်းစေသည့် သိသာထင်ရှားသော အဖျက်သဘော ဖြစ်ပါသည်။

မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်သောမေးခွန်းအချို့ကို ဖော်ပြသွားခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အထက်ပါမေးခွန်းများကို

ရိုးသားဖြောင့်မတ်စွာ ဆင်ခြင်တုံတရားထား၍ ဖြေဆိုပြီး လိုအပ်ချက်များကို ဖြည့်ဖြင့်သွားခြင်းဖြင့် လူနှင့်ပတ်သက်သော ပြဿနာမြောက်မြားစွာကို ဖြေရှင်းနိုင်ပြီး ပညာခေတ်၌ ရှင်သန်ထက်မြက်သော ခေါင်းဆောင်များအဖြစ် အဖွဲ့အစည်းများ၏ အကျိုးစီးပွားများကို ထိရောက်စွာ သယ်ပိုးသွားနိုင်ကြမည်ဖြစ်ပါသည်။

"လူတစ်ယောက်စီ၏ ဘဝတစ်ခုစီတွင် သူ၏သီးသန့်ဖြစ်သော အရည်အသွေးများဖြင့် အလွန်အရေးကြီးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်နိုင်ရန်အတွက် သူ့ကိုသတ်သတ်မှတ်မှတ် ကမ်းလှမ်းလာသည့် အလွန်ထူးခြားသော အချိန်ကာလကလေးတစ်ခုစီသည် အမြဲဖြစ်ပေါ်လေ့ရှိပါသည်။

အကယ်၍ ထိုအချိန်ကာလကလေးတွင် သူသည် ထိုတာဝန်ကိုထမ်းဆောင်ရန်အတွက် အသင့်မပြင်ဆင်ရသေးခြင်း သို့မဟုတ် အရည်အချင်းမမီသေးခြင်းဖြစ်နေပါက ဘယ်လောက်ဝမ်းနည်းစရာကောင်းပါလိမ့်မလဲ" ဟူသော Sir Winston Churchill ၏နှမြောတမ်းတမှုကို အလေးအနက်ထားခဲ့မိလျှင် ကျွန်ုပ်တို့သည် အနာဂတ်ကာလတွင် ကျွန်ုပ်တို့အပေါ် ကျရောက်လာမည့် တာဝန်များအတွက် အမြဲအသင့်ဖြစ်စေရန် အရေးတကြီးလိုအပ်ချက်ရှိကြောင်း သဘောပေါက်ကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကြိုတင်မမျှော်မှန်းနိုင်သော စီးပွားရေးစိန်ခေါ်မှုများ၊ နည်းပညာစိန်ခေါ်မှုများနှင့် စစ်ရေးစိန်ခေါ်မှုများတို့ဖြင့် ပြည့်ညှပ်နေသည့် ခေတ်ကာလကြီးထဲ ရောက်နေကြသည်။ ကျွန်ုပ်တို့၏ထမင်းအိုးကို အလွန့်အလွန် ယှဉ်ပြိုင်မှုများသည့် ပတ်ဝန်းကျင်အတွင်းမှ ခက်ခဲစွာရှာဖွေစားသောက်နေကြရသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံ၌ရှိနေသော အဖိုးတန်လူသားအရင်းအမြစ်များနှင့် ငွေကြေးအရင်းအမြစ်များကို ကျွန်ုပ်တို့အဖွဲ့အစည်း၏ အနာဂတ်စည်ပင်ဖွံ့ဖြိုးမှုများအတွက် ဘယ်လောက်အထိ ထိထိရောက်ရောက်အသုံးချနိုင်ခဲ့ကြသလဲ။

လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ပြဿနာဖြစ်သည်။ ကံအားလျော်စွာ ကျွန်ုပ်တို့သည် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အတတ်ပညာများကို သင်ယူလေ့လာထားပြီး ဖြစ်ကြပါသည်။

"မိမိကိုယ်မိမိ စီမံခန့်ခွဲမှု" အတတ်ပညာသည် ကျွန်ုပ်တို့၏ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည် အသွေးများကိုပို၍ဖွံ့ဖြိုးလာစေရန်၊ ပို၍ထက်မြက်လာစေရန်နှင့် ပို၍သန့်စင်လာစေရန်တို့အတွက် အထောက်အကူပြုပါလိမ့်မည်။ ဤအချက်သည် ခေါင်းဆောင်များအတွက်သာမက အဖွဲ့အစည်းအားလုံး အတွက်ပါ မလွဲမသွေ အကျိုးကျေးဇူးပြုနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

**မင်းဇထူး**


ဒီနေရာက နွေရာသီမို့သာ တော်တော့တယ်။ မိုးတွင်းဆို မြင်တွေသီးထနေမှာ...။ ကြမ်းခင်းပေါက် ကြိုကြားထဲက ညဟာ ဘယ်လိုမှ ဖုံးမရ ဖိမရ..ဝိန်းဝိတ်နေတာ..။ အမှောင်ဟာ ကြမ်းကြားထဲကတောင် စိမ့်ထွက်နေတယ်။ မြင်နေတဲ့ အမှောင်ပါပဲ..။ အမှောင်ထဲ မြောင်းရေစီးသံ ကို ကြားရတယ်။ ကြမ်းက မလုံ သလိုပဲ ခေါင်က


အ ၀

လိပ်ပြာ ကောင်လို တနင်္ဂနွေတစ်ရက်မှာရောက်လာ

ပျော်ရွှင်ဖွယ်ရာ တောင်တန်းတွေနဲ့ ကမ္ဘာ

# မိုးလင်း





မလုံခဲ့သော သူတို့ရဲ့ နှစ်တာလများ . . .။ အိမ်အပြင်မှာ . . ရေသန့်ဘူး သွားတောက်တာက တစ်ယောက်၊ ဆန်သွားရှာနေတာက တစ်ယောက် . . .။ ထမင်းခွဲနေရသေးတာက မျက်စိအောက်မှာတင် တစ်ယောက်. . .။

"နင်တို့ အမေကလည်း ကြာလိုက်တာဟယ်" ဆိုတာ. . ဘာဟုတ်သေးလို့တုန်း။

အကြီးလှန်လိုက်တော့မှ မိုးမျှ ပုဝေါင်းဟာ တမဟုတ်ချင်း ဖုံ့တတ်သွားပါပြီ။

ရေနံဆီမရှိဘူး။ မီးဖိုက မီးတောက်ဟာ ပြာပြီးလဲ့နေတယ်။ မွှေးထားပေမယ့် မီးတောက်က ဘာကိုလောင်ရမယ်မှန်း မသိရသေးသလိုပဲ

လောင်စာတွေကိုသာ ဆက်လက်ကုန်သွားစေပြန်တယ်။ ညှော်နံ့ဟာ စိမ်းရွှေရွှေ ထွက်လို့ လူးလွန့်တက်လာတယ်. . .။ အိမ်ပြန်ချိန်ဆိုတာ မေ့များမေ့နေရော့သလား မထင်ပါဘူး။

ခဏနေရင်တော့ အိမ်ငယ်ဟာ အလင်းရောင် ပါးပါး ဝင်ရောက်လာရမယ် ဆိုတာ မုချ၊ ဆာလောင်နေတဲ့အိမ်ငယ်လည်း ဆည်းလည်းသံတွေ ဆာလောင်သံတွေ ဆူညံ နေရဦးတော့မယ်။ အခုလေး ခဏတာပဲ ဆွံ့အနေကြရတာ. . .။

အိမ်ငယ်ကနေ ဟိုး. . ရှေ့မှာ မျက်စိတစ်ဆုံး မမြင်ရတော့တဲ့ အရှင်က ဝိုးကုပ်စက်ပိုင်းကြီးနေရာ မှန်းဆကြည့်လို့၊ အမှောင်ထဲ လယ်ကွင်းစိမ်းစိမ်းနေရာမှာ လေတိုက်လိုက်တိုင်း စပါးနှံတွေဟာ ခြေထောက်ကို လာလာရှတာ အမှတ်ရနေမိတယ်။ စက်ရုံကြီးရောက်လာမှတော့ သဘာဝတရား ဆိုတာတွေလည်း မရှိတော့ပါဘူးတွေးနေ. . . မိ။ တစ်အူအူထွက်နေတဲ့ ညော်နံ့နဲ့ မကောင်းဆိုးဝါးလို တဝေါဝေါ စီးထွက်လာတဲ့ ရေတွေ. . .။ ပတ်ဝန်းကျင် တစ်နံတလျားပျံ့ကားထွက်နေတယ်။ စက်ရုံကြီးဟာ တစ်ချိန်လုံး သတ္တဝါကြီးတစ်ကောင်လို


အမှောင်ထဲ လယ်ကွင်းစိမ်းစိမ်း
နေရာမှာ လေတိုက်လိုက်တိုင်း
စပါးနှံတွေဟာ ခြေထောက်ကို
လာလာရှတာ အမှတ်ရနေမိတယ်။
စက်ရုံကြီးရောက်လာမှတော့
သဘာဝတရားဆိုတာတွေလည်း
မရှိတော့ပါဘူးတွေးနေ• • •မိ။


တဟီးဟီးအော်ပြီး တခူးခူး ဟောက်နေတာ၊ တစ်ခါတစ်ခါ သူ့မချောင်းဆိုး၊ တာ အချိန်စိပ်စိပ်လာတယ်။ အခု အန်ထုတ်လိုက်တဲ့ သွေးစသွေးနတွေနဲ့ ချောင်းဆိုးနာဟာ စက်ရုံကြီး ယူလာတာလို့ပဲ မှတ်မိတော့တယ်။

၁။

နေရာက ရပ်ကြည့်လိုက်ရင် မီးခိုးတလူလူနဲ့ အမှိုက်ပုံကြီး . . .။ မရှိလည်း အမြဲလောင်နေတတ်တဲ့ အမှိုက်တွေ . . .။ အမှိုက်ပုံကြီး ဆိုတာထက် အမှိုက်တောင်ကြီးဆို ပိုမှန်လိမ့်မယ်။ မြင်ကွင်းအဆုံးထိ တောင်တန်းတွေလို ကာထားလိုက်တာကျွာ. . .။ အနားက ဘဝတူကလေးငယ်တွေလည်း အမှိုက်ပုံကြီး ဘေးမှာဆော့လို့. . .။ ဒီတောင်ကြီး ဘယ်လောက်မြင့်သလဲဆိုတို့အားလုံး ချောတိုင်တက်နေတယ်လို့ သဘောထားရင်တောင် သူ့ကိုမှီမှာ မဟုတ်ဘူး။

ကလေးတစ်ယောက်က ထအော်တယ်။

"ယေား::::::. . . "

"နေလုံးဟာ ညနေတိုင်း အမှိုက်တောင်ကြီးနောက်ကို ဝင်သွားပါသည်။"

ချက်ချင်း ကလေးငယ်တွေ တအံ့လိုက်ကြတယ်။ ခေတ်ကိုက တောင်တန်းဆိုတာ ကျောင်းစာအုပ်ထဲ တစ်လျှောက်လုံး စိမ်းစိုလာခဲ့သမျှ အပြင်မှာတော့ တောင်တွေက သူတို့အတွက် ညှိုညစ်ဝေဝါးနေတယ်။ ညှိုနေတဲ့ တိမ်တွေနဲ့ တောက်နေတဲ့ နေရောင် ဒီအမှိုက်တောင်မှာ မရှိပါဘူး။ ပလတ်စတစ်အစတွေက လေမှာဝဲနေတာ၊ မီးခိုးငွေ့တွေ

တအုအုတက်နေတာ။ သူတို့ရဲ့ အဝေးက စာသင်ခန်းဟာ အမှောင်ထဲကပဲ သက်ပြင်း အခါခါ ချိုးချိုးချလို့. . .။

"တောင်တန်းတွေ ဆိုတာ ဘယ်လို နေရာမှာမှ ရှိနေကြတာလဲ အမေ"

"ဟိုး. . . အဝေးကြီးမှာပေါ့ သားရယ်"

ကလေးအမေဟာ အဝေးကို ရပ်ကြည့်ရင်း ပြောလိုက်သလိုပါပဲ. . .။ သူမ စိတ်ထဲ သစ်ပင်ကြီးတစ်ပင်ဆီက သစ်ရွက် လှုပ်သံကိုကြားချင် ကြားနေမှာ။ မြူတွေ ဆိုင်းနေတဲ့ တောင်တန်းတွေ စိတ်ကူးနဲ့ အတွေး ထဲဝင်လာနေတာ. . .။ ကလေးငယ် ဟာ စာရွက်လေးတစ်ရွက် လက်ကကိုင်လို့ မိခင်လုပ်သူကို မော့ကြည့်တယ်။

"စက်ရုံထဲက လူကြီးပြောတော့ တောင်တွေ မရှိတော့ဘူးဆို"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ . . . သားရယ်. . . အမလေးလေး. . . သေနာလေး ဘာတွေလာမေးနေပြန်တာလဲ သွား. . ထင်းသွားကောက်ချေ. . မရရင် အမှိုက်ပုံက တာယာအစုတ်တွေ ယူလာခဲ့"

ကလေးအမေဟာ လက်ရှိဘဝထဲ ချက်ချင်း ပြန်ရောက်လို့။ တောအုပ် စိမ်းစိမ်း တွေက ထွက်လာခဲ့တယ်။ တောင်လေးက စိတ်ကူးထဲက တောင်တန်းတွေ ဒီတစ်သက် မြင်မှမြင်ရပါဦးမလားတွေးလို့။ အဲ့ဒီစိတ်နဲ့ပဲ တာယာကောက်ထွက်လာတယ်။ ထင်းတော့ ရမှာမဟုတ်ဘူးဆိုတာ ကြိုသိနေသလိုပါပဲ. .။ အမှိုက်ပုံကြီးနားရောက်တော့ . . . တွေ့တဲ့ ကြွပ်ကြွပ်အိတ်ထဲ ဖိနပ်စုတ် နှစ်ဘက်နဲ့ တာယာစတွေ ကောက်ထည့်လိုက်တယ်။

ကလေးငယ်ဟာ အမှိုက်ပုံကြီးတို့ရဲ့ တောင်တန်းတွေလို မျောက်ကွယ်သွားမှာ သိပ်ကြောက်နေပုံလည်း ရလို့. . .။

"တောင်ကြီးဆိုက ဒီလောက်လေး ယူတာနဲ့ သူပြိုသွားမှာ မဟုတ်ပါဘူးလေ"

၂။

လှိုင်သာယာအဝေးပြေးကို ဆူးလေကနေ စထွက်လာပြီ။ ကားဟာ ကား ပေါ်မှာ ရပ်စရာနေရာ လေးများရမလား ကိုယ်တိုင်မေးလို့. . . ကိုယ့်ကိုကိုယ် ပြန်တွန်း ကြည့်လို့။ ဘယ်နားကို ရောက်နေပြီလဲဆိုတာ ဗေယ်ယာအသံပဲ အာရုံစိုက်နေရတော့တယ်။ ဘေးပတ်ဝန်းကျင်မြင်ကွင်း ဆိုတာကလည်း တွန်းထိုးကျပ်ညှပ်နေတဲ့ ချွေးနံ့ကို ခေါ်တာပဲ ပေါ့။ အတင်းဖိကပ်နေကြတယ်။ လှုပ်လို့ မရတော့ပါဘူး။ ကြည့်တတ် မြင်တတ်ရင် "ရောက်ရာအရပ်တိုင်း တွေ့နေကြားနေသမျှ ဟာ ကဗျာဆန်လို့" ဆိုတာ အခုအခြေအနေနဲ့ တွေးလို့ တောလို့ကိုမရဘူး ကိုယ့်ဆရာ။ သူဟာ မကြုံဖူးသေးလို့လည်း ဖြစ်မယ်။ မျက်လုံးရှေ့တည့်တည့်မှာ တာနေ/ကွယ်နေ တာက တော့ပြင်ကြီးတစ်ခု. . .။ ဘယ်လိုခံ စားချက်ကြီးမှန်း မသိနိုင်တော့ဘူး။ စိတ်က အိမ်ပြန်ရောက်နေတာ. . .။ အတွေးက အိတ်ကပ်ကို ဖိကပ်ထားနေရတာ. . .။ နေ့တွက်ခဟာ မီသားစုတစ်နေ့တာ အာမခံချက်ရနေသေးသလောက်သာ. . .။ အခု လူဟာ မြို့ပြနဲ့အတူ . . အကာအကွယ်မဲ့ နေရပြီ။ ကလေးတွေ ဆာနေလောက်ပြီဆိုတာ မတွေးပဲမနေနိုင်ပါဘူး။ သူ့မှာ ပါလာနိုင် သလောက်ဟာ ဆာလောင်တာတွေကို ခဏ

တော့ ရုပ်သွားနိုင်မယ် တွေးရင်း . . လက်ထဲက အထုပ်ဟာ ထင်တာထက်ပိုပေါ့ပေါ့လာတယ်။ ပြောချင်တာက ယူခဲ့ချင်တဲ့ ပမာဏနဲ့ ရလာတဲ့ တန်ဖိုး မပြည့်သလိုပဲ ထင်လာနေတယ်။ ဒီထက်မက လောက်လောက်ငှငှ ဖြစ်စေဖို့ သူ့အားထုတ်ခဲ့သင့်တာပေါ့ ဆိုတာမျိုးပဲ. . .။ အခု အိမ်အပြန်က ပြီးပြည့်စုံတယ်လို့တော့ မခေါ်ဆိုနိုင်ပြန်ပါဘူး။ မျက်လုံးကို မှိတ်လိုက်တယ်။ တန်းကို ဒီထက်အားစိုက်ပြီး ဆုပ်ထားမိတယ်။ သူဟာ တောင်တန်းတစ်ခု သာဆို အိမ်ကလေးကို ကာထားနေရမယ်။ မိသားစုကို ကာထားနေရမယ်။ စိမ်းစို ကြည့်လှဲ့နေမလား မဟုတ်ပါ။ အိမ်နားက အမှိုက်တောင်ကြီး အဖြစ်လောက်ပါပဲ. . .။ မည်သို့ လုပ်လိုက်သည်မသိ။ မည်သို့ဖြစ်သွားသည်မသိ ဆိုတာ အခုကားပေါ်မှာ ကြုံနေရတာဖြစ်တယ်။ လူက အလိုလို ရပ်သွားတယ်။ ရှေ့ကို ဘယ်လိုနည်းဝရိယာယ်နဲ့မှ ဆက်တိုးလို့မရတော့ဘူး။ အသက်ကို ခိုးခိုးရှူနေရတာ။ လက်ကို ထုံနေအောင် တင်းထားရတာ။ သက်တောင့်သက်သာ ဘယ်လိုနေရမလဲ ဆိုတာ. . . စပယ်ယာပြောမှ သူလည်းသိရ။ ရှေ့ကို ငိုက်ကျသွားတယ်။ တက်လာတာက ဆင်းသွားကြတာ မမျှသလိုပဲလို့ ထင်မိ. . .။ ကိုယ့်ကိုယ်ကိုပဲ အမျှအတန်း ပေးဝေနေမိတယ်။ ကုသိုလ်တွေများ ရလို့. . .။

စပယ်ယာက အော်နေတယ်။ နောက်ကို တိုးပေးကြပါဆိုတာ. . .။ နောက်မှာက အချောင်ကြီး ဦးထုပ်နဲ့ အကိုနီး ဆိုတာ. . . .

"စောင်းပြီးတိုးသွားလိုက်ပါဗျ ပိုက်ဆံမပေးနဲ့ဗျာ ရတယ်. . လူတွေအပြည့် ပါနေရင်ကိုပဲ ပျော်နေတာ"

ကိုယ်တော်က ပြောတတ်ပုံရပါတယ်။ ပြီးရင် ပိုက်ဆံမကောက်ဘူးလား ဆိုတော့လည်း မဟုတ်ပါဘူး။ နောက်ကို ရောက်လာတာပါပဲ။ မြို့ထဲကနေ လှိုင်သာယာ ရောက်သွားဖို့ဆိုရင် တံတားတစ်စင်းတော့ ဖြတ်သွားဖို့ လိုအပ်ပါတယ်။ မြို့နံ့နဲ့ မွန်းနေတဲ့ မြို့ပြမှာ တံတားပေါ် ဖြတ်နေတဲ့ အနိုက်အတန့် က ထွက်ပေါက်ရသလို အင်မတန် ပျော်ဖို့ လည်းကောင်းတာပေါ့။ လေနုအေးက နှာသီးဝ ကို အခမဲ့ ဝင်တိုးနေတာ. . . ဆည်းဆာ တိမ်ရောင်စုံကို မြင်နေရတာ . . လှေငယ်ဟာ ငှက်ငယ်ကို စောင့်ခေါ်နေသလို . . မြစ်ထဲ သူတို့ ပျော်ရွှင်နေတတ်ကြမှာ. . .။ တွေးကြည့်တယ် ရှေ့က ကျောပြင်ကြီး အလွန် မြစ်ပြင် ကျယ်ကျယ် တန်တလျားဆီ. . .။ သဘာဝတရားထဲ ဝမ်းစာရှာနေခွင့် ရခြင်းဟာ မြို့ပြမှာထက်တော့ အသက်ပိုရှူခွင့်ရနေ ဆိုတာမျိုး. . .။ အသက်ကို ရှင်းထားရတယ်လို့ တွေးထင်နေတာထက်စာရင် မြစ်ပြင်ဟာ မြို့ပြထက်ကို ပိုအေးချမ်းစေမယ် ဆိုတာမျိုး . . .။ သူ့အိမ်နားက အမှိုက်တောင်ကြီးနဲ့တော့ သဘာဝတရား တခြားစီပါပဲ တွေးလို့။ အိမ်ဟာနေစရာ ဖြစ်ရုံကလွဲရင် အရာရာ အားလုံးက မယုံနိုင်စရာတွေလည်း အပြည့် . . .။ လူတွေ ပလတ်စတစ်တွေ. . .။ ညှော်နံ့တွေနဲ့ ရေဆိုးရေညစ်တွေ စီးဆင်းလို့ . . .။

၃။

လက်ရှိအနေအထားကို မကျေနပ်နိုင်ဘူးဆိုတိုင်း ကံကြမ္မာကို ယိုးလို့မှ မရ။

ဘဝတိုင်း ဘဝဆိုတာတွေ ကိုယ်တိုင်ပြုပြင် စီမံဖန်တီးနေကြရ. . .။ ခူးယူ စားသုံးနေကြ . . .။ စိုက်ပျိုးနေကြသမျှလည်း တစ်ချိန် ကိုယ်တိုင်ရိတ်သိမ်းကြရဦးမှာပါပဲ တွေးလို့ . . .။ လူတိုင်းအတူတူ ကိုယ်တိုင်စီမံရာ ကံတရားအတူတူမှာ ဒီနေရာကို တော်ရုံ အကုသိုလ်မျိုးလောက်နဲ့ ရောက်လာနိုင်စရာ တော့မရှိ။ အားလုံးဟာ တစ်ချိန် တစ်နေရာ တစ်ဘဝမှာ တော်တော်ကြီး မိုက်မဲခဲ့ကြပါလား မတွေးမိဖူးကြသလို ပါပဲ။ ဝမ်းစာဟာ အသိတရားထက် ပိုအရေးကြီးနေရတာ . . . ထမင်းတစ်လုပ်ဟာ အရာရာဖြစ်သွားလို့ရနေ တာ. . .။ ဘဝတွေဆိုတာ မိုးနဲ့မြေလို ခြားနေ တာအားလုံး. . . ဟာ. . .။

ဖရဲသီးသည်ကို ကြည့်ပြီး ကလေးအမေက သူ့ကလေးကို ဆုံးမနေခဲ့ တာပဲ။

"ကြည့်စမ်း. . . ပညာမတတ်ရင် အဲ့ဒီလို ဖရဲသီး ရောင်းရမယ်"

. . . . ဆိုလာတာ။ တလမ်းလုံး ဖရဲသီးသည်ဟာ အတွေးထဲကပ်ပါလာ။ ပညာဆိုတာ ရှာနိုင်နေသမျှ သူတို့က ဒီလို စကားမျိုးကို ခေတ်အဆက်ဆက်ပြောနေကြ ဦးမှာပဲ တွေးမိတယ်။ ကြားလိုက်တဲ့ခဏ နှုတ်ကဆွံ့အသွားလည်း စိတ်ကူးထဲ ကိုယ်တိုင် မေးခွန်းတွေမေးလို့ ကိုယ်တိုင်ပြန်ဖြေနေမိ ပါတယ်။ ကလေးတွေကို ကျောင်းထားကြည့် မလားဆိုတာမျိုး. . .။ တဆက်တည်း ပညာ မတတ်တဲ့ ဘဝဆိုတာမျိုးနဲ့ "ကျောင်းထားနိုင် လောက်တဲ့ ငွေဟာ ဘယ်မှာသွားအလေလိုက် နေလဲ" ဆိုတာ ခပ်ရွဲ့ရွဲ့မေးလိုက်ချင်တယ်။ ကံတရားပစ်ချထားတဲ့ ဘဝဆိုရင်လည်း တစ်ခုခုတော့ ပြောင်းလဲနိုင်နေရမှာ. . .။

"ငါတို့ ဒီအရှိုက်ပုံကြီးနားက ပြောင်းမှ ဖြစ်တော့မယ်. . . . ထင်တယ်"

"ပြောင်းရင်လည်း မြန်မြန်ပြောင်း စေချင်စမ်းလှတယ်ကိုရင်ရယ်. . . ကျွန်သွေး တွေ ခဏခဏ အန်နေတယ်တော် . . ကလေး တွေလည်း ပိန်လှပြီ. . ."

"အေးပါ ကျွန်. . ကြည့်လိုက်ပါဦး မယ်. . မင်းလည်း ကိုယ်ဝန်နဲ့ဆိုတော့ ရွာမြန် နေချင်လည်းနေတာပေါ့. . ရွာမှာဆို ဘာပဲပြောပြော ကလေးတွေ ရွာဦးကျောင်းမှာ သေစာရှင်စာလောက်တော့ တတ်အောင် သင်လို့ရတာပေါ့ဟာ. . ."

ကလေးတွေကတော့ မော့ကြည့် နေကြတယ်။ ကလေးတွေက ကြောင်ကြည့် နေကြတယ် . . .။ အမှောင်ဟာ ပိုတိတ်ဆိတ် သွားတယ်။ လွတ်မြောက်သွားသလိုလား။ ပေါ့ပါးသွားသလိုလား စိတ်ဟာ မှန်းဆလို့ မပြေနိုင်ပါဘူး။ နေရောင်ခြည်ကို မြင်ကြရပြီ ဆိုရင်တောင် အရှက်ဦး နေထွက်စရောင်နီ လောက်သာ။ သူတို့ကိုယ်မှာ ချွေးတွေ စွဲနေရဦးမှာ။ မျှော်လင့်နိုင်စရာက လေပြေ လေညင်း လူးလွန့်လှုပ်ရှားသွားရုံမျှသာ. . .။ အခုလောလောဆယ်တော့ အိမ်ငယ်မှာ ဖယောင်းတိုင်မီးရောင်လေး တစ်ခါလှုပ်နေလင်း နေပြန်ပါပြီ။

"အမေ. . . ရွာမှာ တောင်တွေကို မြင်ရလားဗျ"

"ရှိတာပေါ့ကွာ. . . ရွာပါဆို. . တောတွေ တောင်တန်းတွေဆိုတာ စိမ်းညို့ နေတာ. . . သားကြီးရ. . ."

၄။

"ကမ္ဘာဟာ ရွာကြီးဖြစ်လာတဲ့အခါ ပတ်ဝန်းကျင်က လူတွေဟာ ရွာမြင်အလိုလို ရောက်သွား"

အဲ့ ဒီ စကားနဲ့ လူတွေဟာ နည်းပညာခေတ်ကို သရော်လို့။ ဘေး ပတ်ဝန်းကျင်က ဘဝတွေကို မေ့လို့။ ခါတ်ပုံ တစ်ပုံမှာ တစ်ကမ္ဘာလုံးစုတ်တသပ်သပ် လူတိုင်း အံ့ အားသင့်နေကြတယ်။ မိုးကောင်းကင်ထဲမှာပဲ မေတ္တာတရားကို ဖော်ကျူးနေဖြစ်တယ်။ ကိုယ်ချင်းစာတရားတွေ ပြည့်စေ ကမ္ဘာမြေ ငြိမ်းချမ်းပါစေ ဖော်လို့..။ ကြွက်ကလေး ငှက်ကလေးကအစ တန်ဖိုး အနဂ္ဃထိုက်တန်နေပါတယ်ဆိုတာ လေလှိုင်း ပေါ်မှာ ဖြစ်နေ...။ လက်ရှိဘဝထဲ ပြန်ဝင်ကြည့်တော့ နဘေးမှာကို မီးက လောင်နှင့်နေပြီး လူဟာ လက်လှမ်းမှီရာ အဖော်ငတ်နေမှုကြား ဘာစကားတွေပြော ရတော့မလဲ စဉ်းစားလို့...။ လူတွေက မိမိ ကိုယ်တိုင် အခန်းထဲ ပိတ်လှောင်နေရ ရုန်းမထွက်နိုင်ကြဘူး။ ဒါဆိုလည်း လေလှိုင်း ရွာကြီးထဲ သင်လည်း ကျွန်ုပ်တို့ အားလုံးအတူ ... ရောက်ရာအရပ်က အမြန်ပြန်လာခဲ့ကြ နှံ့ပါလဲ...။ လက်တွေ့ဘဝ သဘာဝထဲ....

ရောက်နေရာက မြို့တွေဆိုင်းလို့ ...။ တောင်ပေါ်ဒေသမှာ ရပ်ကြည့်နေရာ ရွှေမျှော်ခင်းတိုင်းဟာ စိမ်းစိုကြည်လင်နေတာပဲ ဆည်းလည်းသံကို ကြားနေရတယ်။ ဟိုး ... အဝေးမှာက မြစ်ကြီးတစ်စင်း ပတ်ခွေစီးဆင်း နေတာ..။ ဘဝကို ကုသိုလ်ကောင်းမှုမှာ သာယာတတ်တယ်ဆိုရင်.. လူဘဝဓဏာတာ မှာ အများကျိုး ရွက်ဆောင်ဖူးတယ် ဆိုရင် သင်လည်း အခုမှစ ဒီနေရာမှစ လူဖြစ်ရကျိုး နပ်ပါပြီ။

"အရှင်ဘုရား ကျောင်းသားတွေကို နေ့လည်စာကျွေးနေပြီ ဘုရာ့"

ကိုရင်လေး တစ်ပါး အနားရောက် နေတယ်။ သူလည်း စာသင်သား အများကြီး ထဲက တစ်ဦးပါပဲ။

"ကိုယ်တော်တောင် ဒီကို ရောက်နေတာ အနည်းဆုံး ဆယ်ဝါလောက် တော့ ရှိနေပြီပေါ့"

ဒီမှာပဲ တစ်သက်လုံး နေသွားမယ် ဆိုတာလည်း မိမိကိုယ်တိုင် ဆုံးဖြတ်ထား ခဲ့တယ်။ ငယ်ငယ်က အမိုပ်နဲ့ လွှမ်းမိုးမှုတွေ တောင်တန်းတွေဆိုတာ ဟိုစဉ်ကတည်းက ရင်ကို ကိုင်လှုပ်နိုင်စွမ်းခဲ့တယ်...။ ဘဝ တစ်လျှောက်လုံး ရွေးချယ်စရာ ရှိခဲ့ဖူးမယ် ဆိုလည်း ဒီတောတွေဆီ အရောက် ရွေးချယ် လာခဲ့ရပါတယ်။ အခုတော့ ပတ်ဝန်းကျင်မှာ တောင်စဉ်တောင်တန်းတွေဆိုတာ... မျက်စိ တဆုံးတွေနေ မြင်နေ...။ လုပ်နေရတဲ့ ကုသိုလ်နဲ့ နေဖြစ်တဲ့ သဘာဝလောကထဲ စိတ်က ကြည်လင်နေတာပဲ ထင်မှတ်ခွင့်လည်း ရလို့...။ နဘေးမှာ တောင်တန်းတွေ ရှိနေ တယ်။ တောင်တန်းတွေဆိုတာကလည်း... ဒီလိုနေရာမှာမှ ရှိနေကြတာ မဟုတ်လား။

ဟော.....ကလေးငယ်တွေ စာအံနေကြပြီ....။

"နေလုံးဟာ အနောက်ဘက် တောင်တန်းတွေဆီ ဝင်သွားပါသည်..."

... သံပြိုင်ဆိုလို့...

... ညတာဟာ တရွေ့ရွေ့ ရောက်လာ...။

**နီလှိုင်**


Labour Digest Magazine Vol (6) No (19) မှအဆက်

**မွေးကင်းစကလေးအား တစ်နှစ်အထိ ဆေးကုသမှုခံယူခွင့်**

အာမခံထားသူ အမျိုးသမီးအလုပ်သမား၏ မွေးကင်းစကလေးသည် မွေးဖွားပြီး တစ်နှစ်ထက်မကျော် သောကာလအတွင်း

# လူမှုဖူလုံရေးဥပဒေအကြောင်း တစေ့တစောင်း (၂)

အေးသိန်း(ဥပဒေ)



နာမကျန်းဖြစ်ပါက လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူခွင့်ရှိပါသည်။

**အငြိမ်းစားယူပြီးနောက် ဆေးကုသမှု ဆက်လက်ခံယူခွင့်**

ထည့်ဝင်ကြေးကို လပေါင်း ၁၈၀ နှင့် အထက် ပေးသွင်းထားပြီးသူများ အငြိမ်းစားယူပြီးနောက် သတ်မှတ်ချက်နှင့်အညီ ဆေးကုသမှုဆက်လက်ခံယူခွင့်ရှိပါသည်။

**ငွေကြေးအကျိုးခံစားခွင့်များ**

ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်တွင် အောက်ပါငွေကြေး အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်-

(၁) မကျန်းမာမှုအကျိုးခံစားခွင့်၊

(၂) မီးဖွားမှုအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊

(၃) တစ်နှစ်အောက်ကလေးမွေးစားမှုအတွက် အကျိုးခံစားခွင့်၊

(၄) ဖခင်ဘဝဖြစ်မှုအကျိုးခံစားခွင့် နှင့် ဇနီးသည်မီးဖွားစရိတ်၊

(၅) မည်သည့်အကြောင်းကြောင့်မဆို သေဆုံးခြင်းအတွက် နာရေးစရိတ်၊

မိသားစုထောက်ပံ့မှုအာမခံစနစ် တွင် အောက်ပါငွေကြေးအကျိုးခံစားခွင့်များရရှိနိုင်ပါသည်-

(၁) သတ်မှတ်ထားသော ဝင်ငွေပမာဏအောက်ရရှိသော အလုပ်သမား သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး။

(၂) အာမခံအလုပ်သမားမိသားစုများ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက ထောက်ပံ့ကူညီမှု၊

အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တွင် အောက်ပါငွေကြေး အကျိုးခံစားခွင့်များရရှိနိုင်ပါသည်-

(၁) ယာယီမသန်စွမ်းမှု အကျိုးခံစား ခွင့်၊

(၂) အမြဲတမ်းမသန်စွမ်းမှုအကျိုး ခံစားခွင့်၊

(၃) အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုး ခံစားခွင့်၊

**အကျိုးခံစားခွင့်များ စတင်ခံစားခွင့်ရှိခြင်း**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ အရ တောင်းဆိုခွင့်ရှိသော အကျိုးခံစားခွင့်များအားလုံးနှင့်စပ်လျဉ်း၍ ဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍သတ်မှတ်ထားသည့် ထည့်ဝင်ကြေးကာလ ပြည့်မီမှသာလျှင် ဤဥပဒေအရ ခွင့်ပြုထားသော အကျိုးခံစားခွင့်များကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

**မကျန်းမာမှုဖြစ်လျှင် ဆေးကုသမှုနှင့် ငွေကြေး အကျိုးခံစားခွင့်တောင်းဆိုရန်နည်းလမ်း**

မကျန်းမာမှုဖြစ်လျှင် နီးစပ်ရာ လူမှုဖူလုံရေးဆေးခန်းသို့ သွားရောက်ကုသမှုခံယူပါ။ ထိုသို့ကုသမှုခံယူရာတွင် လူမှုဖူလုံရေးရုံးက ထုတ်ပေးထားသော လူမှုဖူလုံရေးအာမခံ စိစစ်ရေးကတ်ပြား ယူဆောင်သွားရပါမည်။ ဆရာဝန်က ဆေးကုသမှုပေးပြီး လိုအပ်ပါက အနားယူရန် ဆေးလက်မှတ်ထုတ်ပေးပါလိမ့်မည်။

လူမှုဖူလုံရေးဆေးခန်း၏ကုသမှု ထက် ပိုမိုလိုအပ်သော ကုသမှုများအတွက် အလုပ်သမားဆေးရုံကြီး သို့မဟုတ် သင့်လျော်ရာ ပြည်သူ့ဆေးရုံကြီးများသို့ ဆေးစာနှင့်

တကွ လွှဲပြောင်းပေးပါလိမ့်မည်။

ဆေးကုသမှုတွင် လူမှုဖူလုံရေး ဆေးရုံ ဆေးခန်းတို့တွင် ပြင်ပလူနာအဖြစ် ကုသမှုခံယူခြင်း၊ ရောဂါရှာဖွေရန် ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ အထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်ကုသမှု ခံယူခြင်း၊ အလုပ်သမားဆေးရုံကြီးများတွင် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူခြင်း၊ လိုအပ်သောဆေးဝါးများ အခမဲ့ ရရှိခြင်းတို့ပါဝင်သည်။ လူမှုဖူလုံရေးဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ရပါက ဆေးကုသမှုအပြင် အစားအသောက်ကျွေးမွေးခြင်းတို့ပါဝင်သည်။

မိမိအစီအစဉ်ဖြင့် ပြည်သူ့ဆေးရုံကြီးများသို့ အရေးပေါ် တက်ရောက်ရသည့်အခါ လူမှုဖူလုံရေးဆေးခန်းသို့ တစ်ပတ်အတွင်း အကြောင်းကြားရမည်။ မိမိအစီအစဉ်ဖြင့်ဖြစ်စေ၊ လူမှုဖူလုံရေးဆေးခန်းမှ ညွှန်းပို့၍ဖြစ်စေ ပြည်သူ့ဆေးရုံကြီးများသို့တက်ရောက်ရသည့်အခါ ရောဂါရှာဖွေခြင်းနှင့် ပြင်ပမှဆေးဝယ်ယူရခြင်းတို့အတွက် ကုန်ကျငွေကို လူမှုဖူလုံရေးရုံးတွင် အောက်ပါအထောက်အထားများတင်ပြ၍ပြန်လည်လျှောက်ထားနိုင်သည်။

- ကာယကံရှင်၏ ဆေးဖိုးပြန်လည်ထုတ်ပေးရန် တောင်းဆိုလွှာ၊
- ဆေးဝယ်ဘောက်ချာမူရင်းများတွင် သက် ဆိုင်ရာအထူးကုဆရာဝန်ကြီးနှင့် ဆေးရုံအုပ်ကြီး သို့မဟုတ် ဒုတိယ ဆေးရုံအုပ်တံဆိပ်တုံးပါ လက်မှတ်များ



နေ့ထိုး၍ပူးတွဲတင်ပြရန်၊
- ဆေးကုသမှုမှတ်တမ်းမိတ္တူ၊
- ဆေးရုံဆင်းလက်မှတ်မိတ္တူ၊
- လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်ပြား မိတ္တူ၊

## မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်

ဆေးလက်မှတ် အရခွင့်ယူထားစဉ် မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်ရရှိရန် အပတ်စဉ်ဖြစ်စေ၊ ဆေးခွင့်ကာလကုန်ဆုံးသည့်အခါဖြစ်စေ အောက်ပါစာရွက်စာတမ်းများ အပြည့်အစုံဖြင့် လူမှုဖူလုံရေးရုံးခွဲသို့ တောင်းဆိုနိုင်ပါသည်။

- ကာယကံရှင်၏ အကျိုးခံစားခွင့်တောင်းဆိုလွှာပုံစံ၊
- မကျန်းမာမှုဖြစ်ကြောင်း အလုပ်ရှင်ထံမှ အကြောင်းကြားစာပုံစံ၊
- ဆရာဝန်က ဆေးခွင့်ပေးသည့် ဆေးသက်သေခံလက်မှတ်ပုံစံ၊
- လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား တင်ပြနိုင်ရမည်။

မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်ကို ဆေးခွင့်ကာလ ကုန်ဆုံးပြီးနောက် ၃ လ အတွင်းတောင်းဆိုရမည်။

## ထည့်ဝင်ကြေးကာလနှင့် အကျိုးခံစားခွင့်

လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီးပါကဆေးကုသမှုခံယူနိုင်ပါသည်။ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်ရရှိနိုင်ရန် မှတ်ပုံတင်ကာလ ခြောက်လအတွင်း ထည့်ဝင်ကြေး လေးလရှိရန်လိုအပ်ပါသည်။ငွေကြေးအကျိုးခံစားခွင့်ကို ဆေးကုသမှုခံယူနေစဉ် အလုပ်



မလုပ်နိုင်သည့်ကာလအတွင်း ဆေးသက်သေခံလက်မှတ် (ဆေးခွင့်စာ)အရ ခွင့်တင်မခံစားမီ လွန်ခဲ့သော လေးလအတွင်း ရရှိခဲ့သည့် ပျမ်းမျှလုပ်ခ၏ ၆၀%ကို အများဆုံးရက်သတ္တ ၂၆ ပတ် အထိ ရရှိနိုင်ပါသည်။

**မီးဖွားမှုအကျိုးခံစားခွင့်**

အာမခံထားသူအမျိုးသမီးများ ကိုယ်ဝန်ရှိလျှင် လူမှုဖူလုံရေးအဖွဲ့ဆေးရုံ၊ ဆေးခန်းများတွင် လည်းကောင်း၊ လူမှုဖူလုံရေး အဖွဲ့နှင့်သဘောတူ စာချုပ်ချုပ်ဆိုထားသည့် ဆေးရုံ ဆေးခန်းများတွင်လည်းကောင်း ဆေးကုသမှုခံယူခွင့်ရှိပါသည်။ ကိုယ်ဝန်ရှိလျှင် မိမိနှင့်သက်ဆိုင်သည့် လူမှုဖူလုံရေးဆေးခန်း သို့ သွားရောက်ပြသပါ။ လူမှုဖူလုံရေးဆေးခန်းနှင့်ဆေးရုံတို့တွင် ကလေးမီးဖွားသည်အထိ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ခံယူခွင့်ရှိပါသည်။ တာဝန်ခံဆရာဝန်က မီးဖွားမီရက်သတ္တခြောက်ပတ်(ခန့်မှန်း) ကိုမီးဖွားသည့်နေ့အထိ တစ်ကြိမ်နှင့် မီးဖွားပြီးနောက် ရက်သတ္တရှစ်ပတ်ကိုနောက်တစ်ကြိမ် ဆေးလက်မှတ်ဖြင့် ဆေးခွင့်ပေးပါလိမ့်မည်။ အမြွှာကလေးမွေးပါက နောက်ထပ် လေးပတ် ထပ်မံခွင့်ပေးပါလိမ့်မည်။

**ကိုယ်ဝန်ပျက်မှု**

ကိုယ်ဝန်ပျက်မှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ကိုဝန်ပျက်သည့်နေ့မှ ရက်သတ္တခြောက်ပတ်ကို ဆေးသက်သေခံ လက်မှတ်အရ မီးဖွားမှုငွေကြေးအကျိုး ခံစားခွင့်နှုန်းဖြင့်ငွေကြေးခံစားခွင့်ရှိသည်။

**တစ်နှစ်အောက်ကလေးမွေးစားမှု**

အာမခံထားသူ အမျိုးသမီးသည် တစ်နှစ်အောက်ကလေးကို ဥပဒေနှင့်အညီ မွေးစားပါက ထိုကလေးတစ်နှစ်ပြည့်သည်အထိ အများဆုံးရက်ရက်သတ္တ ရှစ် ပတ်ကို မီးဖွားမှုအကျိုးခံစားခွင့်နှုန်းအတိုင်းငွေကြေးခံစားခွင့်ရှိသည်။ တစ်ကြိမ်သာခံစားခွင့်ရှိပါသည်။ မွေးစားသည့်နေ့တွင် ကလေး၏ အသက်သည် တစ်နှစ်ပြည့်ရန် လေး ပတ်သာလိုပါက လေး ပတ်သာခံစားခွင့် ရှိပါမည်။

အာမခံထားသူအမျိုးသမီး မီးဖွားမှုအတွက် ငွေကြေးအကျိုးခံစားခွင့်နှင့် လိုအပ်ချက်

- မီးဖွားခွင့်မယူမီ မှတ်ပုံတင်ကာလ ၁၂ လအတွင်း ထည့်ဝင်ကြေးကာလ ခြောက်လ ရှိရပါမည်၊
- လွန်ခဲ့သော ၁၂ လအတွင်း ရရှိသော ပျမ်းမျှဝင်ငွေ၏၇၀% ကို မီးဖွားခွင့်ကာလအတွင်း မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်အဖြစ် ခံစား ခွင့်ရှိပါသည်။ အကယ်၍ ၁၂ လအတွင်း ရှစ်လသာ ထည့်ဝင်ကြေးပေးသွင်းထားပါက ရှစ်လ၏ပျမ်းမျှဖြင့် ရရှိပါမည်။
- အာမခံထားသူ၏ မီးဖွားစရိတ်အဖြစ် ကလေး တစ်ဦးတည်းမွေးပါက ပျမ်းမျှဝင်ငွေ၏ ၅၀%၊ ကလေးနှစ်ဦးမွေးပါက ပျမ်းမျှဝင်ငွေ၏ ၇၅%၊ ကလေးသုံးဦးနှင့်အထက်မွေးပါက ပျမ်းမျှ ဝင်ငွေ၏ ၁၀၀% ခံစားခွင့်ရှိပါသည်။

ဆေးလက်မှတ်အရခွင့်ယူထားစဉ် မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်ရရှိရန် အပတ်စဉ်ဖြစ်စေ၊ ဆေးခွင့်ကာလကုန်ဆုံးသည့်

အခါဖြစ်စေ အောက်ပါစာရွက်စာတမ်းများ အပြည့်အစုံဖြင့် လူမှုဖူလုံရေးရုံးခွဲသို့ တောင်းဆိုနိုင်ပါသည်-

- ကာယကံရှင်၏ အကျိုးခံစားခွင့် တောင်းဆိုလွှာပုံစံ၊
- အလုပ်ရှင်ထံမှ အကြောင်းကြားစာပုံစံ၊
- ဆရာဝန်က မီးဖွားခွင့်ပေးသည့် မီးမဖွားမီ နှင့် မီးဖွားပြီးဆေးခွင့်လက်မှတ်၊
- မွေးစာရင်းမိတ္တူ (မူရင်းတင်ပြရန်)
- လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်ပြား မိတ္တူ (မူရင်းပြသနိုင်ရမည်)

မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်ကို ဆေးခွင့်ကာလကုန်ဆုံးပြီးနောက် သုံးလအတွင်း တောင်းဆိုရပါမည်။ မီးဖွားစရိတ်ကို မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်နှင့်အတူ တောင်းခံရပါမည်။

**ဖခင်ဘဝဖြစ်မှု အကျိုးခံစားခွင့်**

အာမခံထားသူ အလုပ်သမား၏ဇနီး မီးဖွားသည့်အခါ ဖခင်ဘဝဖြစ်မှုခွင့် ၁၅ ရက်အတွက် မီးဖွားမှုအကျိုးခံစားခွင့်နှုန်း အတိုင်း ငွေကြေးခံစားခွင့်ရှိပါသည်။ ဇနီးသည် မီးဖွားစရိတ်အဖြစ် ပျမ်းမျှလုပ်ခ၏ ၂၅% မှ ၅၀% အထိ ခံစားခွင့်ရှိပါသည်။

အာမခံထားသူအမျိုးသား၏ဇနီး မီးဖွားကြောင်းတင်ပြပါက အဖွဲ့မှဆရာဝန်က ဖခင်ဘဝဖြစ်မှု အကျိုးခံစားခွင့်ဆိုင်ရာ ဆေးလက်မှတ်ကို ထုတ်ပေးပါမည်။ ငွေကြေးအကျိုးခံစားခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးသို့ အောက်ပါစာရွက်စာတမ်းများဖြင့်တင်ပြတောင်းဆိုရပါမည်-

- ကာယကံရှင်၏ အကျိုးခံစားခွင့် တောင်း ဆိုလွှာ ပုံစံ၊
- အာမခံထားသူ၏ဇနီး မီးဖွားကြောင်း အလုပ်ရှင်၏ထောက်ခံချက်၊
- ဖခင်ဘဝဖြစ်မှု အကျိုးခံစားခွင့် ဆိုင်ရာဆေး သက်သေခံလက်မှတ်၊
- အိမ်ထောင်စုစာရင်းမိတ္တူ၊
- ဇနီးမီးဖွားခဲ့သော ဆေးရုံ ဆေးခန်းကဖြစ်စေ၊ ကျန်းမာရေးဦးစီးဌာနကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ ထုတ်ပေး သည့်မွေးစာရင်း မိတ္တူ(မူရင်းတင်ပြရန်) သို့မဟုတ် မီးဖွားကြောင်း သက်သေအထောက်အထား

မှတ်ချက်။ ဇနီးနှင့်ခင်ပွန်းနှစ်ဦးလုံး အာမခံထားသူများဖြစ်ပါက မီးဖွားစရိတ်ကို အမျိုးသမီးအတွက်သာ ခံစားခွင့်ရှိသည်။

ဖခင်ဘဝဖြစ်မှုငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်ကို ဆေးခွင့်ကာလကုန်ဆုံးပြီးနောက်သုံးလအတွင်း တောင်းဆိုရပါမည်။

**နာရေးစရိတ်**

အာမခံထားသူ အလုပ်သမားများ မည်သည့်အကြောင်းကြောင့်မဆို သေဆုံးပါက နာရေးစရိတ်ကို အောက်ပါအတိုင်းခံစားခွင့်ရှိပါသည်-

- မှတ်ပုံတင်ပြီးတစ်လအတွင်းထည့်ဝင်ကြေးမပေးသွင်းရသေးမီ သေဆုံးပါက မှတ်ပုံတင်စဉ်က ဖော်ပြထားသည့် တစ်လလုပ်ခဝင်ငွေ၏ တစ်ဆ၊
- ထည့်ဝင်ကြေးပေးသွင်းပြီးပါက ထည့်ဝင်ကြေးကာလပေါ် မူတည်ပြီး

တိုးမြှင့် ခံစားခွင့် ရှိသည်။ ထည့်ဝင်ကြေးကို ခြောက်နှစ်နှင့် အထက်ပေးသွင်းထားပြီးပါက တစ်လလုပ်ခ ဝင်ငွေ၏ ငါးဆ ခံစားခွင့်ရှိသည်၊

- ပုံသေနည်းသုံး၍ Computer Program ဖြင့်တွက်ချက်ပါသည်။

ပုံသေနည်း

နာရေးစရိတ် = ပျမ်းမျှဝင်ငွေ x မြှောက်ဖော်ကိန်း

မြှောက်ဖော်ကိန်း= ထည့်ဝင်ကြေးကာလ ÷ (၁၈+၁)

**နာရေးစရိတ်ခံစားခွင့်**

အာမခံအလုပ်သမားသေဆုံးလျှင် အောက်ပါ အထောက်အထားများနှင့်တကွ သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးတွင်နာရေးစရိတ် လျှောက်ထားခွင့်ရှိပါသည်-

- ကျန်ရစ်သူမိသားစု၏ နာရေးစရိတ်တောင်း ဆိုလွှာပုံစံ၊
- အလုပ်ရှင်၏ ထောက်ခံစာ၊
- လူမှုဖူလုံရေး ဆရာဝန်ကထုတ်ပေးသည့် သေဆုံးမှုဆိုင်ရာ ဆေးလက်မှတ်ပုံစံ၊
- သေဆုံးမှုလက်မှတ် သို့မဟုတ် ရပ်/ကျေးအာဏာပိုင်အဖွဲ့အစည်း၏ထောက်ခံစာ၊
- နာရေးစရိတ်ထုတ်ယူသူမှာ မိသားစုဝင်ဖြစ်ကြောင်း သို့မဟုတ် နာရေးကိစ္စကို တာဝန်ယူ ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထား။

နာရေးစရိတ်ကို အာမခံထားသူကွယ်လွန်ပြီးနောက် သုံးလအတွင်း သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးတွင် တောင်းဆိုရပါမည်။

**အငြိမ်းစားယူပြီးနောက် ဆေးကုသမှု ဆက်လက်ခံယူခွင့်**

**အငြိမ်းစားစိစစ်ရေးသက်သေခံလက်မှတ်**

နည်းဥပဒေ ၁၀၂ (ဂ) အရ ၁၉၅၄ ခုနှစ်၊ ဥပဒေပါ အရှင်ရှိအာမခံစနစ်အတွက် ထည့်ဝင်ကြေးကာလနှင့် ၂၀၁၂ ခုနှစ်၊ ဥပဒေပါကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အတွက် ထည့်ဝင်ကြေးကာလ နှစ်ရပ်ပေါင်းသည့်လပေါင်း ၁၈၀ နှင့်အထက်ရှိပါက အငြိမ်းစားစိစစ်ရေးသက်သေခံလက်မှတ်ရရှိနိုင်ပါသည်။ သတ်မှတ်ထားသည့် ထည့်ဝင် ကြေးကာလပြည့်မီသော အာမခံထားသူများသည် အငြိမ်းစားယူပြီးနောက် မိမိပေးသွင်းခဲ့သောထည့်ဝင်ကြေးအတွက် ခိုင်လုံသော အထောက်အထား၊ အငြိမ်းစားယူခွင့်ပြုသောမိန့် အမိန့်စာနှင့် ပင်စင်ကတ် တို့ကို တင်ပြလျှက် သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးတွင် အငြိမ်းစားစိစစ်ရေးသက်သေခံလက်မှတ်ကို အငြိမ်းစားယူပြီး တစ်နှစ် အတွင်း လျှောက်ထားနိုင်ပါသည်။

- အငြိမ်းစားစိစစ်ရေးသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူများသည် သတ်မှတ်ချက်နှင့်အညီ ဆေးကုသမှု ခံယူခွင့်ရှိသည်၊
- ရောဂါတစ်မျိုးအတွက် ဆေးစတင်ကုသသည့် နေ့မှ ၂၆ ပတ်အထိ ဥပဒေနှင့်အညီ ဆေးကုသမှု ခံယူခွင့်ရှိသည်၊
- နည်းဥပဒေ ၁၀၄ အရ ဆေးကုသမှုကုန်ကျ စရိတ်၏ ၅၀% ကို လူမှုဖူလုံရေးအဖွဲ့မှကျခံ မည်ဖြစ်ပြီး ကျန် ၅၀%ကို ကာယကံရှင်က ကျခံရပါမည်။

**အောင်သိန်း (ဥပဒေ)**

ဆက်လက်ဖော်ပြပါမည်။

မျှပြီးကော့နိုဘေးသူတစ်ယောက်တော ဆောင်ရ
က ဘုရားကျောင်းမှာ ဓမ္မတေးနဲ့ ဒီးချင်းတွေ
ဆို သီချင်းတွေလေ့ကျင့်ခဲ့တာလို့ ပြောတဲ့
စိုးမြသဉ္ဇာရင်ဟာ ယခုမင်းဆောင်အနေသာ ထက်
ဆာရင် ဇာတ်တို့ ခုချိန်မှာဖိုလုပ်ဖြစ်နေတယ်လို့
ပြောတယ်ပါတယ်။

# တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေး အချစ်ရေးနှင့်

# စိုးမြသဉ္ဇာရင်

အေးမွန်

PHOTO -
KHIN MAUNG LATT
(SILVER IMAGE)





အသက်ငယ်ငယ် တိုက်တင်ကောင်းကောင်း အနုပညာဝမ်းစာအပြည့်နဲ့ စိုးပြည့်သဇင်ကို ရုပ်ရှင်ဗီဒီယိုတွေမှာ အတွေ့ရကဲ့လာပါတယ်။ ကာရိုက်တာကောင်းကောင်းနဲ့ အပီအပြင် သရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်တွေသာ လုပ်ချင်တော့တယ်လို့ စိုးပြည့်သဇင်က ပြောပါတယ်။

"ဇာတ်ကားတွေလည်း ရိုက်ဖြစ်ပါတယ်။ ဒါပေမယ့် အနုပညာကျန်တာမျိုးပဲ ရိုက်ချင်တော့တယ်"

သိပ်မကြာခင်က "အချစ်ကိုရှာဖွေ တွေ့ရှိခြင်း" ဆိုတဲ့ စီးရီးထွက်ခဲ့တဲ့ စိုးပြည့်သဇင်ရဲ့ အချစ်ရေးက ပရိတ်သတ် စိတ်ဝင် စားစရာ ဖြစ်ခဲ့ပါတယ်။

အပြင်မှာရော တကယ်အချစ်ကို ရှာဖွေ တွေ့ရှိပြီလားလို့ ကျွန်မက မေးတဲ့အခါ စိုးပြည့်သဇင်က သွားတုံးစိအတိုင်း သွေးအေးအေး ပြုံးလို့။

အပြင်မှာတော့ ခုချိန်ထိအချစ်ကို ရှာဖွေ မတွေ့သေးပါဘူး။ တစ်ယောက်တည်းပါပဲ။ ချစ်သူမရှိသေးပါဘူးဆိုတဲ့ သူမဖြေနေကျ စကားတွေနဲ့ တုန့်ပြန်ခဲ့ပါတယ်။ "အချစ်က ပူလောင်ပါတယ် အစ်မရယ်၊ စိတ်ရှုပ်လည်း မခံချင်ဘူး... ပူလောင်တဲ့အရသာတွေလည်း

**အချစ်က ပူလောင်ပါတယ်**
**အစ်မရယ်။ စိတ်ရှုပ်လည်း**
**မခံချင်ဘူး။ ပူလောင်တဲ့**
**အရသာတွေလည်း**
**မခံစားချင်ဘူး...**





မခံစားချင်ဘူး" လို့ဆိုခဲ့တယ်။

အချစ်က ပူလောင်တယ် စိတ်ရှုပ်ရတယ်လို့ ဘယ်သူကပြောလဲလို့ ကျွန်မက မေးပါတယ်။

စိုးပြည့်က ချစ်စဖွယ်အပြုံးနဲ့"အစ်မနော်.." တဲ့။ ပတ်ဝန်းကျင်မှာ မြင်တွေ့ကြားသိနေရတာပဲလေလို့ တီးတိုးစကားဆိုတယ်။

ဘယ်သွားသွား မိဘတွေနဲ့ တစ်တွဲတွဲ မခွဲဘဲတွေ့ရတတ်လို့ စိုးပြည့် အမြဲအဲဒီလိုနေလားလို့ မေးဖြစ်ပါတယ်။

"အဖေ အမေပါမှ သွားတတ်တာ အကျင့်ပါနေပြီ။ တစ်ခါတလေ ကိုယ့်ဘာသာသွားဆိုလည်း မသွားချင်ဘူးလေ.. အမြဲပါနေကျဆိုတော့ မိဘတွေမပါရင် တစ်ခုခုလိုသလို ခံစားရလို့ပါ။

သမီးလိမ္မာလေးလို့ နာမည် ကြီးတဲ့ မင်းသမီး စိုးပြည့်သဇင်က မိဘတွေက သူမကို မချုပ်ချယ်ဘူး လို့ ဆိုပါသေးတယ်။

" စိုးပြည့်မိဘတွေက လွတ်လပ်ခွင့် အပြည့်ပေးထားပါတယ်.. ချုပ်ချယ်တာလည်း မရှိဘူး.. အချစ်ရေးကိုလည်း ဝိတ်ပင်တားမြစ်ကာဆီးတာတွေ မလုပ်ကြပါဘူး။ အားလုံး စိုးပြည့်သဘော အတိုင်းပါ... စိုးပြည့်ကိုယ်တိုင်က အေးအေးဆေးဆေး နေချင်တာ..." လို့ သူမ အကြောင်းကို တိုးတိုးနဲ့ ရိုးရိုးလေးပြောတယ်။

ဂီတဘက်ကို သိပ်စိတ်ပါနေသလား.. လို့မေးဖြစ်တော့ လတ်တလောမှာ ဂီတကို ဝိုအားစိုက်ဖြစ်နေပါသတဲ့..။

၂၀၁၆ ခုနှစ်အတွင်းမှာ သူမအတွက် ရင်ခုန်စရာ ရုပ်ရှင်ကားကြီးတွေလည်း ရှိနေ

ပါသတဲ့။

" ခေါက်ထီးလေး မလှဲတလုံ" "သံယောဇဉ်တွေသာ ကျည်ဆန်ဖြစ်ခဲ့ရင်" နဲ့ " ကျေးညီနောင်" ဇာတ်ကားတွေမှာ ကြိုးစားထားကြောင်း သူမက ရင်ဖွင့်ပါတယ်။

မိဘကို အနုပညာနဲ့ လုပ်ကျွေးခွင့်ရတဲ့ အပေါ်မှာ သူမ ဂုဏ်ယူတယ်လို့ စိုးပြည့်သဇင် က ပြောတယ်။

အနုပညာအလုပ်တွေ အပေါ်မှာ ယုံ ကြည်ရှိတဲ့၊ ဘဝရပ်တည်မှုအပေါ်မှာ ယုံကြည်မှုရှိတဲ့၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ စိုးပြည့်သဇင်ဟာ ဘဝခရီးလမ်းကို ယုံယုံ ကြည်ကြည် ဖြတ်သန်းနေဦးမှာဖြစ်တယ်။ အေးအေးဆေးဆေး ဖြတ်သန်းနေဦးမှာဖြစ်တယ်။

အနုပညာနယ်ပယ်ထဲ အချစ် အရှုပ်အရှင်းသတင်း ကင်းကင်းနဲ့ သူမ အမြဲပြောလေ့ရှိတဲ့စကားက. . .

"ဒါဒီလို အေးအေးဆေးဆေး တိတ် တိတ်ဆိတ်ဆိတ်ပဲနေချင်လို့ပါ. . "တဲ့လေ။

ဘာပဲဖြစ်ဖြစ် စိုးပြည့် ပရိသတ်တွေကတော့ သူမရဲ့အချစ်ရေးသတင်းကို မျှော်လင့်နေကြတာ အသေအချာပါပဲ။


သူမကတော့ ချစ်သူမရှိသေး ဘူးလို့သာ တွင်တွင်ဆိုမြဲ. . . . .။

အေးမွန်



# လူငယ်နဲ့ အောင်မြင်ရေး နည်းလမ်းများ

မောင်မင်းစိုး



လူငယ်တွေဆိုတာ အမြဲတမ်းလိုလို တက်ကြွနေကြတယ်။ သူတို့ဟာ အောင်မြင်မှုကို အာသာဆန္ဒ ပြင်းပြင်းပျပျနဲ့ လိုလား တောင့်တနေတတ်ကြတယ်။ ဒီတော့ အောင်မြင်ရာ နည်းလမ်းကောင်းတွေကို လိုက်နာကျင့်သုံးပြီးတော့ သူတို့ လျှောက်ရမယ့် လမ်းခရီးကို မနိုင်မနင်းဆိုသလို လျှောက်လှမ်းတတ်ကြတယ်။ ဒီတော့လည်း အောင်မြင်မှုဆီသို့ သွားရာလမ်းဟာ သတ်တောင့်သတ်သာမျိုးတော့ အစဉ်အမြဲ

ဖြစ်နေမှာ မဟုတ်သလို ပေးဆပ်ရမှာတွေ၊ အတုယူရမှာတွေ၊ သင်ယူရမှာတွေ၊ လေ့လာစရာတွေလည်း များစွာရှိနေခဲ့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်တော့ လူငယ်တွေရဲ့ ငတ်မွတ်ဆာလောင်နေတဲ့ အောင်မြင်မှု ပန်းတိုင်ဆီသို့ သွားရာမှာ အကျုံးဝင်နေမယ်၊ လိုက်နာရမယ်၊ ပြုကျင့်ရမယ့် အချက်အလက်လေးတွေကို အနည်းငယ် မိတ်ဆက်ပေးချင်ပါတယ်။ ဒါကလည်း အထူးတလည်တော့ မဟုတ်ပါဘူး။ အင်တာနက်မှာ တင်ထားတဲ့ ဂျပန်တွေဆီက အတုယူစရာကောင်းတဲ့ အချက် (၇) ချက် ဆိုတဲ့ အချက်အလက်များပဲ ဖြစ်ပါတယ်။ အခု ဒါလေးတွေကိုပဲ မိမိအမြင်နဲ့ ပေါင်းစပ် ပြီးတော့ တစ်ခုချင်းဆိုသလို ပြောပြလိုပါတယ်။


၁။ **ယဉ်ကျေးသိမ်မွေ့ခြင်း။** ဂျပန်တွေဟာ ယဉ်ကျေးသိမ်မွေ့ကြတယ်လို့ သိရပါတယ်။ မှန်ပါတယ်။ ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်းဟာလည်း လူချစ်လူခင်ပေါများလှတဲ့ အကြောင်းတစ်ချက်ပါပဲ။ လူချစ်လူခင်များပြီဆိုရင်တော့ ကိုယ့်အတွက် သူတို့ရဲ့ အထောက်အပံ့နဲ့ ဆက်တက်ရမယ့် လမ်းခရီး ဖြောင့်ဖြူးဖို့ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ယဉ်ကျေးမှု၊ သိမ်မွေ့မှုဆိုတာဟာ တကယ်တော့ မြန်မာတွေရဲ့ မွေးရာပါ စရိုက်လက္ခဏာတစ်ခု ဖြစ်ပါတယ်။ မြန်မာ တွေဟာ ရှေးကတည်းက ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတွေနဲ့ ကြီးပြင်း လာခဲ့ကြပါတယ်။ ဒီတော့ တစ်ဦးကို တစ်ဦး ပြောဆိုဆက်ဆံတာကအစ ယဉ်ကျေးမှုတွေ ရှိပါတယ်။ လူကြီးများ၊ အစ်ကိုအစ်မများ၊ ဆရာသမားများနှင့် ပြောဆိုဆက်ဆံတဲ့အခါ ပိုမိုပြီးတော့ သိသာလှပါတယ်။ ဂါရဝ-နိဝါတ ဆိုတဲ့ မင်္ဂလာတရားနဲ့အညီ နေထိုင် ပြောဆိုဆက်ဆံခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ယဉ်ကျေးမှုကတော့ ဟိုယခင်ကအတိုင်း ကောင်းမွန်တဲ့လက္ခဏာဖြစ်တဲ့အတွက် ဒီလို ရိုးရာယဉ်ကျေးမှုလေးတွေကို ဆက်လက်ဆုပ်ကိုင်ထားမယ်ဆိုရင် သွားရမယ့် လမ်းခရီး အတွက် အထောက်အကူ ဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။

၂။ **အချိန်ကိုလေးစားခြင်း။** အောင်မြင်မှု အတွက် အချိန်ဟာ အရေးကြီးပါတယ်။ အချိန်ကို အကျိုးရှိရှိ အသုံးချခြင်းဟာ တကယ့်ကို အောင်မြင်မှုရဲ့ အားကောင်းတဲ့ အချက် တစ်ခုပါပဲ။ အောင်မြင်သူတွေ လိုက်ကြည့်မယ်ဆိုရင် သူတို့ဟာ တကယ့်ကို အချိန်ကို အလေးထားတယ်။ တန်ဖိုးထား တတ်ကြပါတယ်။ မောယံ ကာလံ နခေပယေ- ဆိုတာနဲ့အညီ အချိန်ကို အချိုး အနှီး ဖြုန်းပစ်တာမျိုး မရှိကြပါဘူး။ အလုပ် တိုင်းမှာ အချိန်တိကျဖို့ လေးစားဖို့ အလွန်ပဲ အရေး ကြီးတယ်။ အချိန်နှင့် ဒီရေသည် လူကို မစောင့်ဆိုတဲ့အတိုင်း အချိန်ကို အလေးထား ဖို့လည်း လိုအပ်ပါတယ်။ အချိန်တိကျဖို့ ဟာ အထူးသဖြင့် သူတစ်ပါးနဲ့ ပြောဆိုဆက်ဆံ တဲ့အခါ သတိထားရမယ့် အချက်တစ်ခုပါပဲ။ အလုပ် ကိစ္စအတွက် ချိန်းဆိုထားရင် ကိုယ်က သူတစ်ပါးထက် စောရောက်နေရပါလိမ့်မယ်။ နောက်ကျတာမျိုးဟာ တစ်ခုခုသော အကြောင်းကြောင့်ဆိုရင် တစ်ခါ နှစ်ခါ

ခွင့်လွှတ်လို့ ရနေမယ့် ဒါထက် လွန်ကဲသွားရင် သူတစ်ပါးက ကိုယ့်ကို ယုံကြည်မှု မရှိဘဲ ရှောင်ကြဉ်သွားတတ်တာမျိုးတွေ ဖြစ်တတ်ပါတယ်။

၃။ **စည်းကမ်းရှိခြင်း။** စည်းကမ်း သည် လူ၏တန်ဖိုးဆိုသလို စည်းကမ်းရှိဖို့ လည်း လိုအပ်ပါတယ်။ စည်းကမ်းဆိုတာ ကိုယ်ကျင့်တရားနဲ့ ရက်လုပ်ထားတဲ့ ကိစ္စရပ်တစ်ခု ပါပဲ။ စင်္ကာပူဟာ ကြီးပွားတယ်ဆိုတာ စည်းကမ်း ကောင်းမွန်ခြင်းကြောင့်လည်း ဖြစ်ပါတယ်။ မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဆိုသလို ရှေးမြန်မာတွေကတော့ စည်းကမ်းနဲ့ ပတ်သက်ရင်တော့ အတော်လေးကို လိုက်နာမှု အားနည်းပါတယ်။ မလုပ်နဲ့ဆိုတာမျိုးမှ လုပ်ချင်တဲ့ စိတ်တွေ ရှိတတ်ပါတယ်။ ဒါကိုလည်း အောင်မြင်လိုသူအတွက်တော့ ရှေ့ဆက်ပြီး

ရည်မှန်းချက်ပန်းတိုင် မရောက်ခင်
ကိုယ်ဘယ်ကကြိုးစားခဲ့တာလဲ
ဘယ်လောက်ကြာခဲ့တာလည်း မသိဘဲ
မျိုးသဲလွန်စနောက် လိုက်နေရင်လည်း လျှောက်ရင်း
လျှောက်ရင်းနဲ့ လမ်းပျောက်သွားတတ်ပြီဆိုတော့
အရာရာမှာ တစ်ကနေ ပြန်စနေရပါလိမ့်မယ်။
ဒီလို တစ်ကနေ ပြန်စနေခဲ့ရင်လည်း
ရည်မှန်းချက် ပန်းတိုင်တစ်ခုခုကိုမှ
ဆုပ်ကိုင်မထားရင်တော့ ဘယ်လိုကိုဆိုမှာ
မဟုတ်ပါဘူး.....



မျှော်ကြည့်ရမယ့်ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ဥပမာ- ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ စသဖြင့် ရုန်တွေ သတ်မှတ်ထားရင် လိုက်နာရပါမယ်။ ကွမ်းစားတာ၊ ဆေးလိပ်သောက်တာဟာ အပြစ် မဟုတ်ပေမယ့် သတ်မှတ်ထားတဲ့ နေရာကို ကျူးကျော်ပြီးတော့ ဖောက်ဖျက်ရင်တော့ ဒါဟာ အပြစ်ပါ။ ဒါကတော့ သိသာတဲ့ပြယုဂ်တစ်ခုပေါ့။ တကယ်တော့ စည်းကမ်းဆိုတာ ကာယကံ- ဝစီကံဆိုတဲ့ ပြုမူခြင်း၊ ပြောဆိုခြင်းတွေနဲ့ ဆိုင်တဲ့ ကိုယ်ရဲ့ စည်းကမ်း၊ နှုတ်ရဲ့ စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ အချုပ်ဆိုရရင်တော့ ကိုယ်ကျင့်တရားနဲ့ များစွာ သက်ဆိုင်နေပါတယ်။

**၄။ ပတ်ဝန်းကျင်ကို အလေးထား ခြင်း။** လူသားတွေဟာ မိမိတစ်ယောက် တည်း နေထိုင်ရတာမျိုး မဟုတ်ပါဘူး။ ပတ်ဝန်းကျင်နဲ့ ရောထွေးယှက်တင်ပြီးတော့ နေထိုင်ကြရပါတယ်။ လူဆိုတာ လူမှုရေးသတ္တဝါဆိုတဲ့ အတိုင်းပါပဲ။ အစစအရာရာ ပတ်ဝန်းကျင်နဲ့ နေထိုင်ပြီးတော့ ပူးပေါင်းဆောင်ရွက်ရင်း ရှင်သန်နေခဲ့ကြရပါတယ်။ ဒီတော့ ကိုယ်နဲ့ ဘယ်လိုမှ တင်းကွာနေလို့မရတဲ့ ပတ်ဝန်းကျင်ကို အလေးထားတတ်ရပါမယ်။ ကိုယ့်ကိုကိုယ် ဂရုတစိုက်နဲ့ စောင့်ကြည့်ပြီးတော့ မပြုလုပ်သင့်တာတွေ မပြုလုပ်မိအောင် နေထိုင်တတ်ရပါမယ်။ ကိုယ့်ကြောင့် သူတစ်ပါး အနှောက်အယှက် ဖြစ်စေမယ့် အပြုအမူတွေ မပြုမိစေဖို့၊ အပြောအဆိုတွေ မပြောမိဖို့၊ အကြံအစည်တွေ မကြံစည်မိစေဖို့ သတိထားပြီးတော့ လိုက်နာရပါမယ်။ ဒါဟာ ပတ်ဝန်းကျင်ကို အလေးထား၊ တန်ဖိုးထားခြင်းရဲ့ သင်္ကေတပါပဲ။ ဒီလို မဟုတ်ဘဲ ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်၊ ငါ့လှေ ငါထိုး ပဲခူးရောက်ရောက်ပုံစံနဲ့ ငါတကော ကောပြီးတော့ ပတ်ဝန်းကျင်ကို အလေးမထားဘဲ လုပ်ချင်ရာ လုပ်မယ်ဆိုရင်တော့ မကောင်းတဲ့ ရလာဒ်တွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် အောင်မြင်သူအတွက် ဘယ်လိုမှ တင်းကွာလို့ မရတဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း အလေးထားခြင်း၊ တန်ဖိုးထားခြင်းမျိုးတွေ လိုအပ်ပါတယ်။

**၅။ တာဝန်ယူမှုရှိခြင်း။** တာဝန်ယူခြင်း၊ တာဝန်ခံခြင်းဟာလည်း အရေးကြီးတဲ့ လက္ခဏာတစ်ရပ်ပါပဲ။ ဒီမိုကရေစီဆိုတဲ့ ခေတ်ရေစီးနဲ့အညီ သွားမယ်ဆိုရင် ဒါဟာ အလွန်ပဲ အရေးပါတဲ့ အချက်တစ်ခု ဖြစ်လာပါလိမ့်မယ်။ ခေတ်ပေါ် နည်းပညာတွေနဲ့ သတင်းခေတ်ဖြစ်နေတဲ့အခါမှာ ကိုယ်တင်တဲ့ပို့စ်ဟာ ကောင်းမွန်တဲ့ပို့စ်ကောင်းတစ်ခု ဖြစ်ဖို့အရေးကြီးပါတယ်။ ဒီလိုမဟုတ်ဘဲ အကောင့်ပုန်းတွေနဲ့ သွေးထိုးလှုံ့ဆော်တာမျိုးတွေ၊ အာဃာတကြီးထွားတာမျိုးတွေ၊ ရန်တိုက် သွေးခွဲတာမျိုးတွေ၊ တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာတာတွေ၊ သတင်း အမှားတွေကို မှိုင်းလုံးသဖွယ် အသုံးပြုပြီးတော့ တင်တာမျိုးတွေကို မပြုမိဖို့ ဂရုစိုက်ကြရပါမယ်။ ကိုယ်တင်တဲ့ပို့စ်ကို ကိုယ်တိုင်တာဝန်ယူမှု ရှိရပါလိမ့်မယ်။ ဒါကတော့ လောလောလတ်လတ် ဖြစ်ပျက်နေတဲ့

အကြောင်းအရာလေးကို ပြောပြတာပါ။ ထိုနည်းတူစွာပါပဲ။ အခြား အခြားသော ကိုယ်လုပ်ရမယ့်တာဝန်ကို ကိုယ်တိုင် တာဝန် ယူပြီးတော့ ပြီးစီးအောင် ဆောင်ရွက်ရပါ လိမ့်မယ်။ ဒါဟာလည်း တာဝန်ယူခြင်းပါပဲ။ အောင်မြင်မှုအတွက် တာဝန်ယူမှု၊ တာဝန်ခံ မှုဟာလည်း အရေးကြီးတဲ့အချက်တစ်ခုပါပဲ။

**၆။ အလုပ်ကြိုးစားခြင်း။** အလုပ်ဟုသမျှ ဂုဏ်ရှိစွဆိုသလို သမ္မာအာဇီဝကျကျနဲ့ လုပ်တဲ့ လုပ်ရပ်တိုင်းဟာ တကယ့်ကို ဂုဏ်ရှိပါတယ်။ ထိုင်နေလို့တော့ ဘာမှဖြစ်လာ မှာ မဟုတ်ပါဘူး။ ကိုယ်သွားချင်တဲ့ လမ်းကြောင်းပေါ်ကို ရောက်ချင်ရင်တော့ အလုပ်ကို ဖွဲ့ဖွဲ့ရှိရှိနဲ့ ကြိုးစားဖို့ဟာ အရေးပါတဲ့ အချက် တစ်ခုပါပဲ။ မြန်မာတွေ နားထဲမှာ ကြားခဏ ကြားနေရတဲ့ စကားတစ်ခွန်း ရှိပါတယ်။ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်ဆိုတဲ့ စကားပါ။ ဟုတ်ပါတယ်။ ကြိုးစားနေတဲ့သူ အတွက်တော့ အောင်မြင်မှုဟာ တစ်နေ့မှာ ရလာမှာ ဖြစ်ပါတယ်။ ဖွင်းနိုမယ်ဆိုရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်သလို၊ ဘယ်လမ်း၊ ဘယ်ပန်းတိုင်၊ ဘယ်အောင်မြင်မှုမျိုးမှုလည်း အကောင်အထည် ပေါ်လာမှာ မဟုတ်ပါဘူး။ အောင်မြင်နေသူတွေကြည့်ပါ။ သူတို့ဟာ တကယ့်ကို အလုပ်ကို သူများထက်ပိုပြီးတော့ လုပ်နေလို့ပါပဲ။ ဒါကြောင့် အောင်မြင်လိုတဲ့ လူငယ်တွေအတွက်တော့ အလုပ်ကိုကြိုးစားဖို့လည်း လိုအပ်ပါတယ်။

**၇။ နိုင်မာတဲ့ ရည်မှန်းချက်ပန်းတိုင် ရှိခြင်း။** အောင်မြင်လိုသူတွေအတွက် ရည်မှန်းချက်ပန်းတိုင်ဆိုတာ မရှိမဖြစ်ပါပဲ။ ဒီလိုမဟုတ်ဘဲ ရည်မှန်းချက်ပန်းတိုင် မရှိဘူးဆိုရင် ကိုယ်ဘာဖြစ်ချင်တာလဲ၊ ဘယ်ရောက်ချင်တာလည်း မသိဘဲ၊ မရှိဘဲလျှောက်နေ၊ လုပ်နေရင်လည်း လျှောက်ရင်း လျှောက်ရင်းနဲ့ လမ်းပျောက်သွားတတ်ပြီးတော့ အရာရာမှာ တစ်ကာပဲ ပြန်စနေရပါလိမ့်မယ်။ ဒီလို တစ်ကနေ ပြန်စနေခဲ့ရင်လည်း ရည်မှန်းချက်ပန်းတိုင်တစ်ခုခုကိုမှ ဆုပ်ကိုင်မထားရင်တော့ စလို့ကို ဆုံးမှာ မဟုတ်ပါဘူး။ ဒါကြောင့် အောင်မြင်ချင်တဲ့ လူငယ်တွေဟာ ကိုယ်စီကိုယ်ငှ ကိုယ်ဖြစ်ချင်တဲ့၊ ကိုယ်သွားချင်တဲ့ ပန်းတိုင်ဆိုတဲ့ ရည်မှန်းချက်ကိုလည်း ထားရပါလိမ့်မယ်။ ဒီလို ရည်မှန်းချက်အတိုင်း လျှောက်တဲ့အခါ အချိန်ဘယ်လောက်ကြာရင်၊ ဘယ်လောက် ကုန်ကျရင် ဘယ်လိုအကျိုးရလာဒ်ကို မဖြစ်မနေ ရကိုရရမယ်လို့ သန္နိဋ္ဌာန်ချမှတ်ပြီးတော့ ရည်မှန်းချက်အတိုင်း မဖြစ်မနေ လျှောက်နေမယ်ဆိုရင် တစ်နေ့ တစ်လံပုဂံ ဘယ်ပြေး ဆိုသလို ပန်းတိုင်ကို ရောက်ပါလိမ့်မယ် ယုံကြည်ချက်အခိုင်အမာ ထားပြီးတော့ ရည်မှန်းချက် ပန်းတိုင်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားမယ်ဆိုရင် အောင်မြင်မှု ရပါလိမ့်မယ်လို့ တိုက်တွန်း စကားဆိုလိုက်ရပါတယ်။

**မောင်မင်းနိုး**



(၁)

ဒီနေ့လည်း ထုံးစံအတိုင်း အိပ်ရာထ နောက်ကျပြန်တော့ 'တစ်ခုခုမှားသွားပြီလေ' ဆိုတဲ့ မေးမှုကလေးတွေ လှစ်လျှပြီး ခပ်သွက် သွက် ထွက်လာခဲ့ပြီ။

"အစ်ကို ကော်ဖီသောက်ဦးမလား"

ထိုင်နေကျဆိုင်က စားပွဲထိုးကောင်လေး က အမြဲလာရင်း အပြုံးနဲ့မေးတဲ့အကျင့်တယ်၊ တစ်နေ့ကို သုံးကြိမ် ကန်တင်းထိုင်တတ်တဲ့ ကျွန်တော်တို့အုပ်စုနဲ့ စားပွဲ ထိုးကောင်လေး တွေ ရင်းနှီးနေတာ သိပ်တော့ မထူးဆန်း။

"အေး . . . ဒါနဲ့ ဟိုကောင်လေးတွေ မလာကြသေးဘူးလား"

ကျွန်တော်ထက် ပိုနောက်ကျနေမဲ့ရတဲ့ သူငယ်ချင်းနှစ်ယောက်ကို ရည်ညွှန်းပြီး မေးလိုက်တော့ ကောင်လေးက 'မတွေ့သေး ဘူး' လို့ ခေါင်းခါပြုံးဖြေတယ်။ ဒီတော့ လည်း မနက်စာစားရင်း စောင့်နေရုံပေါ့။

# ကောင်းကင်မေ
# [စီးပွားရေးတက္ကသိုလ်]
# လှစ်ဟပြထားတဲ့ အချစ်ကြော်ငြာ

"ထမင်းကြော်နဲ့ ပလိန်းဝမ်း၊ ထုံးစံအတိုင်းပဲ၊ မြန်မြန်လုပ်ကွာ"

ကောင်လေးက ခပ်သွက်သွက်လေး ထွက်သွားတယ်။ ဒီတော့မှ ဘေး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တယ်။ ကားပေါ်က ဆင်းလာကတည်းက ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြတဲ့ မျက်လုံးတွေကို အကဲခတ်ကြည့်လိုက်တယ်။ တချို့က လည်း တီးတိုးမွဲလို့၊ တချို့ကလည်း မသိမသာ အကဲခတ်လို့၊ ဘာတွေဖြစ်နေကြပြန်တာလဲ။



ကိုယ်ရည်သွေးတယ်ပဲပြောပြော၊ 'နောင်မင်းလွင်' ဆိုတဲ့ ကျွန်တော်က တက္ကသိုလ်နယ်မြေမှာတော့ လူသိများတဲ့လူ၊ ပတ်ဝန်းကျင်ရဲ့ အာရုံစူးစိုက်မှုအောက်မှာလည်း အသားကျနေတတ်တဲ့သူ၊ ဒါပေမယ့် ဒီနေ့ ရင်ဆိုင်နေရတဲ့ အကြည့်တွေကတော့ တစ်ခုခု ထူးခြားနေသလိုလို၊ သမားရိုးကျ မဟုတ်သလိုလို၊

စိတ်ထဲမှာ မတင်မကျ ဖြစ်နေမိပေမဲ့ ဘာမှန်းလဲ အသေအချာတော့ မသိ။

"အချစ်ကြော်ငြာတဲ့လား . . . မိုက်တယ်ကွာ"

မျက်မှန်ဘောင်းဆိနေတဲ့ကျောင်းသား တစ်ယောက်ကလည်း လက်မထောင်ပြရင်း ကျွန်တော့်ကို လှမ်းပြောသွားသေးတယ်။ 'အချစ်ကြော်ငြာ' ဆိုပါလား။ ဘာလဲဟ။

"ဟုတ်တယ် နောင်မင်းလွင် . . လုံးဝမိုက်တယ်ကွာ . . . ဟား . . ဟား"

သူ့စကားကို ထောက်ခံရင်း တဟားဟားနဲ့ ပွဲကျသွားတဲ့ သူတို့အုပ်စုကို မြင်တော့ ကျွန်တော့် စိတ်ထဲထင့်သွားပြီ။ ဘာပြောသွားတာပါလိမ့်၊ မနေ့က တစ်ရက်တည်း ကျောင်းကို မရောက်လိုက်တာ ဘာတွေများ ဖြစ်နေတာပါလိမ့်၊ ဇဝေဇဝါနဲ့ ဟိုဟို ဒီဒီ ကို စူးစမ်းနေတုန်းမှာပဲ

"ဟေ့ကောင် နောင်မင်းလွင်"

"ဒီအထိလိုက်လာရတာ မောလိုက်တာကွာ၊ ဖုန်း ဘာလို့မကိုင်တာလဲကွ"

စိုင်းညီနဲ့ ကျော်စွာက အမော တကော ပုံစံနဲ့ မောရင်း အနားရောက်လာကြတယ်။

"ဖုန်းက ကားထဲမှာ ကျန်ခဲ့တယ်။ မင်းတို့က ဘာဖြစ်လာတာလဲ"

"ဘာလဲ ဟုတ်လား၊ မင်းကို မော်ကွန်းထိန်းက ခေါ်ခိုင်းလိုက်တယ်"

အရေးတကြီး အမူအရာနဲ့ ပြောလာတဲ့ စိုင်းညီကို ငြိုးကြည့်ကြည့်ပစ်လိုက်တယ်။ 'မော်ကွန်းထိန်း' တဲ့၊ ကန်တင်းမှာ ထမင်းကြော် အေးအေးဆေးဆေး ထိုင်စားနေတဲ့ ကျွန်တော်နဲ့ သူ့ရုံးခန်းထဲမှာပဲ သက်သောင့်သက်သာရှိနေမယ့် မော်ကွန်းထိန်းနဲ့က ဘယ်လိုမှ ဆက်စပ်လို့မရ။

"မင်းမွှေထားတဲ့ကိစ္စက ပြဿနာ တက်ပြီကွ"

ကျော်စွာကလည်း သံယောင်လိုက်တယ်။ 'ကျွန်တော်မွှေထားတဲ့ကိစ္စ' ဆိုပါလား။

ဇဝေဇဝါကိစ္စက အဖြေမရသေးခင်မှာ နောက်ထပ် ပဟေဠိတစ်ခုက ပေါ်လာပြန်ပြီ။

"မင်းတို့ကပါ တမောင့်။ ဒီတမနက်လုံး မင်းတို့အားလုံး ဘာတွေဖြစ်ကြနေကြတာလဲ။ ပြောရင်လည်း ငါ နားလည်အောင်ပြောကြ။ ကဲ ပြော ... ဘာမော်ကွန်းထိန်းလဲ။ ငါ ဘာမှုလို့လဲ။"

စိတ်ရှုပ်သမျှရှုပ်ပြီး ဘုတောပစ်လိုက် ပြီ။

"ဘာရမလဲ။ အချစ်ကြော်ငြာလေ။ မင်း သော်သော့်ကို ဖွင့်ပြောထားတဲ့စာလေ"

"ဘာ..."

သောက်လက်စ ကော်ဖီတောင် သီးတော့မလိုလို။ အချစ်ကြော်ငြာ ... တဲ့။ အပြောအရွှား စဉ်းစားလိုက်ပေမယ့် ခေါင်းထဲမှာတော့ လုံးဝ ဗလာ။

"ဘာစာလဲ။ ဘာကြော်ငြာလဲ"

မျက်လုံးအပြူးသားနဲ့ ကြည့်ရင်း ကပျာကယာမေးတော့

အာမေဋိတ်တစ်ခွန်းတည်းနဲ့ ကျွန်တော် ငြိမ်ကျသွားပြီ။ စာရွက်ပေါ်က ကွန်ပျူတာ စာလုံးတွေက ကျွန်တော့်ကို လှောင်ပြောင်နေသလိုပဲ။ ဒါ ကျွန်တော်လုံးဝ မသိတဲ့ကိစ္စ။ လုံးဝကို ချောက်ချားရတဲ့ကိစ္စ...

"အခုမှ ရူးချင်ယောင်ဆောင်မနေနဲ့ ဟေ့ကောင်။ မင်းကိစ္စက တစ်ကျောင်းလုံး ပျံ့နေပြီ။"

"အေးလေ .. ဟောဒီမှာ။ မင်း ငြင်းမရအောင် ငါ ဆွဲယူလာတယ်။ ငါဖတ်ပြမယ်။ နားထောင်"

ကျော်စွာက သူ့လက်ထဲက A3 စာရွက်ခေါက်ကို ဖြန့်ရင်း

" 'အချစ်ကြော်ငြာ' ... ကျွန်တော် နောင်မင်းလွင်သည် လင်းသော်တာအား တရားဝင်ချစ်ရေးဆိုထားပါသည်။ သို့သော် လင်းသော်တာမှ အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲ ဆိုင်းငံ့ထားပါသည်။ ထို့ကြောင့် ယခုလို လူသိရှင်ကြား ကြော်ငြာရခြင်း ဖြစ်ပါသည်။ လင်းသော်တာထံမှ အဖြေရသည့်နေ့တွင် ဤကြော်ငြာအား ရုပ်သိမ်းပေးပါမည်။ အောက်က 'နောင်မင်းလွင်' တဲ့။ ကဲ ... မင်း ဘာငြင်းဦးမလဲ"

"ဟာ"

အာမေဋိတ်တစ်ခွန်းတည်းနဲ့ ကျွန်တော် ငြိမ်ကျသွားပြီ။ စာရွက်ပေါ်က ကွန်ပျူတာ စာလုံးတွေက ကျွန်တော့်ကို လှောင်ပြောင်နေသလိုပဲ။ ဒါ ကျွန်တော်လုံးဝ မသိတဲ့ကိစ္စ။ လုံးဝကို ချောက်ချားရတဲ့ကိစ္စ။

"ငါ မဟုတ်ဘူး"

"လုပ်မနေနဲ့ ဟေ့ကောင်။ ကျောင်းက ကြော်ငြာပုံးမှာ စာရေးပြီး ကပ်တတ်တာ မင်းအပြင် တခြားလူ ရှိသေးလို့လား။ ဒီကိစ္စ လုပ်ဖို့ မင်းမနေ့က ကျောင်းပျက်တာလား"

"ဒီတစ်ခါရိုက်ချက်က တယ်ပြင်းပါလားကွ။ မင်း ဘယ်တုန်းက ဖွင့်ပြောလိုက်တာလဲ"

နှစ်ယောက်သားက သူတို့စိတ်ထင်ရာတွေ ဆွဲပြောနေကြသလို ကျွန်တော့်အတွေးတွေကလည်း ဟိုရောက်ဒီရောက် ဖြစ်ကုန်ပြီ။ တရားခံဘယ်သူလဲ စဉ်းစားနေရင်းနဲ့ပဲ ခေါင်းထဲကို အပြေးဝင်လာတာက ဆံပင်ရှည်ရှည်လေးနဲ့ နိုးနိုးလေးနေတတ်တဲ့ 'လင်းသော်တာ' ဆိုတဲ့ 'သော်သော်'။ ကျွန်တော့်စိတ်ကို အလွမ်းဆိုးဆုံးဖြစ်ခဲ့တဲ့ ကောင်မလေး။ ကျွန်တော့် ရင်ခုန်သံတွေကို ဆူညံစေခဲ့တဲ့ ကောင်မလေး။

သူ့ကို တရားဝင် ဖွင့်ပြောဖို့ နေနေ သာသာ သူ့အနားကို ချဉ်းကပ်ဖို့ အခွင့်အရေး တောင်မပေးတတ်တဲ့၊ ကျွန်တော့်ကို သံသယမျက်လုံးနဲ့ ကြည့်နေတတ်တဲ့ ကောင်မလေး။ အဲ့ဒီ ခပ်အေးအေးနေတတ်တဲ့ ကောင်မလေးသာ ဒီကြော်ငြာကို တွေ့သွားရင် . . .။

အတွေးနဲ့တင် ထူပူသွားပြီ။

"ဒါဆို . . . သော်သော်၊ သော်သော်ရော

**သော့်ပတ်ဝန်းကျင်မှာ**
**နောင်မင်းလွင်ကို အမြဲလိုလို**
**တွေ့လာရကတည်းက**
**နောင်မင်းလွင်ရဲ့ ခြေလှမ်းတွေ**
**သော့်ဆီ သိသိသာသာ**
**ဦးတည်လာကတည်းက**
**"နောင်မင်းလွင်ရဲ့ဘယ်**
**နှစ်ယောက်မြောက်လေးလဲ" ဆိုတဲ့**
**တီးတိုးသံတွေ....**

ဒီစာကို တွေ့သွားပြီလား"

"မတွေ့ဘဲ နေမလားကွ။ မင်းစာတွေက ဒီတစ်စောင်တည်းမှ မဟုတ်တာ။ တစ်ကျောင်းလုံးက ရှိရှိသမျှ ကြော်ငြာဝုံးတွေမှာ လိုက်ကပ်ထားတာပဲ။ ဒါကြောင့်လဲ မော်ကွန်းထိန်းက မင်းကို ခေါ်နိုင်းတာ"

"ဘာ. . . တစ်ကျောင်းလုံး. . .။ သေစမ်းကွာ။ ဟော့ကောင်တွေ . . . သော်သော် အခု ဘယ်မှာလဲ။ မင်းတို့ သူ့ကို ဘယ်မှာတွေ့ခဲ့လဲ"

ထိုင်ရာမှ ဆတ်ကနဲထရင်း အသည်းအသန် မေးလိုက်တော့

"စောစောကတော့ နားနေဆောင်မှာ တွေ့တာပဲ"

ကျော်စွာ့စကားအဆုံးမှာ ကျွန်တော် ချာကနဲလှည့်ထွက်လိုက်တော့ ခိုင်းညီအသံက ကပ်ပါလာတယ်။

"ဟေ့ကောင် . . . မော်ကွန်းထိန်း လေ . . ."

"မော်ကွန်းထိန်းထက် အရေးကြီးတာ သော်သော်ကွ။ ငါလစ်ပြီ။ မင်းတို့ ကြည့်ရှင်းလိုက်တော့"

"ဟာ. . . ဟေ့ကောင်. . ."

". . . . . . . ."

ခိုင်းညီတို့ရဲ့ မေတ္တာပို့သံတွေက ကျွန်တော့်နောက်မှာ ဆူညံပြီး ကျန်ခဲ့တော့တယ်။

(၂)

"သော်သော်"

သော့် ရှေ့တည့်တည့်မှာ လမ်းပိတ်ရပ်လိုက်တဲ့သူက နောင်မင်းလွင်။ သူ့ကို စူးစူးဝါးဝါးကြည့်ရင်း သော့်ရင်ထဲမှာ ပူလောင်တင်းကြပ်လာတယ်။ သော့် ရင်ကို လှုပ်ရှားစေ

ခဲ့တဲ့သူ ဆိုတဲ့အသိကလည်း ဒီစာကိုစွဝင်လာတတည်းက ငုပ်လျှိုးသွားခဲ့ပြီ။ အခုအချိန်မှာ သော့်ကို လွှမ်းမိုးနေတာက ရက်စိတ်၊ နောက်ပြီး အဲ့ဒီရက်စိတ်ကြောင့် ထပ်ဆင့်ပေါက်ဖွားလာတဲ့ ဒေါသ။

သော့်ပတ်ဝန်းကျင်မှာ နောင်မင်းလွင်ကို အမြဲလိုလို တွေ့လာရကတည်းက၊ နောင်မင်းလွင်ရဲ့ခြေလှမ်းတွေ သော့်ဆီ သိသိသာသာ ဦးတည်လာကတည်းက 'နောင်မင်းလွင်ရဲ့ ဘယ်နှစ်ယောက်မြောက်လေးလဲ' ဆိုတဲ့ တီးတိုးသံတွေ၊ ဝိုင်းပြီးစူးစမ်း နေကြတဲ့မျက်လုံးတွေကို သော် ရင်ဆိုင်ခဲ့ရတယ်။

အခုတော့ မော်တွန်းထိန်းဆီ ရောက်ရတဲ့အထိ လူသိရှင်ကြား ဖြစ်သွားရပြီ။ သူ့လို ရည်းစားအရမ်းရှုပ်တဲ့၊ နာမည်ဆိုးနဲ့ ဟိုးဟိုးကျော်နေတဲ့သူနဲ့မှတွဲပြီး နာမည်ကြီးသွားရတဲ့ အဖြစ်။ ဘယ်လောက်တောင်များ ခံပြင်းစရာကောင်း လိုက်သလဲ။

"လမ်းဖယ်ပေး"

သော့်အသံ အေးစက်နေတယ်။ အခုအချိန် သော် သူ့ကိုမတွေ့ချင်ပါ။ သော့်ကို ဝိုင်းပြီး စူးစမ်းနေကြတဲ့ အကြည့်တွေကိုလည်း ရင်မဆိုင်ချင်ပါ။ ဒါကြောင့်လည်း အတန်းမတက်တော့ဘဲ အိမ်ပြန်ဖို့ ဆုံးဖြတ်ခဲ့တာ။ အခုတော့ သူက သော့်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ။



"မဖယ်ဘူး သော်သော်။ ဒီကိစ္စကို ကျွန်တော် ရှင်းရမှ ဖြစ်မယ်။ ခဏလေးပဲ နားထောင်ပေးပါ"

သူကလည်း အလျှော့ပေးမယ့်ပုံ မပေါ်။

"နောင်မင်းလွင်. . . ဖယ်နော်။ ကျွန်မ တစ်ခုခုလုပ်မိလိမ့်မယ်နော်"

သော့် အသံနှုန်းကလည်း ဗိုမြင့်လာပြီ။

"မဖယ်ဘူး။ ဖယ်လို့မဖြစ်ဘူး သော်သော်။ ကျွန်တော့်ကို ရိုက်ချင်ရင်လည်း ရိုက်လိုက်။ ကျေကျေနပ်နပ်ကြီး ခံလိုက်မယ်။ ဒါပေမယ့် ကျွန်တော် ရှင်းပြတာကိုတော့ နားထောင်ပေးပါ"

သော့်ကို ရဲရဲဝံ့ဝံ့နဲ့ ပြန်စိုက်ကြည့်နေတဲ့ နောင်မင်းလွင်ရဲ့ မျက်ဝန်းတွေက ကြိတ်မှိတ်မျိုသိပ်ထားရတဲ့ သော့် ဒေါသကို လှုပ်နိုး လိုက်ပြီ။ အသိစိတ်ကလည်း ထိန်းချုပ် လို့မရချင်တော့။ သော် မသိလိုက်ခင်မှာပဲ သော့် လက်တစ်ဖက်က လေထဲကို မြောက်တက်သွားပြီ"

"ကျေနပ်မယ်ဆို ရိုက်လိုက်ပါ သော်သော်"

သူ့အသံထဲမှာ တုန်လှုပ်မှုမပါ။ အကြည့်လည်းမလွှဲ။ သော့်ကိုစိုက်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေထဲမှာလည်း နားလည်ရခက်တဲ့အရိပ်တွေ ဖြတ်ပြေးနေတယ်။ ဂုဏ်ယူဝံ့ကြွားနေတဲ့ အရိပ်အယောင်လည်း မတွေ့။ ကျေနပ်အားရနေတဲ့ အရိပ်အငွေ့လည်း

မဟုတ်၊ လှောင်ပြောင်လိုတဲ့ သဘောလည်း မသက်ရောက်။ တစ်ခုခုကို ပြောချင်နေသလိုလို . . .။ သူ့မျက်ဝန်းတွေက အသက်ဝင်နေသလိုလို. . .။

ရှုယ်ထားမိတဲ့ သော်လက်ဖဝါး လေးက တဆတ်ဆတ်တုန်လာတယ်။

"သော်. . နင် စိတ်ထိန်းစမ်း။ လမ်းမကြီးမှာနော်"

"မိသော်. . လူတွေနဲ့နော်"

လွန်းနဲ့ ဖြူက ခပ်ကြိတ်ကြိတ်လေး သတိပေးရင်း သော့်လက်ကို လှမ်းဆွဲထားကြတယ်။ ဒီတော့မှ သောပတ်ဝန်းကျင်က စူးစမ်းနေကြတဲ့ အကြည့်တွေကို သော် သတိပြုမိလိုက်ပြီး ပတ်ပတ်လည်မှာ ကျောင်းသားတွေ မနည်းပါလား။

သော့် ပါးမို့မို့လေးတွေ ချက်ချင်း နီရဲသွားသလို မျက်ဝန်းတွေထဲမှာလည်း မျက်ရည်ကြည်တွေ ဝဲတက်လာပြီ။ သူ့ကို ရှောင်ပြီး အထွက်မှာ

"သော်သော်. . ."

သော့်ရှေ့မှာ ဒုတိယအကြိမ် ဝိတ်ရပ်လိုက်ပြန်တယ်။

"နောင်မင်းလွင် ရှင် အရမ်းလွန်နေပြီ။ အခုရော ရှင် ဘာထပ်ပြီး အရှက်ခွဲဦးမလို့လဲ"

ရှက်စိတ်ကြောင့် သော့် အသံတွေ လည်း သိသိသာသာ တုန်ယင်လာတယ်။

"မဟုတ်ဘူး သော်သော်။ ကျွန်တော် သော်သော့်ကို အရှက်ခွဲဖို့လာတာ မဟုတ်ဘူး။ အထင်လွဲနေတာကို လာရှင်းပြတာ။ အဲ့ဒီစာကိစ္စကို ကျွန်တော်လုံးဝ မသိဘူး။ ကျွန်တော် ချောက်ချခံရတာပါ"

အသည်းအသန်ငြင်းနေတဲ့ သူ့ကို စိမ်းစိမ်းကားကား ကြည့်လိုက်မိတယ်။

"ရှင်ဘာပဲပြောပြော ကျွန်မ မယုံဘူး။ ရှင့်ကို ဘယ်သူပဲချောက်ချချ ကျွန်မ စိတ်မဝင်စားဘူး။ ကျွန်မဘဝမှာလေ ယောကျ်ားတစ်ယောက်နဲ့ ပတ်သတ်ပြီး အစော်ကားခံရတာက ဒါပထမဆုံးပဲ။ ကျွန်မကို အရှက်ရစေခဲ့တာ ရှင်ပဲ နောင်မင်းလွင်။ ဒီနေ့ ကိစ္စကို ကျွန်မ ဘယ်တော့မှ မမေ့ဘူး"

"ကျွန်တော်က သော်သော့်ကို ထိခိုက်အောင်၊ အရှက်ရအောင် လုပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့တဲ့ကောင်ပါ။ သော်သော်



စိတ်ကျေနပ်အောင် ဘာလုပ်ပေးရမလဲ။ ကျွန်တော့်ကို ရိုက်ချင်လည်း ရိုက်ပစ်လိုက်ပါ။ ဒါပေမဲ့ ဒီကိစ္စက ကျွန်တော့်လက်ချက် မဟုတ်တာကိုတော့ ယုံကြည်ပေးပါ"

ဒီပြဿနာကနေ အလွတ်ရုန်းချင်တာလား။ လှည့်ကွက်ဆန်းထွင်နေတာလား။ ဒီလို အခြေအနေမျိုးနဲ့ကြုံနေရတာတောင် သော်က သူ့ကိုပြန်ပြီး နားလည်ပေးရမယ်တဲ့လား။ သူ့ကို ယုံကြည်ပေးရမယ်တဲ့လား။ သော့်ဘက်ကို နည်းနည်းမှတောင် ငဲ့ကြည့်မပေးတတ်တဲ့သူပဲ။

အံ့ဩလိုက်တာ။

"ရှင်က ရှင်ဖြစ်စေချင်တာကိုပဲ သိတဲ့သူပဲ။ ကိုယ့်ကိုကိုယ်ပဲ ကြည့်တတ်တဲ့သူပဲ။ ရှင့်အပြစ် မရှိဘူးလို့ ထင်နေတဲ့သူပဲ။ ရှင့်အပြုအမူကြောင့်၊ ရှင့်ပယောဂကြောင့် မိန်းကလေး တစ်ယောက် ဘယ်လောက်တောင် အရှက်ရသွားမလဲ မတွေးပေးတတ်ဘူး မဟုတ်လား။ အင်းလေ . . . ဟုတ်မှာပါ။ ရှင်က မိန်းကလေးတွေကို တန်ဖိုးမထားတတ်တဲ့ နောင်မင်းလွင်ပဲ။ ရှင့်လို လူနဲ့ စကားပြောနေမိတာကိုက ကျွန်မအမှားပဲ"

စိတ်နာနာနဲ့ ပြောနေရင်းနဲ့ပဲ သော့်အသံတတိမ်ဝင်သွားတယ်။ မျက်ရည် တစ်စကလည်း တားဆီးမရဘဲ စီးကျလာမိပြီ။ သော့်ကို ငြိမ်ပြီး စိုက်ကြည့်နေတဲ့ သူ့ကို တွန်းဖယ်ပြီး အထွက်မှာ။

"ကျွန်တော် မိန်းကလေးတွေကို တန်ဖိုးမထားတတ်ခဲ့ဘူး။ ဟုတ်တယ်။ ဒါပေမယ့် အဲ့ဒီ မိန်းကလေးတွေထဲမှာ တစ်ယောက်တော့ မပါဘူး။ တစ်ယောက်ကတော့ ကျွန်တော့် စိတ်ရင်းအမှန်ပဲ၊ အဲ့ဒီတစ်ယောက်က

ရှင်က ရှင်ဖြစ်စေချင်တာကိုပဲ သိတဲ့သူပဲ။ ကိုယ့်ကိုကိုယ်ပဲ ကြည့်တတ်တဲ့သူပဲ။ ရှင့်အပြစ် မရှိဘူးလို့ ထင်နေတဲ့သူပဲ။ ရှင့်အပြုအမူကြောင့်၊ ရှင့်ပယောဂကြောင့် မိန်းကလေး တစ်ယောက် ဘယ်လောက်တောင် အရှက်ရသွားမလဲ . . .

---

. . . သော်သော်ပဲ"

သူ့အသံက ခပ်တိုးတိုး။

"ကျွန်မကို ထိခိုက်စေချင်တဲ့ စိတ်ရင်းလား။ တော်စမ်းပါ"

ဒီလို အနေထားမှာတောင် ပြော ထွက်လာတဲ့ သူ့ကိုငဲ့ကြည့်ရင်း တဆတ်ဆတ် တုန်ယင်နေတဲ့ နှလုံးသားက ကျဉ်ကနဲ ဖြစ်သွားပြီ။

"သော်သော့်ဆီက အဖြေကိုရတဲ့ အထိ ကျွန်တော်ကြိုးစားမှာပါ"

လေးနက်သယောင်ဖြစ်နေတဲ့ သူ့ မျက်လုံးတွေကနေ အကြည့်အလွဲမှာ မာန မျက်ရည်တွေက ဗိုးဗိုးပေါက်ပေါက် ကျလာခဲ့ပြီ။ မျက်ရည်စတွေကို ခပ်ကြမ်းကြမ်းပွတ်သပ်ပစ်လိုက်ရင်း . . . .

"တသက်လုံး မမျှော်လင့်နဲ့"

(၃)

"အဲ့ဒါ ဟိုကောင်မလေး ရတနာ မွှေတာကွ။ မင်းကို လက်စားချေတာ"

အတိအကျရလာတဲ့ သတင်းအရ တရားခံအစစ်က 'ရတနာ' ဆိုတဲ့ကောင်မလေး

ရတနာဆိုတာက ချစ်သူများနေမှာ ကျွန်တော့်ကို လက်ဆောင်လာပေးသွားတဲ့ ရဲတင်းလွန်းတဲ့ ကောင်မလေး။ ကျွန်တော်က သူ့လက်ဆောင်ကို ကြော်ငြာပုံးထဲမှာ သွားပြန်ထည့်ရင်း ပိုင်ရှင်ပြန်လာယူဖို့ စာရေးပြီး ကပ်ထားခဲ့လိုက်တယ်။ ဒီအတိုင်း ပြန်ပေးလို့မှ မရခဲ့ပဲ။

"မင်းလက်နက်နဲ့ မင်းကို ပြန်ဆော်တာကွ"

အဲ့ဒီနေ့က သူ့ပစ္စည်းကို ပြန်လာယူရင်း နာနာကျည်းကျည်းနဲ့ ကြည့်သွားတဲ့ ရတနာ့ရဲ့ အကြည့်တွေကို သတိထားခဲ့မိပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပြီ။ အခုတော့ တည်ငြိမ်ချင်ယောင်ဆောင်နေတဲ့ ရေပြင်က 'ဂယက်' တင်မကဘဲ 'လှိုင်းတံပိုး' ပါထလာခဲ့ ပြီ။

"ငါ မွေးခဲ့တဲ့မီးပဲလေ"

ခပ်တိုးတိုး ရေရွတ်မိတယ်။ ပြဿနာကို စိတ်လိုက်မာန်ပါ ဖြေရှင်းခဲ့မိတဲ့ ရလာဒ်ကြောင့် ကိုယ်တန်ဖိုးထားရတဲ့သူကိုပါ ထိခိုက်စေခဲ့မိပြီ။ သူ့ရဲ့နာကျည်းမှုတွေကို ခံခဲ့ရပြီ။ ဒေါသကြောင့် တဆတ်ဆတ်တုန်ရင်း မျက်ရည်ကြည်တွေဝဲနေခဲ့တဲ့ သော်သော့်မျက်ဝန်းတွေကို ပြန်မြင်လာတော့ ရင်ထဲမှာ မွန်းကြပ်လာတယ်။ 'တစ်သက်လုံး မမျှော်လင့်နဲ့' ဆိုတဲ့ စကားကိုလည်း အကြိမ်ကြိမ် ပြန်ကြားနေမိတယ်။

နောင်တဆိုတဲ့အရာက မထင်ရလောက်အောင်ကို ခါးသက်လွန်းတာပါလား။

"ဟေ့ကောင်. . . ငိုင်လှချည်လားကွ။ ဒီကျောင်းထဲမှာ မင်းမွှေခဲ့တဲ့ ပြဿနာတွေက မင်းထားခဲ့တဲ့ ကောင်မလေးတွေနဲ့ အတူတူလောက်ပဲ။ လက်ချိုးရေလို့တောင် မရဘူး။ ဒါပေမယ့် မင်းကို အခုလိုပုံစံနဲ့တော့ ငါတို့မမြင်ဖူးသေးဘူး"

ကျွန်တော် အရုပ်ကြိုးပြတ်သလို ငြိမ်နေတာကို ကြည့်ရင်း ကျော်စွာက မှတ်ချက်ချတယ်။

"အေး. . .ဟုတ်တယ်။ ငါ သတိထား



မိသလောက်တော့ ဒီကောင် အချိုးပြောင်းနေတာကြာပြီ။ သော်သော်နဲ့ တွေ့ပြီးကတည်းက ဒီကောင် ဘယ်ကောင်မလေးကိုမှ စိတ်မဝင်စားတော့တာ။ လုံးဝငြိမ်နေတာ။ နောင်မင်းလွင်. . . မင်း ပွင့်ပွင့်လင်းလင်း ပြောစမ်းကွာ။ မင်း သော်သော့်ကို အတည်လား"

စိုင်းညီက မေးလာပြီ။ ဒီသူငယ်ချင်းတွေကို ဖုံးကွယ်ဖို့ စိတ်ကူး ကျွန်တော့်မှာ လုံးဝမရှိ။

"ဟုတ်တယ်။ အတည်ပဲ။ သူနဲ့ ပတ်သက်လာရင် ဒီနေရာက လှုပ်ရှားမှုတွေက ပုံမှန် မဟုတ်တော့ဘူး"

ကျွန်တော့် လက်ဝဲဘက်ရင်အုံကို ညွှန်ပြရင်း ပြောလိုက်တော့ နှစ်ယောက်သား ငြိမ်ပြီး ကြည့်နေကြတယ်။

"နောက်ပြီး သူ့မျက်ရည်ကျတာမြင်တော့ ငါ ဘယ်လိုမှ မခံစားနိုင်တော့ဘူး"

ကျွန်တော့် စကားအဆုံးမှာ ကျော်စွာက ခေါင်းယမ်းတယ်။

"သွားပြီ။ မင်းတော့ လုံးဝ သွားပြီပဲ"

မြင်လိုက်တိုင်းမှာ အပြုံးချိုချို လေးနဲ့ အေးအေးလေးနေတတ်တဲ့၊ ပြင်ပြင် ဆင်ဆင် ခြယ်ခြယ်သသ မရှိတဲ့ အနီးခံအလှနဲ့ အဲ့ဒီ ကောင်မလေးက ထင်ထားတာထက်ပိုပြီး ခေါင်းမာတတ်တဲ့ ကောင်မလေးပဲ။ သူ ကျွန်တော့်ကို ယတိပြတ်ငြင်းပယ်ခဲ့တာ၊ လုံးဝ အတွေ့မခံတော့တာကို တစ်ကျောင်းလုံးလည်း သိကုန်ကြပြီပဲ။

ဒီသတင်းကလည်း တစ်ကျောင်းလုံးမှာ ရေပန်းအစားဆုံးသတင်း ဖြစ်နေခဲ့ပြီပဲ။

"ငါတို့လည်း သော်သော့်ကို သွားရှင်းပြပြီးပြီ။ ဒီစာကိစ္စက မင်းလက်ချက် မဟုတ်မှန်း သိသွားတာတောင် သူကတော့ မင်းကို လုံးဝခါခါးသီးသီးပဲ။ ဒီကျောင်းမှာ မင်းကို ငြင်းပယ်တာဆိုလို့ သူတစ်ယောက်ပဲ ရှိသေးတယ်။ မင်းကလည်း သူ့မှ အတည်ဆိုရင်တော့။ သေချာတယ် နောင်မင်းလွင်။ မင်း ဝဋ်လည်ပြီပဲ"

စိုင်းညီရဲ့ စကားကြောင့် ကျွန်တော် ပြုံးမိတယ်။ သေချာပါတယ်။ ကျွန်တော် ပွေခဲ့ရှုပ်ခဲ့သမျှ လှလှပပကြီးကို ဝဋ်လည်တော့မှာပါ။

"မင်း ပြုံးနိုင်သေးလား"

"ပြုံးရမှာပေါ့။ ဇာတ်လမ်းက အစမှစမှာလေ။ ဝဋ်လား၊ လည်စမ်းပါစေကွာ။ မိန်းကလေးတွေကို တန်ဖိုးမထားတတ်ဘူးလို့ သူ စွပ်စွဲခဲ့တဲ့ နောင်မင်းလွင်ရဲ့ ရာဇဝင်ကို ငါ ကားစင်တင်ပစ်လိုက်ပြီ။ အခုချိန်ကစပြီး ငါ့နှလုံးသားရဲ့ စေစားရာအတိုင်း ရိုးရိုးသားသားပဲ နေသွားတော့မယ်။ ငါ သူ့အချစ်ကို ရအောင်ကြိုးစားတော့မယ်။ လုံးဝ လက်မလျှော့ဘူး။ မင်းတို့ စောင့်ကြည့်ကြ။ ငါ့ဘက်က အခုမှ တကယ်စမှာကွ"

အသာခေါင်းယမ်းနေကြတဲ့ သူငယ်ချင်းနှစ်ယောက်ကို ကျွန်တော် လျစ်လျူရှုထားလိုက်တယ်။ ကျွန်တော် ယုံကြည်တယ်။ ကျွန်တော် နှလုံးသားရဲ့ ပထမဆုံး ရိုးသားမှုအတွက် ထိုက်တန်တဲ့ ဆုလာဘ်တစ်ခုကိုတော့ ပြန်ရနိုင်မှာပါ။ ကျွန်တော့်နှလုံးသားကို သူ မြင်နိုင်တဲ့တစ်နေ့မှာ အသွားအပြန်ဆိုတဲ့ နိယာမကလည်း နိုးထလာမှာပါ။

အဲ့ဒီနေ့ကို . . . ကျွန်တော် အဲ့ဒီနေ့လေးကို စောင့်နေရုံပေါ့ဗျာ။

**တောင်းတင်မေ**
**(စီးပွားရေးတက္ကသိုလ်)**



# အလေးထားဖြေရှင်းရမယ့် ကလေး အလုပ်သမား ပြဿနာ

သွေး(စစ်ကိုင်း)

ဧပြီလ (၁)ရက်နေ့မှာ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရ ပေါ်ပေါက်လာတာနဲ့အတူ မျှော်လင့်ချက်တွေလည်းပိုများလာပါတယ်။ လူဝင်မှုကြီးကြပ်ရေးနဲ့ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် အလုပ်သမား အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနကို ပူးပေါင်းလိုက်ပြီး အလုပ်သမားတွေရဲ့ ရပိုင်ခွင့်တွေကို ပိုမိုဖော်ဆောင်သွားဖို့ အလားအလာတွေ တွေမြင်နေရပါတယ်။

အလုပ်သမားလို့ပြောလိုက်ရင် လူအများစုက စက်ရုံ အလုပ်ရုံတွေမှာ အလုပ်ဝင်လုပ်နေကြတဲ့ အသက် ၁၈ နှစ်ပြည့်ပြီးသူတွေကိုပဲ

တယ်လို့ ယူဆမိပါတယ်။

တရိပ်ရိပ်မြင့်တက်နေတဲ့ကုန်ဈေး နှုန်း၊ မြင့်မားလှတဲ့နေထိုင်စရိတ်၊ ဆင်းရဲမွဲတေမှု ဆိုတဲ့ အကြောင်းတွေက ကလေးတွေကို အလုပ် လုပ်ဖို့ အခြေအနေတစ်ခုထဲ တွန်းပို့နေပါတယ်။ ကျွန်မတို့ ဒီလိုစဉ်းစားရအောင် ပါ. . . အဖေ၊အမေ နဲ့ ကလေးသုံးယောက် ရှိတဲ့ အခြေခံလူတန်းစား မိသားစုတစ်စုမှာ တစ်လဝင်ငွေ နှစ်သိန်း လောက်နဲ့ ဘယ်လိုမှ မရပ်တည်နိုင်ပါဘူး။ ခပ်ညှိ့ညှိ့ဆန်နဲ့ ငါးပိရည်



မောင်ရဲ့သူအောင်လိုဘဲ ဘီယာဆိုင်တွေမှာ ညနေဘက် အမြည်းလိုက်ရောင်းရတဲ့ ကလေးတစ်ယောက်ကို တွေ့ခဲ့ပါသေးတယ်။ လက်ဘက်၊ ငါးခြောက်ကြော်၊ မြေပဲပြုတ် စတာတွေကို ဗန်းလေးနဲ့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်ရောင်းပြီး မိသားစု ဝမ်းရေးကို ဖြေရှင်းပေးနေရတဲ့ ကလေးပါ။ အဲဒီကလေးတွေကို အလုပ်မလုပ်ဖို့ တစ်ယောက်ယောက်က ပြောလာရင်. . . .

မြင်ယောင်ကြမှာပါ။ ဒါပေမယ့် အသက် ၁၈ နှစ်လည်းမပြည့်၊ ပညာလည်းဆုံးခန်းတိုင် အောင် မသင်ရဘဲ အလုပ်လုပ်နေရတဲ့ကလေး တွေ အများကြီးရှိပါတယ်။ ဒီလို ကလေးတွေ အတွက် အစိုးရသစ်လက်ထက်မှာ ထိရောက်တဲ့ ဥပဒေတွေထုတ်ပြန်ပြီး ကာကွယ်ပေးသင့်

တို့စရာနဲ့ပဲစားဦးတော့ စားသောက်ဖို့ကုန်ကျ စရိတ်ဟာ အနည်းဆုံး တစ်နေ့သုံးထောင်ကျပ် ခန့်ရှိပါတယ်။ နေထိုင်ဖို့အိမ်ငှားခကလည်း ဆင်ခြေဖုံးမှာတောင် တစ်လ တစ်သိန်းဝန်း ကျင်ပေးရပါတယ်။ အဲလိုဆိုရင် ကလေးသုံး ယောက်လုံးကို ကျောင်းထားနိုင်ဖို့ မိဘတွေဟာ

တော်တော်လေး ရှုန်းကန်ရပါလိမ့်မယ်။ အထက်တန်းအထိ အခမဲ့ ပညာရေးဆိုပေမယ့် တခြားကုန်ကျ စရိတ်တွေ ရှိနေပါသေးတယ်။

စာတော်တဲ့ သား၊ သမီးတစ်ယောက် နှစ်ယောက်လောက်ကိုပဲ ကျောင်းထား၊ ကျန်တဲ့ကလေးကို ကျောင်းထွက်ခိုင်းပြီး လက်ဘက်ရည်ဆိုင်၊ ဘီယာဆိုင်၊ စားသောက်ဆိုင်တွေမှာ အလုပ်လုပ်ခိုင်းတဲ့ဘဝရောက်ပါတော့တယ်။ အဲဒီဆိုင်တွေမှာ ကလေးတွေဟာ နေစရာ၊ စားစရာရတာကြောင့် သူတို့ရတဲ့လခကို မိဘတွေဆီပေးနိုင်ပါတယ်။ ရေတိုအတွက် အဆင်ပြေပေမယ့် ရေရှည်မှာ ကလေးတွေရဲ့ အနာဂတ် ပျောက်ဆုံးသွားပါတယ်။

သူများကလေးတွေ ကားကြီး၊ ကားကောင်းတွေစီးပြီး ကျောင်းတက်နေတဲ့အချိန်၊ လေအေးပေးစက် တပ်ဆင်ထားတဲ့အခန်းထဲ စာကျက်နေတဲ့အချိန်မှာ ကလေးအလုပ်သမားတွေဟာ အလုပ်ရှင်တွေရဲ့ အငေါက်အငန်းခံပြီး စားပွဲထိုးရပါတယ်။ တချို့ကလေးတွေကျတော့ ကျောက်စရစ်သယ်တဲ့ဆီမှာ အလုပ်လုပ်ရသလို တချို့ကလေးတွေကျ ရေသန့်ဘူးပို့တဲ့ဆီမှာ အလုပ် လုပ်ရပါတယ်။ ကျွန်မ (၄၁) လမ်းမှာနေထိုင်ခဲ့စဉ်က ရေသန့်ဘူးပို့တဲ့မောင်ရဲသူအောင်ဟာ အသက် ၁၂ နှစ်ပဲ ရှိပါသေးတယ်။ ဒီကလေးက လိမ္မာယဉ်ကျေးသလို စာဖတ်တာလည်း ဝါသနာပါတယ်။ သူ့ဇာတိက ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ဖြစ်ပြီး နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့မိသားစုထဲက ကလေးတစ်ယောက်ပါ။ သူ့ဖခင်ကွယ်လွန် သွားပြီးတဲ့နောက် အကြီးဆုံးဖြစ်တဲ့သူက ပညာကို ပြီးဆုံးအောင် မသင်နိုင်တော့ဘဲ ရန်ကုန်မှာ လာအလုပ် လုပ်ရတာပါ။ သူရတဲ့လခ ငါးသောင်းကို အိမ်ကိုလစဉ် ပို့ရတယ်လို့ သူက ရှင်းပြပါတယ်။

မောင်ရဲသူအောင်လိုဘဲ ဘီယာဆိုင်



တွေမှာ ညနေဘက်အမြည်းလိုက်ရောင်းရတဲ့ ကလေးတစ်ယောက်ကို တွေ့ဖူးပါသေးတယ်။ လက်ဘက်၊ ငါးခြောက်ကြော်၊ မြေပဲပြုတ် စတာတွေကို ဗန်းလေးနဲ့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လိုက်ရောင်းပြီး မိသားစုဝမ်းရေးကို ဖြေရှင်းပေးနေရတဲ့ ကလေးပါ။ အဲဒီကလေးတွေကို အလုပ်မလုပ်ဖို့ တစ်ယောက်ယောက်က ပြောလာရင် သူတို့မိဘတွေကိုယ်တိုင်က လက်ခံမှာ မဟုတ်ပါဘူး။

မေးစရာရှိတာက ကလေးအလုပ်သမားတွေကို အလုပ်ရှင်တွေဘက်က တရားဝင်ခိုင်းစေခွင့် ရှိသလားဆိုတာပါပဲ။ ကလေးအလုပ်သမားတစ်ယောက်ရဲ့ အသက်က အနည်းဆုံး ၁၄ နှစ်ပြည့်ပြီး ဖြစ်သည့်ပြင် သက်ဆိုင်ရာလုပ်ငန်းခွင်မှာ အလုပ်လုပ်နိုင်ကြောင်း ဆရာဝန် ထောက်ခံချက်လက်မှတ်ပါ ဖို့လိုပါတယ်။ ဒါ့အပြင် တစ်နေ့မှာ အလုပ်ချိန် (၄) နာရီပဲ ခိုင်းစေခွင့်ရှိပါတယ်။

လက်တွေ့မှာတော့ ကလေးအလုပ်သမားတွေဟာ မိုးလင်းကနေ မိုးချုပ် ပင်ပင်ပန်းပန်းလုပ်ကိုင်နေတာကို တွေ့နေရတာ စိတ်မချမ်းမြေ့စရာပါ။ သူတို့ဟာ တစ်နေ့မှာ (၁၀) နာရီနဲ့အထက် အလုပ် လုပ်နေရသလို ထိုက်သင့်တဲ့လစာလည်း မရပါဘူး။ ကုလသမဂ္ဂက ထုတ်ပြန်တဲ့ 2014 UN Survey မှာ မြန်မာ နိုင်ငံမှာရှိတဲ့ အသက် ခုနစ် နှစ်ကနေ ၁၆ နှစ် ကြား ကလေးတွေရဲ့ သုံးပုံ တစ်ပုံဟာ အလုပ် လုပ်နေကြရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဗြိတိန်နိုင်ငံအခြေစိုက် Maple croft Consult ရဲ့ ၂၀၁၂ ခုနှစ် အညွှန်းကိန်းတွေအရ မြန်မာနိုင်ငံဟာ ကမ္ဘာ ပေါ်မှာ ကလေးအလုပ်သမား ပြဿနာဆိုးရွားစွာရှိနေတဲ့ နိုင်ငံတွေစာရင်းထဲမှာ ပါဝင်နေဆဲ ဖြစ်ပါတယ်။

နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှေးကွေးနေသရွေ့၊ လူတန်းစားကွာဟမှု ကြီးမားနေသရွေ့ ကလေးအလုပ်သမားတွေဆက်ရှိနေဦးမှာပါပဲ။ ဒါကြောင့် ရန်ကုန်အပါအဝင် မြို့တွေမှာ မိသားစုအလိုက်လုပ်ကိုင်နိုင်တဲ့ တစ်နိုင်တစ်ပိုင်အလုပ်တွေ ဖန်တီးပေးသင့်ပါတယ်။ လိုအပ်တဲ့ငွေကို နိုင်ငံတော်က ထုတ်ချေးပေးပြီး မိသားစုဝင်ငွေ မြင့်မားလာအောင်လုပ်ဆောင်ပေးနိုင်ရင် ဘယ်မိဘကမှ ကိုယ့်ကလေးကို အပြင်ထွက် အလုပ်လုပ်ခိုင်းမှာ မဟုတ်ပါဘူး။

နေထိုင်စရာ အခက်အခဲက ကလေးအလုပ်သမားတွေကို လုပ်ငန်းခွင် ရောက်စေတဲ့ အချက် တစ်ချက်ဖြစ်တာကြောင့် နိုင်ငံတစ်ဝန်းမှာ တန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပေးသင့်ပါတယ်။ စားဖို့ နေဖို့ အဆင်ပြေနေရင် ကလေးအလုပ်သမား အရေအတွက် လျော့နည်းသွားပြီး သူတို့အတွက် ပညာသင်ယူခွင့်ပိုရလာမှာပါ။

နိုင်ငံသူ/ နိုင်ငံသားတွေထဲမှာ ကလေးတွေ ထိပ်ဆုံးကပါဝင်နေတာကြောင့် ကလေးအလုပ်သမားပြဿနာကို ပေါ့ပေါ့တန် တန် သဘောမထားဘဲ ဖြေရှင်းတာဝန်ယူဖို့လိုအပ်နေပါကြောင်း တိုက်တွန်းလိုက်ပါတယ်ရှင်။

**သွေး (စစ်ကိုင်း)**

"...အရင်းအနှီးအတွက် အဓိက အကျဆုံး ဦးစားပေးဆိုတာ အလုပ်သမားပဲ ဖြစ်တယ်။ အလုပ်သမားဟာ အရင်းအနှီး အတွက် ဦးစားပေးဖြစ်ပါမှ အရင်း (Capital) ဟာ လွတ်လပ်မယ်၊ အနှိပ်အစက်ကင်းမဲ့မယ်။ အရင်းဆိုတာ အလုပ်သမားရဲ့ အသီးအပွင့်၊ ထွက်ပေါ်ရာ အကျိုးအမြတ်ပဲဖြစ်တယ်။

# ပညာမြစ်ဖျား၏ စိတ်ကူးစံများ

## အဝပျိုးခြင်းနှင့် အလုပ်ရှင်မြင့်အင်အားစု

မင်းတာင်

အလုပ်သမားကို အရင်းကျကျ မတည်ဆောက် နိုင်ရင် အရင်းဆိုတာလည်း မဖြစ်လာနိုင်ဘူး [illegible] အလုပ်သမားသမား အရင်းရဲ့အကြောင်း [illegible] ပြီးတော့ [illegible] ထိုးထားနိုင်ခဲ့ကြတယ်"


[illegible] ဆယ်စုနှစ် [illegible] ဆိုင်ရာ [illegible] (၁၈၆၀ ခုနှစ်၊ [illegible] ၄ ရက်) [illegible] ၂၀ ရာစု [illegible] . . . [illegible]



အဆောက်အဦတွေထဲ မနားမနေ လှုပ်ရှားနေကြသော လူအုပ်စုကြီးတွေကို ဆိုလိုသည်ဟု မှတ်ယူနေကြရဆဲဆိုလျှင် ထိုနိုင်ငံ ရာစုနှစ်စုလောက် ခေတ်နောက်ကျနေပြီဟုပဲ ပြောရတော့မည်။ ပို့စ်မော်ဒန်ခေတ်၊ အိုင်တီခေတ်၊ နည်းပညာကြီးစိုးသော ဆက်သွယ်ရေးခေတ်၊ ၂၁ ရာစု ပညာရပ်များ ထွန်းကားရာ ကမ္ဘာက ဒီးနိုးတိတ်စက်ရုံကြီး တွေဖြင့် တိတ်တဆိတ် ပြောလှုပ်နေပြီ။ လေအေးပေးစက်ဖွင့်ပြီး စက်ခလုတ်ခုံတွေ ကိုင်တွယ်မောင်းနှင်၍ ကွန်ပျူတာထဲ Data Base ထည့်သွင်း၊ ထိန်းချုပ်ခန်းထဲမှာ အသံမထွက်သော ပရင်တာနှင့် မော်နီတာ ဖန်သားပြင်ပေါ်မှာ ဒီဇရောင်တွေကိုစစ်ဆေး ကန်တင်းမှာ ကော်ဖီသောက်ချိန် ယနေ့ည ဘယ်ဆိုင်ကို သွားကြရင်ကောင်းမလဲ တိုင်ပင်နေကြသူများ။

တစ်ချိန်တည်းမှာ ဘဏ်စနစ်ထဲ အလုပ်သမား လုပ်ခလစာတွက်ချက်မှုနှင့် လူမှုဖူလုံရေး အသုံးစရိတ်တို့ မျှခြေညီ မညီ အစိုးရဌာနကြီး၏ အရာရှိငယ်တစ်ဦးပင် ဒေသဆိုင်ရာအလိုက် သုံးသပ်နေ၏။ လူလတ်တန်းစားအလွှာတို့၏ ပြယုဂ်ဖြစ်သော ၂၁ ရာစုနှင့်လိုက်လျောညီထွေညီ အဆင့်မီတိုက်ခန်းကျယ်တွေရှေ့ ဂျပန်နိုင်ငံလုပ် မော်ဒယ်မြင့်ကားတွေ ရပ်နားရာထားပါတယ်။ ထိုထဲမှာ မြေအောက် Basement ဝန်ထမ်းတချို့၏ ကားများ နေပူဆာလှုံငြိမ်သက်နေကြ၏။

စက်မှုထုတ်ကုန်များအပြင် ဝန်ဆောင်မှုပါတွဲလုပ်သော အင်တာပရိုက်စ်တစ်ခု၏ ဆင်ဒီကိတ်ရုံးခန်းတစ်ခန်းထဲမှာ ဒါရိုက်တာဘုတ်အဖွဲ့အကြီးအကဲ၊ လုပ်ငန်းခွဲတစ်ခုမှ အမှုဆောင်အရာရှိချုပ်၊ အစိုးရ၏ အရာရှိကြီး



တစ်ဦး၊ လုပ်သားနှစ် ထောင်ကျော်ကိုယ်စားပြု အလုပ်သမားတစ်ဦး၊ ILO ကိုယ်စားလှယ် တစ်ယောက်၊ လက်ထောက်စာရေးမ တစ်ယောက်တို့ ပြုံးရွှင်ရယ်မော စည်းဝေးထိုင်နေကြ၏။ မနေ့ကပဲ သဝိတ်လှန်ခဲ့အပြီး မှုမှုတာတာ ရရှိခဲ့ကြသော ညှိနှိုင်းချက်အခြေများ အကြောင်း ထပ်ဆင့်သုံးသပ်နေကြတာ ဖြစ်သည်။ သူတို့အားလုံး မျက်နှာပေါ်မှာ တူညီသော အသီးအပွင့်တွေနှင့် ပီတိအပျော်တချို့ လင်းလက်နေ၏။ မိုင် ၅၀ လောက်ဝေးသော စက်ရုံထဲမှ အလုပ်သမားတွေ၊ နောက်ထပ်မိုင် ၂၀၀ လောက်ဝေးသောမြို့ကြီးတစ်မြို့၏ ဆိပ်ကမ်းနားမှာ ဖွင့်ထားသော ကုမ္ပဏီထဲမှ ဝန်ထမ်းတွေဆီ ထိုပီတိက ကူးစက်သွားသည်။ အားလုံးကောင်းနေသေးတာတော့ မဟုတ်။ အစိုးရအရာရှိအနေဖြင့် ဝန်ကြီးဌာနကို တင်ပြရဦးမည့် "ပိုမိုပြေပြစ်ကောင်းမွန်သော လူမှုဘဝများ" ဆိုင်ရာ စီမံကိန်း၏ အာဂျင်ဒါ အပိုဒ်ခွဲတစ်ခုနှင့် ပတ်သက်ပြီး ပြန်လှန် မေးခွန်းများကို တွက်ဆနေသည်။ လွှတ်တော်၏ အလုပ်သမားရပိုင်ခွင့်နှင့် စည်းစနစ်လုပ်ထုံးလုပ်နည်းများဆိုင်ရာ ကော်မတီ မှာ သုံးသပ်ချက်၊ ထောက်ခံချက်ပေးရမည် ဖြစ်၍ ကြိုတင်ကြားနာမည့်နေ့မတိုင်ခင် ပြင်ဆင်ချိန် ဘယ်လောက်ရမလဲ တွက်ဆနေရသေးသည်။ အလျဉ်မီပါသည်။ လိုအပ်လျှင် ကော်မတီက ဖွင့်ဆိုချက် ပညာရှင်တချို့ စေလွှတ်၍ အကြံပြုပေးမည်ဟု ကတိပြုထားပြီး ဖြစ်၏။ ပြီးလျှင်တော့ စွမ်းအင် (လျှပ်စစ်၊ ရေ) ပေးနေသော ကုမ္ပဏီတစ်ကို စာရင်းသွားစစ်နေသည့် ပုဂ္ဂိုလ် တစ်ချို့နှင့် တွေ့ဖို့ရှိသည်။ ထိုမှာလည်း အလုပ်သမားဖက်က၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး

**အကျိုးစီးပွား ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း**
**မှန်ဆိုးဆိုး ဖြစ်ရပ်တွေက နေရာတော်တော်**
**များများဝင်ယူ ပေါ်ပေါက်ခဲ့ပြီးမှ**
**တစ်ရက် ၈ နာရီ အနည်းဆုံး**
**လုပ်အားခ ကျပ် - ၃,၆၀၀/- မှ**
**တရားဝင် ဥပဒေပြဋ္ဌာန်းလာခဲ့၏....**

အရပ်ဘက်အဖွဲ့အစည်း တစ်ခုမှ၊ ခုံသမာဓိ ကောင်စီမှ ကိုယ်စားလှယ် တွေနှင့် ဆုံရဦးမှာပြီး အဆင်ပြေသွားမည်ကို ကြိုခန့်မှန်း၍ ရနေသည်။

အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဂျပန်၊ နော်ဝေ၊ ဆွီဒင်၊ ဂျာမနီ. . . ထိုနိုင်ငံများ အကြောင်းပြောနေ ခြင်း မဟုတ်ပါ။ ၂၀၁၂ ခုနှစ်လောက်က တောင်ကိုရီးယားတွေဆုံပွဲ တစ်ရပ်မှာ ပုံဖော်ပြသွား သည့် ပုံရိပ်တချို့ကို လေ့လာစောင့်ကြည့်ခဲ့သော လူမည်းအမျိုးသမီး (ကင်ညာနိုင်ငံမှ ဖြစ်၏) ၏ ရှင်းပြချက်များကို မလေးရှားတက္ကသိုလ် တစ်ခုမှ ကောလိပ်ကျောင်းသား ၂၀ လောက် နားထောင်နေကြခြင်း ဖြစ်၏။ သူတို့ထဲက ထိုင်းလူမျိုးကောင်လေး၊ ဖိလစ်ပိုင်မလေးနှင့် အင်ဒိုနီးရှားလေးတို့အတွက်တော့ သိပ်မဆန်း။ ဘွဲ့ရပြီးလျှင် ပြန်အကောင်အထည်ဖော်ဖို့ အိပ်မက်တွေက မိခင်နိုင်ငံမှာ အဆင်သင့် စောင့်နေသည်။ ထိုအထဲမှ မြန်မာနိုင်ငံသူ၊ ကရင် အမျိုးသမီးငယ်လေးကတော့ ရန်ကုန်က စက်မှုဇုန်တွေအကြောင်း စဉ်းစားရင်း ချွေးပြန်နေပါတော့သည်။ ခေါင်းထဲမှာတော့ စိတ်ကူးယဉ် အိပ်မက်တွေ တစ်ပြုံတမကြီးနှင့်. . .။

### ၁၂ နှစ်ကျော်ကြာပြီးသောအခါ

ကိုယ့်နိုင်ငံ "မြန်မာ" နှင့် ဦးတည် ဆက်စပ်ရေးနေသည်မို့ အောဘရာဟင် လင်ကွန်း၏ ကောက်နုတ်ချက်စကားကို 'တည်' ၍ ကြည့်မြင်ကြပါမည်။

ယနေ့ မြန်မာမှာ အလုပ်သမားကို အရင်း (Capital)၊ ထိုအရင်း၏ ထွက်ကုန် အသီးအပွင့်၊ ထိုအသီးအပွင့်ကို ဝေမျှခံစားခြင်း . . . . Sharing Prosperity . . . ဆိုသည့် အမြင်မျိုး ဘယ်လောက်ရှိသလဲ။ ဘယ်လောက်မှ မရှိ(သေး) လျှင်ရော ဘယ်လောက်ရှိလာစေဖို့ နယ်ပယ်အသီးသီးမှ ထည့်သွင်း၊ ထည့်ဝင်ပေါင်းစည်း (Added or To Add) ရန် လမ်းစရှိသလဲ။ အခြေ အနေနှင့် ရေခံမြေခံ ဘယ်အနေမျိုးမှာ ရှိပြီလဲ. . . .။ မဆုံးနိုင် သော မေးခွန်းတွေ ထွက်လာပါမည်။ ထို မေးခွန်းများကို ဒီအတိုင်းပဲထားခဲ့သည့် အချိန် ကာလများကား. . . .။ ရေတွက်ကြည့်လျှင် နည်းနည်းနောနော မဟုတ်။ ဟန်ပြလောက် လုပ်ခဲ့ချိန်တချို့ပဲရှိခဲ့သည်။ ယတိပြတ်ပြောရလျှင် နှစ်ပေါင်း ၆၀ နားနီးနီးရှိခဲ့ပါပြီ။ ဒီထက်တည့်တည့် ပြောရလျှင် ထည့်တို မစဉ်းစားခဲ့ကာဟု ပြောင်ကျကျ အဖြေထွက်ရှိလာသည်။ ဒေါသသင့်မှုတွေက ပေါက်ကွဲစေပြီး ဒါတွေကို အကျိုးဆက်၊ အကျိုးသက် (Sequence and impact) ဟု မယူကြဘဲ နိုင်ငံရေး Game တွေထဲမှာ လိုသလို အသုံး ပြုခံခဲ့ရသည်။ ခံရပါ။ အလုပ်သမားထုဖက်ကရော၊ နိုင်ငံတော် (ရေမြေလေထုကို အချုပ်အခြာ အာဏာပိုင်ဆိုင်သူ နိုင်ငံသား အစုအဝေးကို နိုင်ငံတော်ဟု ယူကြရပါ၏) ဖက်ကပါ နစ်နာခဲ့ကြသည် ချည်းပင်။ ပြိုလဲလုလု ကျရှုံးနိုင်ငံတော် (Failed State) ထဲမှာ ရာစု နှစ်ဝက်လောက် မိမိတို့ပါခဲ့ရသည်။

ယခုအခြေပြုထားသော မလေးရှား ထုတ္တသိုလ် Labour Issue စာသင်ခန်း ထဲက အတွေ့အကြုံဖလှယ်ခြင်း၊ ပြောပြော ပို့ချခြင်းမျိုးတွေတောင် ဒီမှာ သိပ်ကြားဖူးကြ မည်မဟုတ်။ ထိုသို့ဖြစ်အောင် လုပ်ဖို့ဆိုတာက တော့ စိတ်ကူးယဉ်အိပ်မက်ပဲ ဖြစ်ခဲ့ကြရသည်။ ယခုအချိန်ထိ ဖြစ်နေဆဲ၊ လမ်းစတော့ စတင်ပေါ်လာဖို့ ရှိ၏။

၂၀၁၄-၂၀၁၅ မြန်မာမှာ အနည်းဆုံး လုပ်ခလစာ သတ်မှတ်ပေးဖို့ပင် အတော်ရုန်းကန် လှုပ်ရှားခဲ့ကြရသည်။ ထောင်တွေ တန်းတွေ၊ ပုဒ်မတွေအပြင် (တကယ်အတွင်း ကျကျမြေရှင်းကြရမည်ဟု ယုံကြည်စိတ်ချမှု တည်ဆောက်နိုင်ရမည်) အကျိုးစီးပွား ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း ရှုပ်ထွေးဆိုး ဖြစ်ရပ်တွေက နေရာတော်တော် များများဝင်လှ ပေါ်ပေါက်ခဲ့ပြီးမှ တစ်ရက် ၈ နာရီ အနည်းဆုံး လုပ်အားခ ကျပ် - ၃,၆၀၀/- ဟု တရားဝင် ဥပဒေပြဋ္ဌာန်းလာခဲ့၏။ စက်မှုဇုန် အလုပ်သမားနှင့် မြို့ကြီးများမှ ကျွမ်းအလုပ်သမားတွေ အများစု (သဘာဝကျကျ) ရှိနေသော နိုင်ငံအတွက် လူနေမှုစရိတ်နှင့် မကာမိနိုင်သေးပါ။ မသေရုံသာဖြစ်မည်။ သို့ပြား တာရေးသူ ကတော့ ဒါကိုပဲ လာခြင်းကောင်းသောအစ - လမ်းတစ်လမ်းပွင့်သွားခြင်းဟု မြင်ပါ၏။ ယူဆပါ၏။ ဆက်လုပ်လို့ရသွားပြီ ဖြစ်သည်။ နောက်တစ်ချက် ကျေနပ်စရာရှိသည်။ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ရေး အတွက် အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်



ဆိုင်၍ ILO မှ ပညာရှင်များ ကြားဝင် ဆွေးနွေးညှိနှိုင်းခဲ့ကြ၏။ အလုပ်ရှင်ဖက်မှ မြန်မာလုပ်ငန်းရှင် အများစု၊ တိုင်းရင်းသား ပြည်နယ်များမှာပင်မကျန်၊ ၉၀ ရာခိုင်နှုန်း လောက်က အလုပ်သမားတွေ တောင်းဆိုချက် ကို အတတ်နိုင်ဆုံး လိုက်လျောဖို့အသင့် ရှိကြောင်း ဝမ်းသာဖွယ်ဖြစ်ရပ်တွေ ပြယုဂ် သမိုင်းဝင် ထွက်ရှိလာခြင်းဖြစ်၏။ ထိုအရေ အတွက်ပမာဏသည် မြန်မာ့လုပ်ငန်းရှင် အများစု ပိန်မသား၊ လိမ်မသား ချည့်ချည့်နဲ့နဲ့ ရပ်တည်နေကြရသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) နယ်ပယ်မှ ဖြစ်နေခြင်းကလည်း အားတက်စရာ ကောင်းသည့် အချက်ဖြစ်၏။ ယခင် ၅ နှစ် အတွင်း ဤ SMEs နယ်ပယ်မှာ အပေါ်ယံ ဟန်ပြလောက်သာ နှမ်းဖြန့်ဖြန့်တင်ရုံလေး ရှိခဲ့ ၏။ ဤနယ်ပယ်တိုးတက်ဖွံ့ဖြိုးနိုင်ပါမှ (အလုပ်သမားအများစု တည်မှီရာလည်း ဖြစ်နေ၍) အရင်းနှင့် လုပ်အား အချိုးခွဲဝေမှု မှန်မှန်ပြန်တက်လာဖို့ ရှိပါသည်။

မလေးရှား National ဟု လူသိများ သော တက္ကသိုလ်မှာ ညှိပညာရှင်သွားလုပ်နေ သော တပည့်မလေး (ဤ ဇာတ်လမ်းထဲပါသည်) ၂၀၁၆ နှစ်လည်ပိုင်း လောက် မြန်မာနိုင်ငံပြန် လာမည်ဟု ကတိပြု လိုက်တာ ၃ လ ရှိလာခဲ့ ပါပြီ။ ဆက်စပ် စဉ်းစားကြည့်ကြပါကုန်. . . .။

## တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်နိုင် ပါသည်

၁၉၅၄ ကိုရီးယားကျွန်းဆွယ်မှာ မဟာဗျူ ဟာမြောက် ဝလိုဘယ်စစ်ပွဲတွေ ဖြစ်ပွားခဲ့ သည်။ တကယ်တမ်းက အကျိုးစီးပွား အရင်း ခံကြတာဖြစ်သော်လည်း ဝါဒရေးရာ အလယ် ဖြစ်၍ ဇာတ်သွင်းသူများက သွင်းခဲ့၏။ တောင်/မြောက် ၂ ပိုင်းကွဲပြီး နှစ်နိုင်ငံလုံး အာဏာရှင်အောက် ရောက်သွားခဲ့ကြသည်။

ယနေ့တော့ ထိုကိုနီးယားကျွန်းဆွယ်ကိုပဲ နမူနာယူကြည့်ကြပါ။ အလုပ်သမား/လယ်သမား အရေးရှေ့တန်း တကယ်တင်ခဲ့သော ကင်အီဆွန်းကြီးရှိသေးလျှင် သားနှင့်မြေးတွေကြောင့် ဆယ်ခါပြန်လဲသေပါလိမ့်ဦးမည်။

မိမိတို့ရော. . . တောင်ကိုရီးယားလို လူမှုစီးပွားမတက်ချင်ကြသည်လား။ ကင်ဒေးဂျုံတို့ လက်ထက်အထိ တောင်ကိုရီးယားသည်လည်း စစ်အာဏာရှင်အောက် ရောက်ခဲ့ပါ၏။ ယနေ့တွင်တော့ အာရှထိပ်သီး၊ စီးပွားရေး နိုင်ငံရေး လူမှုစီးပွား တစ်ဦးချင်း ဝင်ငွေ. . . . ဘယ်ဖက်က တိုင်းတာကြည့်သည် ဖြစ်စေ. . . . .။

တောင်ကိုရီးယားနှင့်စံထား၍ ထိုနိုင်ငံ အကြောင်း ထည့်ပြောနေရပါသေးသည်။

ကဲ- လက်ရှိမြန်မာ. . ။ လယ်ယာမြေထဲမှာလည်း လယ်လုပ်သားတွေ သန်းပေါင်းဆယ်နှင့်ချီရှိနေပါ၏။ ထိုလယ်ယာ မြေနှင့် ပတ်သက်၍ 'မြေ' ကိစ္စသည် အရေးကြီးဆုံး Issue သစ်ဖြစ်လာမှာလည်း သေချာသည်။ ပြီးလျှင် အလုပ်သမားကိစ္စ လာပါလိမ့်မည်။ ပြည်သူ့အင်အားဦးစီးဌာနကို အခြေပြု၍ ကမ္ဘာဘဏ်၊ အိုင်အမ်အက်ဖ်၊ အေဒီဘီတို့၏ ထပ်မံခန့်မှန်းချက်အရ မြန်မာမှာ အလုပ်လုပ်နိုင်သူဦးရေ ၂၉ သန်း နှင့် ၃၄ သန်းကြားရှိနေပါ၏။ ထိုအင်အားစုကြီးသည် တိုင်းပြည်အတွက် အဓိက မောင်းနှင်မည့် Driven Force လည်းဖြစ်၏။

စက်မှုခေတ်ကို ပို့စ်မော်ဒန် ဒီမိုကရက်တစ်ကမ္ဘာက ဖြတ်သန်းကျော်လွှား သွားခဲ့ပြီ။ မိမိတို့ကတော့ ထိုမော်ဒန် စက်မှု ခေတ်ပင် မရောက်နိုင်သေး။ ရာစုနှစ်စုလောက် နောက်ကျနေဆဲ။ သို့ပြီး အရင်နှစ် ၂၀-၃၀ လောက်နှင့်ပင် မတူတော့သော နည်းပညာ အကူအညီ၊ ပညာရေးလမ်းကြောင်းသစ်များ၊ အကူအညီဖြင့်ဆိုလျှင် ဆယ်စုနှစ် တစ်စု မကြာခင်မှာ မော်ဒန်စက်မှုနိုင်ငံထဲ ရောက်ဖို့ ရှိသည်။ ရောက်အောင်သွားလျှင် ရောက်ပါမည်။ လွန်ခဲ့သော ၅ နှစ်အတွင်းက စိတ်ကူးယဉ်ခဲ့သော စံနှုန်းတွေ၊ တန်ဖိုးတွေကို အမှန်တကယ် သက်ဝင်ဖြစ်တည်လာအောင် လုပ်ယူနိုင်သည့် အစပျိုးကာလတစ်ရပ်ထဲ ရောက်လာ ပြန်ချိန်. . . ။ နှစ်ပေါင်း ၁၅၅ နှစ် ကြာခဲ့ပြီးဖြစ်ပြီး ယတိပြတ်နှုတ်ဆုံးသွင်းရဦးမည် ဖြစ်နေဆဲ အောဘရာယ်လင်ကွန်းစကားကို ယူနိုင်ဖို့၊ ကြည့်မြင် အသုံးချနိုင်ဖို့တော့ လိုအပ်မည်။ ပြီးလျှင် သူများတစ်လှမ်း ကိုယ်ဆယ်လှမ်းခေါ်နိုင်ကြရဖို့ရှိသည်။

လုပ်နည်းလုပ်ဟန် အသေးစိတ် များကို အလျဉ်းသင့်သလို ဆက်လက်ဆွေးနွေး ရေးသားသွားပါဦးမည်။ အလုနှင့် စသော ဆောင်းပါး၊ အကောင်းနှင့် ခေါနိုင်ဆုံးသည်ဦးမည်။ အမြဲသဘောဖြင့် ရှေ့ကို တကယ်သွားနိုင်ကြဖို့ ဖြစ်အောင်လုပ်၊ ရအောင်ယူ၊ ရောက်အောင်သွားဖို့ တာဝန်သိသူတွေ ခေါင်းဆောင်ကြရပါမည်။ အလုပ်သမားသည် နိုင်ငံလူမှုစီးပွား၏ အရင်းနှင့် အရင်းအမြစ်၊ ထိုကနေ အသီးအပွင့်တွေ ဖြစ်လာကြဖို့ မျှဝေခံစားနိုင်ရန် ကောင်းမွန်လာတဲ့တွေကို ပေါ်လစီ၊ မဟာဗျူဟာ ချဉ်းကပ်ချက်နှင့် စွမ်းဆောင်ရည် ပိုင်းတွေ အားတုန်ဖြင့်တင် ဆောင်ရွက်ကြဖို့ ကောင်းပါပြီ . . . . .။ ။

မင်းတင်

## Labour Digest
# JOKES

အလုပ်သမားတစ်ယောက်က အလုပ်ရှင်ရုံးခန်းထဲဝင်သွားပြီး သူ့ကို လခတိုးပေးဖို့ ပြောလိုက်ပါတယ်။

" ဆရာကြီး ခုနေတော့ လုပ်ငန်း အခြေအနေက သိပ်မကောင်းလို့ လခတိုးမပေးနိုင်တာ ဝမ်းနည်းပါတယ် "

"ဘာပြောတယ်။ ကျွန်တော့်မှာ အလုပ်ကို သုံးယောက်စာ လုပ်နေရတာကြီး လခတူနေတော့ ဒါပဲလား "

" သုံးယောက်စာ လုပ်နေရတယ်၊ ဟုတ်လား။ ကျန်တဲ့ နှစ်ယောက်က ဘယ်သူတွေလဲ၊ ပြောစမ်းပါ၊ သူတို့ကို အလုပ်ဖြုတ်ပစ်မယ် "

THE BOOK OF CHOICE JOKES

သင်းမြတ်ကို





သည်ကနေ့ နံ့အပြန်ခြေလှမ်းများ က ယခင်နေ့များထက် လေးလံနှေးကွေးနေသည်ဟု ဦးတင့်ဇော် ခံစားနေရသည်။ အိမ်ရောက်တော့ ခြံဝမှာ ဇနီးသည်က ကြိုနှင့်သည်။

"ယောက်ျား မျက်နှာလည်း မကောင်းပါလား၊ လေး ရှင့်အိတ်နဲ့ ထမင်းချိုင့်"

"အိမ်ပေါ် မတက်သေးပါဘူးကွာ၊ ခြံထဲမှာ ခဏထိုင်လိုက်ဦးမယ်၊ ရေအေးအေး လေး တစ်ခွက်လောက်"

ခြံဝင်းထဲရှိ မိသားစုထိုင်နေကျ ခုံတန်းလေးပေါ်တွင် ကိုတင့်ဇော်ထိုင်ရင်း ဇနီး မခင်မိုးပေးထားသော ရေတစ်ခွက်ကို တစ်ကြိုက်ကြိုက်နှင့် သောက်ချလိုက်သည်။

"ထိုင်ပါအုံး မိန်းမရာ၊ မင်းကို ပြောစရာရှိတယ်"

ဇနီးသည် မခင်မိုးက ကိုတင့်ဇော် ဘေးနားတွင် ဝင်ထိုင်ရင်း-

"ရှင်ကလည်း အထူးအဆန်းလုပ်လို့တော်၊ ပြောစရာရှိတာများ"

"ဒီလိုပါကွာ၊ ငါနယ်ပြောင်းရမယ်၊ ရန်ကုန်က မြို့နယ်ဦးစီးမှူးတွေ အားလုံးလိုလိုပါတယ်၊ အမိန့်တော့ မထွက်သေးဘူး၊ ပြောင်းရမှာက သရက်မြို့လို့တော့ ကြားတာပဲ"

ဇနီးသည် မခင်မိုး၏ မျက်နှာညိုး ကျသွားသည်၊ ပြီးတော့ မျက်ရည်တွေ ဝဲလျက်။

ဦးဟုတ်စိန်ရယ်၊ ခင်ဗျားကားနဲ့လိုက်လို့
ဘယ်ဖြစ်မလဲဗျာ၊ ကျွန်တော်က
အလုပ်သမားနဲ့ အလုပ်ရှင်ကြားမှာ
ညှပ်အေဒရ ရပ်တည် ဆုံးဖြတ်
သောင်ချက်ချမယ်လို့ ခင်ဗျားကား
စီးသွားသော······



# အကကကုကု
## အလိုချင်ဆုံး ဆုလာဘ်



သူတို့ မိသားစုလေးက ကိုတင့်ဇော်ကို အားကိုးနေရသည် မဟုတ်ပါလား။

သားအကြီးက ဆယ်တန်း၊ အငယ်မက ခုနစ်တန်း၊ ကျောင်းစရိတ်နဲ့၊ ကျူရှင်စရိတ်နဲ့ ကိုတင့်ဇော်ရတဲ့လခလေးနဲ့ တွက်ချက်ပြီး ဟန်မပျက်အောင် နေရတဲ့အချိန် ကိုတင့်ဇော် အရာရှိငယ်လေးဘဝနဲ့ အလုပ်စဝင် ကတည်းက ဆယ်နှစ်လောက် ရန်ကုန်ရုံးချုပ်မှာပဲ နေခဲ့ရသည်။ အခုလို ရုတ်တရက်ကြီး နယ်ပြောင်းရမယ်ဆိုတော့ ဇနီးသည် မခင်မိုးရင်ထဲ မည်သို့ရှိလိမ့်မည်ကို လည်း ကိုတင့်ဇော် ခံစားမိသည်။ ဇနီးသည် မခင်မိုး၏ စိတ်ထဲတွင်တော့ ကလေးတွေ ကျောင်းတန်းလန်းနဲ့ နယ်လိုက်လို့ကလည်း မဖြစ်။ အခု အိုးခွဲစားရမယ်ဆိုတော့ ကိုတင့်ဇော် လခလေးနဲ့ ဖြစ်ပါ့မလား စသည် စသည် အတွေးများနှင့်။ သို့ပေမယ့် ဇနီးသည် မခင်မိုးက ဖြေရှာသည်-

"အေးပါတော်- သူများတွေ အလုပ်ဝင်စတည်းက နယ်တွေ၊ တစ်နယ်ပြီး တစ်နယ် ပြောင်းနေရတာ၊ ရှင်က ရန်ကုန်မှာ ဆယ်နှစ်လောက်နေရသေးတယ်။ နိုင်ငံခြားလည်း တစ်ခေါက်လောက် သွားရသေးတယ်ဆိုတော့၊ အခုမှ နယ်ပြောင်းရတာလည်း သဘာဝကျပါတယ်။ တစ်ခုပဲ တော့်သမီး ခုနစ်တန်းက အရေးမကြီးဘူး။ သားကြီးက ဆယ်တန်းဆိုတော့ ရှင်ရှိမှ ဖြစ်မလားလို့ အဲ့ဒါ တစ်ခုပဲ စိတ်ပူတာပါ"

ဟုတ်တော့လည်း ဟုတ်သည်။ သားက ညီမလေးရှိပေမယ့် ယောကျာ်းလေး အဖော်မရှိတော့ သူငယ်ချင်းအပေါင်းအသင်း မင်သည်။ ဟိုတစ်လောက သူငယ်ချင်း တစ်သိုက်နဲ့ ကျောင်းကပြန်လာတုန်း သားလက်ထဲမှာ စီးကရက်ကိုင်ပြီး သောက်နေတာ တွေ့လို့ ကိုတင့်ဇော်တစ်ယောက် သားကို လက်နှင့် ရိုက်နက်ဆုံးမလိုက်ရသည်။ တစ်ခါမှ သားကို လက်နှင့်မရိုက်ခဲ့ဘူးတော့ စိတ်မကောင်းဖြစ်ခဲ့ရသည်တော့ အမှန်။ သို့ပေမယ့် ဒါက ဆုံးမသင့်တဲ့ကိစ္စ။ ခေတ်ကာလ သားသမီးတွေမှာ ပျက်စီးရာ ပျက်စီးကြောင်းတွေက အများသား။ မူးယစ်ဆေးဝါးက ကွမ်းယာဆိုင်တွေအထိ ရောက်နေပြီ။ အရက်ဆိုတာကတော့ ပြောမနေနဲ့တော့။ မိန်းကလေးတွေဆိုတာကလည်း အန္တိပ်ခန်းတွေ၊

ကာရာအိုကေခန်းတွေ၊ နေ့ရောညရော ပါဖွင့်တဲ့ နေ့ကလပ်၊ ညကလပ်တွေတောင် ရှိသေး။ သည်တော့လည်း သူ့အမေ မခင်မိုးက သူ့သားကို စိတ်ချဆိုရင်လည်း စိတ်မချရ။ ဝန်ထမ်းဘဝ၏ အနုတ်လက္ခဏာများသာ။ အဖေနဲ့ အမေက ဝန်ထမ်း၊ သားသမီးတွေကများ၊ တနယ်တကြေး ပြောင်းရပြီဆိုတော့ မိသားစုခေါ်သွားလို့လည်း မဖြစ်။ အဖေ ဒါမှမဟုတ် အမေမရှိတော့ အုပ်ထိန်းမှုကလည်း လစ်ဟာ။ မိသားစုမျိုကွဲတာတွေ၊ သားသမီးတွေရဲ့ ပညာရေးဖွံ့ဖြိုးမှု နှောင့်နှေးရတာတွေကို စုံလို့ပါပဲ။ နိုင်ငံ့ဝန်ထမ်းဆိုတော့လည်း တစ်ခါတစ်ရံ အားလုံးကို နစ်နာခံ စွန့်လွှတ်ရတာမျိုး။ သားကို စိုးရိမ်သည့် စိတ်များက ကိုတင့်ဇော် ရင်ထဲတွင်အပြည့်။ ကိုတင့်ဇော်က-

"အေးပါကွာ၊ သားက ဆယ်တန်းဆိုတော့ သူ့အတွက် အကောင်းဆုံး ဖြစ်နိုင်တဲ့ နည်းလမ်းတွေ ရွေးပြီးလုပ်ရမှာပေါ့။ ရန်ကုန်မှာက အိုးအိမ်ကလည်း အထိုင်ချထား၊ သားနဲ့ သမီး ကျောင်းကလည်း နှစ်ဝက်ကြီးဆိုတော့ အားလုံးပြောင်းဖို့ကလည်း အခက်။ ငါပဲ ခုကွဲပြီး တစ်ယောက်တည်း သွားရမှာပေါ့ မိန်းမရာ၊ သားနဲ့ သမီးကို မင်းပဲ တာဝန်ယူရမှာပေါ့"

"အေးလေ- ရှင်က နယ်မသွားဖူးတော့ အသိအကျွမ်းလေးလည်း ရှာပါဦးတော်၊ လိုတာလည်း ကြိုတင်ပြင်ဆင်ရတာပေါ့"

နှစ်ဦးသား စကားပြောကြရင်း ကိုတင့်ဇော် ငေးစားလို့နေသည်။ ဝန်ထမ်းလောက၌ ပြောင်းရွှေ့ခြင်းဆိုသည့် ကိစ္စက မုန့်ဟင်းခါးစားပြီး ဟင်းရည်အဆစ်တောင်းသည့် အလေ့အထလို စတင်ခဲ့သူ မသိသလိုမျိုး။ ဘယ်အချိန်တွင် စခဲ့မှန်းမသိ။

ဝန်ထမ်းအများက သူ့နေရာနှင့်သူ အထိုင်ကျနေတဲ့ ဝန်ထမ်းတွေ၊ ဇာတိမြို့လေးမှာ တာဝန်ထမ်းနေတဲ့ ဝန်ထမ်းတွေ နယ်ပြောင်းရသည်က ဒုက္ခတွင်းထဲ ဆင်းရသလိုမျိုး ဟုဆိုသည်။ ပြဿနာဖြစ်တဲ့ ဝန်ထမ်းဆိုရင်တော့ မြေမကောင်း မြေမ၊ လက်မ မကောင်း လက်မ၊ အပြစ်ပေးအရေးယူတဲ့ သဘောထားပါတော့။ အခုတော့ တစ်ခါလာလည်း နှစ်နှစ်ပြည့်လို့၊ တစ်ခါ လာလည်း သုံးနှစ်ပြည့်လို့ ဌာနတွေမှာ နယ်ပြောင်းရွှေ့ရေးက အလုပ်ကြီးတစ်လုပ်။ မြန်မာပြည် အရှေ့ဖျားကနေ အနောက်ဖျား၊ မြောက်ဖျားကနေ တောင်ဖျား ပြောင်းရွှေ့ရသူများကလည်း အနုတ္တမ။ ဝန်ထမ်းက တစ်နယ်တစ်ကျေး ပြောင်းရွှေ့ရတော့ နေရ၊ စားရ ဒုက္ခနဲ့ နိုင်ငံတော်ဘက်ကလည်း ပြောင်းရွှေ့စရိတ် ပေးရတာက တစ်နှင့်တစ်ပိုး။ နယ်ပြောင်းရမယ်လို့ သတင်းကြားလိုက်နဲ့ ဟိုလူကြီးဆီ

အဖေနဲ့ အမေက ဝန်ထမ်း၊ သားသမီးတွေကများ၊ တနယ်တကြေးပြောင်းရပြီဆိုတော့ မိသားစုခေါ်သွားလို့လည်း မဖြစ်။ အဖေ ဒါမှမဟုတ် အမေမရှိတော့ အုပ်ထိန်းမှုကလည်း လစ်ဟာ။ မိသားစုမျိုကွဲတာတွေ၊ သားသမီးတွေရဲ့ ပညာရေးဖွံ့ဖြိုးမှု၊ နှောင့်နှေးရတာတွေကို စုံလို့ပါပဲ။ နိုင်ငံ့ဝန်ထမ်းဆိုတော့လည်း တစ်ခါတစ်ရံ အားလုံးကို・・・

ဝင်ရ သည့်လူကြီးဆီဝင်ရနဲ့ ဖဲ့ဒါလည်း ဒုက္ခ။ ဌာနတွေဘက်ကလည်း ဝန်ထမ်းတစ်ဦး တစ်နေရာမှာ အနေကြာရင် ရာထူးနဲ့ လုပ်ပိုင်ခွင့်တွေ အသုံးချပြီး လာဘ်ပေး လာဘ်ယူမှု ဖြစ်မှာစိုးသည်၊ အနေကြာခြင်းနှင့် လာဘ်ပေး လာဘ်ယူမှုဖြစ်ခြင်းက တိုက်ရိုက်အချိုးကျသည်ဟု မဆိုနိုင်။ လာဘ်ပေးလာဘ်ယူသူကတော့ ဘယ်နေရာရောက်ရောက် ပန်းပန်နေမှာပဲ ဟုလို့။ ဝန်ထမ်းအပြောင်းအရွှေ့နှင့် ပတ်သတ်သည့်အယူအဆများ မည်မျှကွဲပြားစေကာမူ ကိုတင့်ဇော်အတွက်ကတော့ သူ့ဆန်စား ရဲရမည်သာ။

တစ်ပတ်လောက်ကြာတော့ နယ်ပြောင်းရွှေ့မိန့်ထွက်လာသည်။ မကွေးတိုင်း။ သရက်မြို့သို့ ကိုတင့်ဇော် ပြောင်းရွှေ့ရမည့်သတင်း မိသားစုအသိုင်းအဝိုင်း၊ မိတ်ဆွေသူငယ်ချင်းများထံ ပြန့်နှံ့ရောက်ရှိသွားခဲ့ပြီ။

ကိုတင့်ဇော်တစ်ယောက် ရုံးခန်း အတွင်း အလုပ်လွှဲပြောင်းရန် ဆောင်ရွက်စဉ် တစ်နေ့။

**သူဌေးရဲ့စာထဲမှာတော့ ဆရာငွေလိုအပ်တာရှိရင် သူ့စာရင်းထဲက လိုသလောက် ထုတ်ပေးလိုက်ဖို့ ရေးထားတယ်။ ဆရာ ငွေလိုအပ်ရင် ကျွန်တော်ကိုပြောပါ။ အားမနာပါနဲ့၊ ကျွန်တော်က ဒီမြို့ဇာတိဆိုတော့ ဒီမြို့နဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပါ....**

ရုံးခန်းတံခါးကိုဖွင့်၍ ဝင်လာသူက လှိုင်မြို့နယ်အတွင်း ခေါက်ဆွဲခြောက်လုပ်ငန်းပိုင်ရှင် ဦးဟုတ်စိန်၊ ကိုဇော်တင့်က -

"ဩော်- ဦးဟုတ်စိန်၊ ထိုင်ပါဗျာ၊ မလာစဖူး အလာထူးလို့ဗျာ၊ ဘာများ အကူအညီပေးရမလဲ"

"ဗိုလ်ကြီးဆီက၊ ခင်များ သရက်ပြောင်းရမယ် သတင်းကြားရလို့ဗျာ၊ သရက်မြို့ပေါ်မှာ ကျွန်တော့် ခေါက်ဆွဲဖြန့်ပေးတဲ့ ကိုယ်စားလှယ် ဦးညွန့်ဦးဆိုတဲ့ မိတ်ဆွေတစ်ဦးရှိတယ်၊ ခင်များအတွက် သူ့ဆီ ကျွန်တော် မိတ်ဆက်စာလေးတစ်စောင် ရေးပေးထားတယ်၊ လိုလိုမယ်မယ်ပေါ့ဗျာ၊ ရပ်ဝေးမှာ တာဝန်ထမ်းရတယ်ဆိုတာက မိတ်ဆွေကောင်း လိုတယ်ဗျ"

"သရက်မှာ ကျွန်တော့် ဝန်ထမ်းတွေတော့ ရှိပါတယ်ဗျာ။ ကျွန်တော့် အသိမိတ်ဆွေတော့ မရှိဘူးဗျ၊ ခင်ဗျား မိတ်ဆက်ပေးတော့လည်း။ မိတ်ဆွေအသစ်တစ်ယောက် တိုးတာပေါ့ဗျာ၊ အခုလို မိတ်ဆက်စာရေးပေးတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ်- ဦးစီးရယ်၊ ကျွန်တော်က လှိုင်မှာ ခေါက်ဆွဲခြောက်စက်ရုံ တည်ခဲ့တာ ကြာပါပြီ။ ခင်များတို့လို ဌာနဆိုင်ရာ အကြီးအကဲတွေ တော်တော်များများနဲ့ ဆက်ဆံရတာ များပါတယ်။ ဦးစီးတို့လို လူမျိုးက ခပ်ရှားရှား ရယ်၊ ဒါကြောင့်လည်း ဦးစီးကို လေးလည်း လေးစားတယ်။ ခင်လည်း ခင်တယ်၊ မိတ်ဆွေကောင်းတစ်ဦးအဖြစ် ဦးစီးကို ကျွန်တော့်ရင်ထဲမှာ သိမ်းထားပါတယ်ဗျာ"

ကိုတင့်ဇော်က သူ့ကိုခြောက်ပင့်သည့် အထင်နှင့် ရှက်ပြုံးပြုံးလျက်။

ကိုတင့်ဇော် အိမ်ပြန်ရောက်တော့ ဦးဟုတ်စိန်၏ သေသေချာချာ ကော်နှင့် ပိတ်ထားသော လေယာဉ်ပုံတံဆိပ် မိတ်ဆက်စာအိတ်လေးကို ဇနီးသည် မခင်မိုးအားပြရင်း-

"မိန်းမရေ- ဒါက လှိုင်ထဲက ငါ့မိတ်ဆွေ ခြောက်ဆွဲခြောက်စက်ရုံပိုင်ရှင် လုပ်ငန်းရှင်တစ်ဦးက သရက်မှာရှိတဲ့ သူ့မိတ်ဆွေဆီ ရေးပေးလိုက်တဲ့ မိတ်ဆက်စာကွ"

မခင်မိုးက ကိုတင့်ဇော်ပေးသည့် စာအိတ်ပေါ်က လိပ်စာကို ဖတ်ကြည့်ရင်း-

"အင်းလေ- ကိုယ့်ဌာနဝန်ထမ်းတွေကလည်း ဂရုစိုက်မှာပါ။ အခုလို အသိမိတ်ဆွေရတော့လည်း ကောင်းတာပေါ့တော်၊ အဓိကကတော့ ရှင့်စားရေးသောက်ရေးနဲ့ ကျန်းမာရေး အဆင်ပြေဖို့က အဓိကပါပဲ"

သို့နှင့် ကိုတင့်ဇော်တစ်ယောက် ကျွန်းသေတ္တာကြီးတစ်လုံးတည်းတွင် လျှပ်စစ်မီးဖိုလေးတစ်လုံး၊ တစ်ယောက်စာ ချက်ရသည့် ထမင်းအိုးလေးတစ်လုံး၊ ဒယ်အိုးလေး တစ်လုံး၊ လျှပ်စစ်ရေနွေးအိုးတစ်လုံးနဲ့ လိုအပ်ရာရာများ ထည့်၍ သရက်မြို့သို့ ဝန်ထမ်းအပြောင်းအရွှေ့ဘဝခရီးစတင်ခဲ့သည်။ ဌာနဝန်ထမ်းများက လိုလေသေးမရှိ ကူညီသည်။ နှစ်ရက်လောက်ကြာတော့ ရုံးမှာ နေရာထိုင်ခင်းများ ချလို့ပြီးသွားပြီ။ ကိုတင့်ဇော် မိတ်ဆွေပေးလိုက်သည့် မိတ်ဆက်စာပါ လိပ်စာအား မြို့ခံဝန်ထမ်းများကို မေး၍ သွားရောက်ရှာဖွေခဲ့သည်။ တွေ့ပြီ။ အိမ်က နှစ်ထပ်တိုက်၊ အောက်ထပ်တွင် ကုန်စုံဆိုင်က အတော်ကြီးကြီး၊ ကိုတင့်ဇော်က-

"ဦးညွန့်ဦးတို့ အိမ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ"

"ရန်ကုန်က ဦးဟုတ်စိန်က စာတစ်စောင်ပေးလိုက်လို့ပါ၊ ကျွန်တော်က အခုအသစ်ပြောင်းလာတဲ့ မြို့နယ်ဦးစီးမှူး ဦးတင့်ဇော်ပါ"

"ဟုတ်ကဲ့- တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ အိမ်က ဈေးဆိုင်ဆိုတော့ ညှိသည်လာရင် ညှော်ခံရတာ အားနာစရာပါ၊ အိမ်ထဲဝင်ထိုင်ပါဦး"

အိမ်ထဲရောက်တော့ ဦးတင့်ဇော် ထုတ်ပေးသည့် စာအိတ်လေးကို ဖွင့်ဖတ်အပြီး မျက်နှာအနေအထား ပြောပုံဆိုပုံက ပို၍ ဖော်ရွေလာသလို ခံစားရသည်။

"ဟာဗျာ- ကျွန်တော့် သူငွေးရဲ့ သူငယ်ချင်းဆိုတော့ ကျွန်တော်မိတ်ဆွေပဲပေါ့၊ သူနဲ့ ကျွန်တော်က ပုဂ္ဂိုလ်ရေးအရလည်း ခင်တယ်၊ စီးပွားရေးအရ လုပ်ဖော်ကိုင်ဖက် အနေနဲ့လည်း ဒီကလေးတွေ တစ်သက်ပါပဲဗျာ"သူ လက်ညှိုးထိုးပြသည့် ကလေးတွေက သုံးလေးယောက်၊ အကြီးဆုံးက ဆယ်တန်းကျောင်းသား အရွယ်လောက်တော့ရှိပြီ။

"သူဌေးရဲ့စာထဲမှာတော့ ဆရာ ငွေလိုအပ်တာရှိရင် သူ့စာရင်းထဲက လိုသလောက် ထုတ်ပေးလိုက်ဖို့ ရေးထားတယ်၊ ဆရာ ငွေလိုအပ်ရင် ကျွန်တော်ကိုပြောပါ၊ အားမနာပါနဲ့၊ ကျွန်တော်က ဒီမြို့ဇာတိဆိုတော့ ဒီမြို့နဲ့ ပတ်သက်ပြီး လိုအပ်တဲ့အကူအညီရှိရင်လည်း ပြောပါ"

"အေးဗျာ- ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ဝန်ထမ်းဆိုတာက အတိုင်းအတာနဲ့ တွက်ချက်သုံးရတာဆိုတော့ ကျင့်သားရနေပါပြီ။ ကိုယ့်ရဲ့လစာနဲ့ လောက်အောင်သုံးရမှာပေါ့ဗျာ။ အခုလို သူက အကူအညီပေးမယ် ဆိုတဲ့ စေတနာကိုလည်း လေးစားပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်

ဗျာ။ ကျွန်တော် ပြောတာလည်း ခင်ဗျားတို့ ကြုံတဲ့အခါ ပြန်ပြောလိုက်ပါဦး"

"ဟုတ်ကဲ့- နောက်တစ်ပတ် လောက် ကျွန်တော် ရန်ကုန်ရောက်ရင် သူဌေးနဲ့ တွေ့တော့ ပြောလိုက်ပါမယ်"

"တစ်ခုတော့ အကူအညီတောင်းချင် တယ်၊ စာထဲမှာ ထွေထွေထူးထူး ကိစ္စ မပါဘူး ဆိုရင် အဲ့ဒီစာလေး ရန်ကုန်ပြန်တဲ့အခါ ကျွန်တော့ကို ခေတ္တပေးလိုက်ပါ။ ကျွန်တော့် အမျိုးသမီးကို ပေးဖတ်ချင်လို့ပါ"

"ဪ- ရပါတယ်ဗျာ၊ ခင်ဗျားလည်း ကျွန်တော့လိုပဲထင်တယ်။ မဏ္ဍပ်ထဲမှာ တစ်ယောက်ထဲ ကျန်ခဲ့တဲ့ လူမျိုး"

နှစ်ယောက်စလုံးပြုံးကာ ရယ်မော လိုက်ကြသည်။

နှစ်လလောက်ကြာတော့ ကိုတင့်ဇော် ရန်ကုန်ပြန်ဆင်းဖြစ်သည်။ အပြန် ကားပေါ်တွင် ခေါက်ဆွဲကြော်သူဌေး ဦးဟုတ်စိန်၏ မိတ်ဆက်စာလေးကို ဖတ်၍ ဝန်ထမ်းဘဝ ကောက်ကြောင်းများကို ပြန်စေ့ငုနေမိသည်။ ပြီးတော့ သွေးသားမတော်စပ်တဲ့ သူ တစ်ယောက်က သူပိုင်ငွေထဲမှ အခြားသူ တစ်ယောက်ကို ယုံကြည်စိတ်ချစွာ အတိုင်း အဆမဲ့ ဘာကြောင့် သုံးစွဲခွင့်ပြုရသနည်း ဟူသော အဖြေကိုလည်း ရှာဖွေလျှက်။

၁၉၇၂ နှစ်လောက်မှာ ကိုတင့်ဇော် ဘွဲ့ရလို့ ရာထူးဝန်အဖွဲ့ကတစ်ဆင့် အရာရှိ ပေါက်စလေး အဖြစ် အလုပ်ဝင်ရောက်ခဲ့သည်။ အဲ့သည်အချိန်က အခုလို စီးပွားရေး အလုပ် အကိုင် အခွင့်အလမ်းတွေက မရှိသေး။ မိဘတွေက သားသမီးတွေကို ပညာသင်၊ ဆရာဝန်ဖြစ်မလား၊ အင်ဂျင်နီယာ ဖြစ်မလား၊ မဖြစ်ရင် အစိုးရဌာနတစ်ခုခုမှာ အလုပ်ဝင်၊ အရာရှိ အရာခံဖြစ်ဖို့ပဲ စဉ်းစားကြသည်။ ကိုတင့်ဇော်ကလည်း ဝန်ထမ်းဘဝကို သဘော ကျသည်။ ကိုတင့်ဇော်တို့ ငယ်ငယ်က ပဲခူးမြို့မှာ နေစဉ် သူတို့ အိမ်ခေါင်းရင်းမှ ဘကြီး စာရေးကြီး ဦးသန်းမောင်ကို စိတ်ထဲတွင် စွဲမြဲ နေသည်။ ဦးသန်းမောင်က အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး။ နှာသွားမှုပြန် လွယ်အိတ်ကြီး တစ်လုံးနှင့် တိုက်ပုံအင်္ကျီကားကား။ လက် မှာလည်း ထီးခေါက်ကြီးချိတ်လျက်။ ပါးစောင်မှာတော့ ဆေးတံကြီး အမြဲခဲထား



သည်။ စာရေးကြီး ညနေရုံးဆင်းအပြန် လမ်းထဲဝင်လာပြီဆိုလျှင် ကိုတင့်ဇော်တို့ ကလေးတစ်သိုက် လမ်းဘေးမှာ ဆင်းနေရသည်။ လမ်းထဲတွင်လည်း ဘာကိစ္စမဆို ဦးသန်းမောင်ပြီးမှ ပြီးသည်။ စာရေးကြီးတောင် အားလုံးက သည်လောက်ကြောက်ရ ရိုသေရလျှင် အရာရှိများဖြစ်ရင်တော့ ဟူသည့် အတွေးများက ကိုတင့်ဇော်ရင်ထဲမှာ ထာဝရ ငြိနေတော့ အဖေ့စကား။ အဖေက-

"ငါ့သား- ဝန်ထမ်းဆိုတာ တိုင်းပြည်ရဲ့ အသက်ပဲ၊ ဝန်ထမ်းကောင်းမှ တိုင်းပြည် ကောင်းမှာ"

ကိုတင့်ဇော်တစ်ယောက် စိတ်နှလုံး ငုံးငုံးချ၍ ဝန်ထမ်းဘဝကို လျှောက်လှမ်းခဲ့သည်။ နှစ်နှစ်လောက်ကြာတော့ ဘဝအချိုးအဆစ်တစ်ခုလို ဖြတ်သန်းခဲ့ရသည်။ အိမ်ထောင်ပြုတော့ ကိုတင့်ဇော်က ၂၇ နှစ်၊ ဇနီးသည် မခင်မိုးက ၂၅ နှစ်။ မခင်မိုးက မူလတန်းပြဆရာမလေး၊ ကိုတင့်ဇော်တို့ အိမ်ခန်းလေးတစ်ခန်း ငှားနေသည်။ လှည်းတန်းအဝိုင်းနားမှာ။ မခင်မိုးက သန်လျင် အစိုးရမူလတန်းကျောင်းမှာ အလုပ်ဆင်းရသည်။ ပထမတော့ ပျော်စရာ။ တစ်နှစ်လောက်ကြာတော့ မခင်မိုးက ပထမသားကြီးရလာ။ ကလေးကြည့်မယ့်လူက အခက်။ ပထမတော့ အဒေါ်အပျိုကြီးတစ်ယောက် လာနေပေးသည်။ ကလေးနဲ့ အိမ်ဝေယျာဝစ္စအတွက် အဖော်လေးတစ်ယောက် ငှားရသည်။ မခင်မိုး အလုပ်ဆင်းတော့ သားကြီးကို နို့ဗူးနှင့်ထားခဲ့ရသည်။ အဲသည်အချိန်က ကုန်ဈေးနှုန်းကတက် ကလေးနို့မှုန့်ဘူးဖိုးက မခင်မိုး လခတစ်ဝက်မက။ သည်တော့ အလုပ်မှာ တာဝန်မကျေပွန်တာနဲ့ ကလေးကျန်းမာရေးနဲ့ လူငှားရတာနဲ့ မခင်မိုး အလုပ်ဆက်လုပ်သင့် မလုပ်သင့် စဉ်းစားရသည်။ ကိုတင့်ဇော်က-

"အေးကွာ- မင်းကို ဆရာမအလုပ် မထွက်စေချင်ပါဘူး။ ဆရာမဆိုတော့ ဂုဏ်လေးလည်းရှိတယ်။ တို့မိသားစုအတွက် ငွေကြေးအထောက်အပံ့လဲ အထိုက် အလျောက်ရတယ်။ ဒါပေမယ့် သွားရတဲ့ ခရီးကလည်းဝေး၊ ကလေးရဲ့ကျန်းမာရေးနဲ့ ပျက်ကွက်မှုတွေကရှိလာ၊ အိမ်မှာထိန်းသိမ်းဖို့ လူကလည်း မရှိနဲ့ဆိုတော့ မင်းစဉ်းစားပါ"

သို့နှင့် မခင်မိုး ကျောင်းဆရာမ အလုပ်မှ ထွက်ရန် ဆုံးဖြတ်ခဲ့ရသည်။

မခင်မိုး အလုပ်ထွက်လိုက်တော့ အဒေါ်ကြီးက အရပ်ပြန်သွားပေမယ့် အိမ်မှာ ကူဖော်လောင်ဖက်တစ်ယောက်တော့ ငှားရသေးသည်။ ကိုတင့်ဇော် လစာနဲ့ စားမယ့်ပါးစပ်ပေါက်က လေးပေါက်၊ သည်ကြားထဲ သားကြီးနှင့် နှစ်နှစ်ပဲကွာသည့် အငယ်မလေးတစ်ယောက် ရပြန်သည်။ ကုန်ဈေးနှုန်းကတက်လာ၊ အကြီးကောင် ကျောင်းထားရမယ့်အချိန်ကရောက်၊ ကိုတင့်ဇော် လစာက တစ်နှစ်မှ တိုးလာတဲ့ငွေက ၂၅/-။ အရာရှိလေး ကိုတင့်ဇော်နှင့် မခင်မိုးတို့ရဲ့ ဝန်ထမ်းဘဝက မလှမပ။ ငယ်စဉ်က စာရေးကြီး ဦးသန်းမောင်ကို စိတ်ထဲမှာ စွဲလျက် ကိုတင့်ဇော် မျှော်မှန်းခဲ့သည့် အရာရှိတစ်ယောက်ရဲ့ ဘဝက သည်လိုမျိုးတော့ မဟုတ်။ အခုတော့ ကုန်ဈေးနှုန်းတွေက တက်သလောက် လစာက လိုက်မတက်တော့ ဝန်ထမ်းလောကက မလုံမလောက်နှင့် လာဘ်ပေးလာဘ်ယူမှု တွေက ဝို၍ ဝို၍။ ရပေါက်ရလမ်းကောင်းသည့်

အစိုးရဝန်ထမ်း များကတော့ ပန်းပန်ပြီး ပန်းပန်လျက်။ ကိုတင့်ဇော် မိတ်ဆွေတစ်ဦးနှင့် တွေ့တုန်း စကားလေးတစ်ခုကို သတိရနေသည်။ သူက ဥပဒေဌာနက ညွှန်ကြားရေးမှူး အဆင့်။

"ကိုတင့်ဇော်ရာ ကျွန်တော့် သားလေး နှစ်ယောက်က ဘွဲ့ရသွားပြီဗျ။ တစ်ယောက်က အကောက်ခွန်မှာ ပီစီနဲ့ သွင်းထားတယ်၊ တစ်ယောက်ကိုတော့ ဓါတ်ဆီပန့်မှာ စာရေးနဲ့ သွင်းထားတယ်။ သူတို့ ဘဝနေခွင်ရေတော့ စိတ်အေးသွားရပြီ ပေါ့ဗျာ"

ကိုတင့်ဇော် အတော်အံ့ဩသွား သည်။ ဪ- ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အတွေး များသည် နိုင်ငံတော် အကျိုးစီးပွားကို ဖွဲ့စား ရန်တော့ မတွက်ချက်သင့်ဟု၍။

ကိုတင့်ဇော်တို့ ဌာနက ရပေါက် ရလမ်းက မရှိသလောက်။ ဝန်ထမ်းလောက တွင် ကိုတင့်ဇော်တို့ ဌာနကို ကျန်ဌာနများက ခပ်ညံ့ညံ့ဌာနဟု သတ်မှတ်ကြသည်။ ကိုတင့်ဇော်- ဒါကိုပဲကျေနပ်သည်။ ဒါတောင် တစ်ချို့က ကိုယ့်ရာထူးနဲ့ ကိုယ်ရတဲ့လုပ်ပိုင်ခွင့် လေးတွေနဲ့ ပြဿနာတစ်ချို့တစ်ဝက်တော့ ရှိသည်။ သည်အခါ ဝန်ထမ်းလောကသား ချင်းတွေက-

"ခင်ဗျားတို့ဌာနက အရိုးအရင်း ကိုက်ရတော့ အသံထွက်တာပေါ့ဗျာ၊ အသား စားရတဲ့ဌာနတွေကတော့ ငြိမ်လို့"

ဘာဘဲဖြစ်ဖြစ် ကိုတင့်ဇော်အတွက် ကတော့ နိုင်ငံတော်က ကျွေးမွေးတဲ့လစာနဲ့ ဘဝကို ရပ်တည်ခဲ့ပြီ။ ဦးဆွေးဆံမြေ့ တာဝန်ထမ်းရွဲ့သာ။ ကိုတင့်ဇော် ဖောင်ကြီး ပြည်သူ့ဝန်ထမ်းကျောင်းတွင် သင်တန်း

**တစ်နာရီလောက်ကြာတော့ ဝေဝါမီ ကိုယ်ပိုင်ကားတစ်စီး ရုံးရှေ့ ရောက်လာသည်။ ဆင်းလာသူက အသက် (၆၀) အရွယ် တရုတ်သွေးအတော်များများပါပုံရသည်။ မြန်မာသံက မပီတပီ။ ဝတ်စားထားပုံက ကျော့မော့၍ လူငယ်လေး တစ်ယောက်ကဲ့သို့။ သူ့ရှေ့ကိုင်း မျက်မှန်ကြီးက တဖျတ်ဖျတ်••••**

တက်စဉ်က သင်တန်းသားတွေ ထမင်းမစားမီ သံပြိုင်သီဆိုရသည့် ဆောင်ပုဒ်လေးတစ်ခု ရှိသည်-

"ကျွန်ုပ်တို့သည် နိုင်ငံတော်မှ ကျွေးမွေးသော ထမင်းဟင်းလျာများကို စားသုံးရသည့်အတွက် နိုင်ငံတော်၏ ကျေးဇူး သစ္စာကို စောင့်သိရှိသေပါမည်"
ဟူ၍။

သို့ဆိုလျှင် လစာနှင့်မလောက်၍ လာဘ်ပေးလာဘ်ယူကြပါသည် ဟူသော ဝန်ထမ်းများကိုလည်း သည်ဆောင်ပုဒ်လေး မျှဝေချင်သည်။ အဖေပြောတဲ့ စကားလေး လည်း အမှတ်ရသည်၊ ဝန်ထမ်းသည် နိုင်ငံတော်၏ အသက်ဟူ၍။ အသက်ဖြစ်သော ဝန်ထမ်းကမှ လာဘ်စားလျှင်တော့ နိုင်ငံတော်တစ်ခု ဆက်လက် အသက်ရှင် တည်ဆောက်ဖို့ရာ ခက်ပြီပဲ။ ဝန်ထမ်းများက မသိ၍ပဲလား။ မသိချင်ဟန်ဆောင်နေခြင်းလား

ကိုတင့်ဇော်ဝေခွဲမရသည်တော့ အမှန်။ ကိုတင့်ဇော်တစ်ယောက် လျှောက်လှမ်းခဲ့ရသည့် ဝန်ထမ်းဘဝ အတွေးများကို ဖြတ်၍ သူရရှိခဲ့သော မိတ်ဆက်စာလေးဆီ အတွေးများ ပြန်ရောက်သွားပြန်သည်။ အမှန်အားဖြင့် သူ့စာရင်းထဲမှ ငွေလိုသလောက် သုံးခွင့်ပြုခဲ့သော ခေါက်ဆွဲခြောက်သူဌေး ဦးဟုတ်စိန်နှင့် ကိုတင့်ဇော်တို့နှစ်ဦးက သိပ်ခင်လှသည်တော့ မဟုတ်။ သူနှင့် ကိုတင့်ဇော် အဆက်အစပ်က သည်လို-

တစ်နေ့ရုံးမှာ အလုပ်လုပ်နေတုန်း ဖုန်းခေါ်လာသည်။

"ဦးစီးရေ- လှိုင်ထဲက ခေါက်ဆွဲခြောက်စက်ရုံက အလုပ်သမားတစ်ဦး စက်ထဲမှာ လက်ညပ်သွားလို့ အလုပ်ရှင်လည်း ရောက်နေတယ်၊ ဦးစီး လာနိုင်ရင် လာခဲ့ပါလားဗျာ"

စက်ရုံအလုပ်ရုံတစ်ခုမှာ အလုပ်သမားတစ်ဦး အလုပ်ချိန်အတွင်း အလုပ်ကို အကြောင်းပြုပြီး ထိခိုက်မှုဖြစ်ရင် ဆောင်ရွက်ဖို့ ကော်မတီတစ်ခုရှိသည်။ ဥက္ကဋ္ဌက ယခင် မြို့နယ်ကောင်စီအမှုဆောင် အဖွဲ့ဝင်။ ဦးစီးမှူး ကိုတင့်ဇော် အတွင်းရေးမှူး။ ကိုတင့်ဇော်က-

"အော်- ရုံးပိုင်းဆိုင်ရာ သတင်းပို့ရမယ့် ကိစ္စလေးတွေ ရှိသေးတော့ သူ့ကို ကျွန်တော်တို့ရုံးကို လွှတ်လိုက်တာက ပိုအဆင်ပြေမယ် ထင်တယ်၊ ကျွန်တော် လိုတာ ဆောင်ရွက်ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ ဦးစီး"

တစ်နာရီလောက်ကြာတော့ ခေတ်မီ ကိုယ်ပိုင်ကားတစ်စီး ရုံးရှေ့ရောက်လာသည်။ ဆင်းလာသူက အသက် (၆၀) အရွယ် တရုတ်သွေးအတော်များများပါပုံရသည်။ မြန်မာသံက မပီတပီ။ ဝတ်စားထားပုံက ကျော့မော့၍ လူငယ်လေးတစ်ယောက်ကဲ့သို့။ သူ့ရှေ့ကိုင်းမျက်မှန်ကြီးက တဖျတ်ဖျတ်။ သူက မိတ်ဆက်ပြီး ကိုတင့်ဇော်ကို သူ့အလုပ်သမား၊ လုပ်ငန်းခွင် ထိခိုက်မှု အခြေအနေအား ရှင်းပြ၍ ရုံးပိုင်းဆိုင်ရာ လိုအပ်သည်များ ဆောင်ရွက်သည်။ သူ့ ခေါက်ဆွဲခြောက်တံဆိပ်က မြန်မာပြည်မှာ အတွင်ကျယ်ဆုံးဟုဆိုသည်။ ရေဒီယိုကြော်ငြာထဲတော့ ကြားမိသား။ စက်ရုံမှာ ထိခိုက်ဒဏ်ရာ ရသည့်ကလေးက ခေါက်ဆွဲကြိတ်သည့် စက်ထဲ လက်ဝင်ခဲ့သည်။ တခေါင်းဆစ်အောက် လက်ငါးလုံးခန့်က စ၍ ဖြတ်ပစ်လိုက်ရသည်။ ကိုတင့်ဇော်အတွင်းရေးမှူးလုပ်သည့် ကော်မတီက အလုပ်သမား လျော်ကြေးဥပဒေအရ အလုပ်သမားအား အလုပ်ရှင်က လျော်ကြေးပေးရန် သတ်မှတ်ရသည်။ ဥပဒေအရ အလုပ်သမားရသည့် ဒဏ်ရာက တစ်သက်လုံး ဆောင်ရွက်နိုင်ခြင်း မရှိဟုယူဆပါက လျော်ကြေး ၂၅% ထပ်ဆောင်းပေးရမည်။ ဒါကို သူက အင်တင်တင် ဖြစ်နေသည်။ ကိုတင့်ဇော်က-

"ဦးဟုတ်စိန်ရယ်၊ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ ရေနဲ့ကြာလို တစ်ယောက်နဲ့ တစ်ယောက် မှီပြီးမှ တက်ရတာပါဗျာ၊ ခင်ဗျား အခုလို ရပ်တည်နိုင်တာလည်း သူတို့ကြောင့်လည်းပါတာပေါ့၊ အခုလို ဘဝနဲ့ယှဉ်ပြီး နစ်နာဆုံးရှုံးတဲ့အခါမျိုးမှာ တစ်လှည့် ပြန်ကြည့်သင့်တယ်။ ဒါလဲ ကုသိုလ်လို့ပဲ သဘောထားပါဗျာ"

တစ်ကြိမ်မက၊ နှစ်ကြိမ်မက နားချခဲ့ရသည်။ ရုံးလုပ်ငန်းနှင့် ဆောင်ရွက် ရသည်

ကတစ်ဖက်၊ ပုဂ္ဂိုလ်ရေးအရ နားချရသည်က တစ်ဖက်။ နောက်ဆုံးတော့ လိုက်လျောခဲ့သည်။ အလုပ်သမားကို လျော်ကြေးရဖို့ အစည်းအဝေးက လှိုင်မြို့နယ်၊ ပြည်သူ့ကောင်စီရုံးမှာ သွားလုပ်ရသည်။ ဦးဟုတ်စိန်က ကိုတင့်ဇော်ကို အစည်းအဝေး သွားဖို့ ရုံးမှာ ကားနှင့်လာကြိုသည်။ ကိုတင့်ဇော်က-

"ဦးဟုတ်စိန်ရယ်၊ ခင်ဗျားကားနဲ့ လိုက်လို့ ဘယ်ဖြစ်မလဲဗျာ၊ ကျွန်တော်က အလုပ်သမားနဲ့ အလုပ်ရှင်ကြားမှာ ဥပဒေအရ ရပ်တည် ဆုံးဖြတ်ဆောင်ရွက်ရမယ့်လူ၊ ခင်ဗျားကားစီးသွားတော့ အလုပ်သမားက အလုပ်ရှင်ဘက်က ဘက်လိုက်တယ်လို့ ထင်မှာပေါ့၊ နောက်လာမခေါ်ပါနဲ့ဗျာ"

သို့နှင့် သူ့အလုပ်သမားလေး လျော်ကြေးကိစ္စ ပြီးပြတ်သွားခဲ့သည်။ တစ်လလောက်ကြာတော့ ဦးဟုတ်စိန် ရုံးသို့



ထပ်မံရောက်လာပြန်သည်။ ဦးတင့်ဇော်၏ ရုံးခန်းထဲတွင် နှစ်ယောက်ထဲ။ ဦးဟုတ်စိန်က လေယာဉ်ပျံစာအိတ်ကြီးတစ်လုံး စားပွဲပေါ် တင်၍-

"ဦးစီးရယ်၊ တစ်မျိုးတော့ မထင်ပါနဲ့၊ ဥပဒေအရလည်း ကျွန်တော် လိုက်နာပြီးသားပါ၊ ဦးစီးရဲ့ကိုယ့်အလုပ်အပေါ် တန်ဖိုးထားတာတွေ၊ ဥပဒေ အပေါ်လေးစားတာတွေ၊ အလုပ်ရှင်နဲ့ အလုပ်သမားကို မခွဲခြားပဲ ဆက်ဆံတာတွေအတွက် လေးစား ကျေးဇူးတင်လို့ပါ။ ဒါလေးတော့ လက်ခံပါ"

လေယာဉ်ပျံစာအိတ်ကြီးကတော့ ဖောင်းကားလို့နေသည်။ တလေးကလည်း နှစ်ယောက်၊ လစာကလည်းမလောက်၊ လူ့ဝိုကလည်း နှစ်ယောက်နဲ့လုံးလည်ချာလည်လိုက်နေသော ကိုတင့်ဇော်အတွက် ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခု၊ သို့ပေမယ့် ကိုတင့်ဇော် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ခဲ့သည်။

"မလုပ်ပါနဲ့ဗျာ၊ ဒီအလုပ်က တာဝန်အရ ဆောင်ရွက်ပေးရတာပါ၊ နိုင်ငံတော်က ကျွန်တော်တို့တာဝန်အတွက် လုပ်ခပေးပြီးသားပါ၊ ပြန်ယူသွားပါ"

ကိုတင့်ဇော် မျက်နှာက အနည်းငယ် တင်းနေသည်၊ ဦးဟုတ်စိန်တစ်ယောက် အားတောင့်အားနာနှင့် ပြန်ယူသွားခဲ့ရသည်။ ဦးဟုတ်စိန်က သူ့လုပ်ရပ်အပေါ် အားနာသွားရှာလားမသိ။ ကိုတင့်ဇော်ဆီ မလာတော့၊ သို့ပေမယ့် လုပ်ငန်းရှင်များနှင့် အစည်းအဝေးလုပ်သည့်အခါ တစ်ကြိမ်နှစ်ကြိမ်တော့ တွေ့သည်။ သူက လှိုက်လှိုက်လှဲလှဲ လေးလေးစားစား၊ သို့ပေမယ့် အားတောင့် အားနာ

ဖြစ်နေပုံတော့ရသည်။ ဦးဟုတ်စိန်နှင့် ခင်မင်ပြီး တစ်နှစ်မျှမကြာ ကိုတင့်ဇော် နယ်ပြောင်းခဲ့ရသည်။ ကိုတင့်ဇော်နှင့် ဦးဟုတ်စိန် ခင်မင်မှုက ဤမျှသာ။ သို့စဉ်လျက် သူ့ငွေစာရင်းထဲမှ ငွေကို ဘာကြောင့် လိုသလောက် သုံးခွင့်ပြုခဲ့သနည်း။ အဖြေက မထွက်နိုင်သေး။

ရန်ကုန်ရောက်တော့ သည်မိတ်ဆက်စာလေးကို ဇနီးသည် မခင်မိုးအား ဖတ်ခိုင်းခဲ့သည်။ ဇနီးသည်က အသံနေ အသံ ထားနှင့်။

သို့

ဦးညွန့်ဦး ခင်ဗျား

ယခု စာယူလာသော ဦးစီးမှူး ဦးတင့်ဇော်မှာ ကျွန်တော် လေးစားရသော ရင်းနှီးသည့် မိတ်ဆွေတစ်ဦးဖြစ်ပါသည်။ နယ်မှာဆိုတော့ တစ်ခါတစ်ရံ ငွေကြေးအခက်အခဲ ကြုံတွေ့နိုင်ပါသည်။ ယင်းအခါမျိုးတွင် သူငွေလိုအပ်မှု ရှိသည်ဆိုပါက ကျွန်တော့်စာရင်းထဲမှ သူလိုသလောက်ငွေကို သုံးစွဲခွင့်ပြုလိုက်ပါ။ ယင်းကိစ္စကို သူ့အား ကြိုတင်ပြောလျှင် ယခုစာအား သူယူလာမည် မဟုတ်၍ ခင်ဗျားစာရမှ သူ့အား ရှင်းပြလိုက်ပါ။

လေးစားလျက်

ဦးဟုတ်စိန်

ဇနီးသည် မခင်မိုးက မျက်ရည်များဝဲလျက် ကိုတင့်ဇော်ကို ပြုံးပြုံးကြီး ကြည့်နေသည်။ သူ့အကြည့်များတွင် သူ့ယောကျ်ားကိုတင့်ဇော်အတွက် ဝမ်းသာမှု၊ ဂုဏ်ယူမှု၊ အထင်ကြီးမှု၊ အံ့ဩမှုများ တစ်ပြိုင်နက်တွေ့နေရသည်။ ဇနီးသည် မခင်မိုးက-

"ဟုတ်ပါ့- ယောကျ်ားရယ်၊ ရှင်တော့ မသိဘူး။ ကျွန်မရင်ထဲတောင် အတော်လှုပ်ခတ်သွားတယ်၊ ဒီလိုမျိုး လက်လွှတ်စပါယ်ကြီး သူ့အိတ်ထဲကငွေကို လိုသလောက် သုံးခွင့်ပြုတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ လေးစားမှုမျိုး ကျွန်မတောင် မတွေ့ဖူးဘူး… ရှင့်ဝန်ထမ်းဘဝတစ်လျှောက်လုံး လာဘ်ပေး လာဘ်ယူ မလုပ်ဘဲ ထိန်းသိမ်းနိုင်ခဲ့တာတွေ၊ ပဏ္ဏာလေးဘာလေး လက်ဆောင်ပေးတာ တောင် ငြင်းခဲ့တာတွေ၊ နိုင်ငံတော်အပေါ် သစ္စာရှိရှိနဲ့ စေတနာထား အားကြိုးမာန်တက် ဆောင်ရွက်ခဲ့တာတွေအတွက် ဒီစာလေးက ရှင့်ဝန်ထမ်းဘဝအတွက် ဆုလာဘ်ပေါ့ရှင်"

"အေး- ဟုတ်ပါရဲ့ကွာ"

ကိုတင့်ဇော် ဝန်ထမ်းဘဝ တစ်လျှောက်လုံး ရယူလိုသော ဆုလာဘ်ကား အမှန်တကယ် ရရှိခဲ့ပြီ။ ယင်းသို့ ရရှိခြင်းကို လည်း သူ့ဇနီး မခင်မိုးက ရင်၌ နင့်နင့်နဲနဲ ခံစားသိရှိခွင့်ပေးခဲ့ပြီ။ ကိုတင့်ဇော်အတွက် သည်ထက် ပျော်စရာကား မရှိတော့ပြီ။ သည်စာကလေးကပင် ကိုတင့်ဇော်တို့ ဇနီးမောင်နှံဝန်ထမ်းဘဝဖြင့် လျှောက်လှမ်းရင်း ပင်ပန်းခဲ့ရသော၊ ရုန်းကန်ခဲ့ရသော ဘဝအမောအပန်းများကို ဆေးကြောပစ်ခဲ့ပြီ။ ဘဝအမောများ ပြေခဲ့ပြီ။ ယင်းခံစားမှုသည်ပင် ကိုတင့်ဇော်ဘဝအတွက် အလိုချင်ဆုံး ဆုလာဘ်တစ်ခုသာ။

**အာကာကိုကို**

## Labour Digest
# JOKES

" ဟေး . . . . ဖွန်း၊ မင်းအလုပ်ထဲမှာ မင်းက ဘာအဆင့်လဲ "
" အထက်ကပေါ့ကွာ၊ ငါ့အောက်မှာ လူ ၂၅ ယောက်ရှိတယ် "
" တကယ်လား ဟေ့ကောင်ရ "
" တကယ်ပေါ့ကွာ၊ ငါ့ရုံးခန်းက အပေါ်ထပ်မှာလေ "

JOKES, JOKES
AND JOKES
သင်းမြတ်ကို





သင့်လုပ်ငန်း ဖန်တီးမှု နှင့် ထုတ်ကုန်များ

**ဈေးကွက်ချဲ့ထွင်အောင်မြင်စေရန်**

နိုင်ငံတဝန်း မြို့ပေါင်း ၁၀၀ ကျော်သို့ ဖြန့်ဖြူးထုတ်ဝေသော

# Labour Digest Magazine တွင်

# ကြော်ငြာပါ

ကြော်ငြာနှုန်းထားများ

| | | |
|---|---|---|
| (က) | နောက်မျက်နှာဖုံး (အပြင်) | ၁၅၀၀၀၀ |
| (ခ) | ရှေ့မျက်နှာဖုံး (အတွင်း) | ၁၃၀၀၀၀ |
| (ဂ) | နောက်မျက်နှာဖုံး (အတွင်း) | ၁၂၀၀၀၀ |
| (ဃ) | အတွင်းစာမျက်နှာ (Art Paper) | ၈၀၀၀၀ |